The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 29 တနင်္လာနေ့တိုင်းထုတ်ဝေသည် August 8 , 2016

အင်းတော်မြို့နယ်တွင် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိသည့် ဆင်း-၃ စပါး မျိုးကောင်းမျိုးသန့်ကို ပြောင်းလဲစိုက်ပျိုးလာ

|pmr;uES- 4|

အစိုးရသစ် လက်ထက်တွင်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း ၁၃ ခုခွင့်ပြုပေးခဲ့

|pmr;uES- 22|

အင်္ဂလန်နိုင်ငံမှ ကမ္ဘာ့အကောင်းဆုံး Twinings လက်ဖက်ခြောက်ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်

|pmr;uES- 30|

# အရှေ့မြောက်တံခါးပေါက်တွင် ကျောက်စိမ်းကျောက်မျက်ကုန်ချောနှင့် ဒေသထွက်ကုန်ချော ဈေးကွက်ပေါ်ထွန်းလာရေး



ယနေ့ ကမ္ဘာတွင် နိုင်ငံတိုင်း နိုင်ငံတိုင်း၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင် ကြိုးပမ်းလုပ် ဆောင်ရာတွင် ကုန်သွယ်မှုကဏ္ဍသည် အထူးအရေးပါသော ကဏ္ဍဖြစ်ပြီး မြန်မာနိုင်ငံသည်လည်း ယနေ့အချိန်တွင် နိုင်ငံတိုင်းနှင့် ကုန်သွယ်ခွင့်ရရှိလာပြီ ဖြစ်သည့်အတွက် အာရှတွင် ကုန်သွယ်မှု ပြုလုပ်ရန် အလားအလာကောင်းသော နိုင်ငံများထဲတွင် ပါဝင်လာပြီ ဖြစ်ပါသည်။ သို့ဖြစ်ရာ မိမိနိုင်ငံမှ ထွက်ရှိသည့် သဘာဝသယံဇာတများကိုလည်း ကုန်ကြမ်းအတိုင်း ပို့ကုန်တင်ပို့ခြင်းအပြင် အရည်အသွေးကောင်း ပို့ကုန်

|pmr;uES- 18|



## မြန်မာနိုင်ငံတွင် Rolls-Royce ကားဆားဗစ်စင်တာ ဖွင့်လှစ်မည်

Rolls-Royce Motors သည် မြန်မာနိုင်ငံတွင် ကားအရောင်းစင်တာ ဖွင့်လှစ်ထားသည့် Prestige Automobiles Co., Ltd. အား မြန်မာနိုင်ငံ၏ တရားဝင် Rolls-Royce ဝန်ဆောင်မှုကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် Roll-Royce ကားများကို

|pmr;uES- 30|

စားသုံးရန် မသင့်သည့် တရားမဝင် တင်သွင်းမှုများအား တားဆီးနိုင်သည့်အခြေအနေ

|pmr;uES- 6|



ဂျပန်ကားအပိုပစ္စည်းအမျိုးမျိုး၊ အရည်အသွေးအာမခံစနစ်ဖြင့် ရောင်းချသည်။

# NTR® Auto Parts

## NTR Myanmar Co.,Ltd

https://www.facebook.com/NTRautoparts

No(250,251), Supound Yone Street, 37th Ward, North Dagon Township, Yangon
+951 581 842, +959 31679 888, +959 73033028
















- Air Filter
- Oil Filter
- Fuel Filter
- Cabin Filter
- Brake Shoe
- Bushing
- Shock Absorber
- Link Stabilizer
- Tie Rod
- Ball Joint
- Rack End
- Arm
- Rubber Pad








## NTR Myanmar Co.,Ltd

မှ ထိုင်ဝမ် အခြေစိုက်စက်ရုံတွင်
ဂျာမနီ နည်းပညာဖြင့် ဂျာမနီအရည်အသွေးစစ်ဆေး
ကြီးကြပ် လမ်းညွှန်မှုအတိုင်း ထုတ်လုပ်ထားသော
ဂျပန်ကား အပိုပစ္စည်းအမျိုးမျိုးကို
မြန်မာနိုင်ငံ တစ်ဝှမ်းလုံးသို့
ဈေးနှုန်း သင့်တင့် မျှတစွာဖြင့်
ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သည် ၂၀၁၆ ခုနှစ် ဩဂုတ်၃ ရက်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း) တို့ ပူးပေါင်း၍ ပြည်တွင်း ဆန်စားသုံးမှုစစ်တမ်း ကောက်ယူပြီးစီးခဲ့မှု အခြေအနေနှင့် ထုတ်လုပ်နိုင်မှု စစ်တမ်းများ ဆက်လက်ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့နှင့် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေး၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် မျိုးစေ့များ ပြည်ပသို့တင်ပို့နိုင်ရေးနှင့် စိုက်ပျိုးသူ တောင်သူလယ်သမားများ၏ အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေး အပါအဝင် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC (IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်နိုင်ငံ၊ Marubeni Corporation မှ ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သည် ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၃ ရက်က ဂျပန်နိုင်ငံ Marubeni Corporation ၏ Power Projects and Plant Group မှ Managing Executive Officer နှင့် Chief Executive Officer ဖြစ်သူ Mr. Masumi Kakinoki ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေမှုများ၊ ပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားလိုသည့် နယ်ပယ်များကို ဆွေးနွေးခဲ့ရာ Mr. Masumi Kakinoki က ၎င်းတို့အနေဖြင့် စီးပွားရေးလုပ်ငန်းများကို ကဏ္ဍစုံတွင် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံမှ လိုအပ်နေသည့် နယ်ပယ်များတွင် ၎င်းတို့အနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း၊ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိသည့် ကဏ္ဍတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်းတွင်လည်း ပါဝင်ဆောင်ရွက်သွားလိုပါကြောင်းနှင့် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပံ့ပိုးပေးပါရန် တို့ကို ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Hong Liang နှင့် အဖွဲ့အား ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် မြန်မာ - တရုတ်နယ်စပ်ဒေသဖြစ်သောမူဆယ်-ရွှေလီဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား Joint Committee ဖွဲ့စည်းပြီး နီးကပ်စွာ ညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေး၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လမ်း၊ တံတားနှင့် ဆက်သွယ်ရေးကဏ္ဍများအတွက် ငွေကြေး၊ နည်းပညာ အတွေ့အကြုံများ ရယူဆောင်ရွက်နိုင်ရေးတို့အား အပြန်အလှန်ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC (IR)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မှူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 16, No.29 Monday August 8 2016

# ဇူလိုင်လအတွင်း ဆန်ရော ဆန်ကွဲပါတင်ပို့မှုလျော့

ဇူလိုင်နောက်ဆုံးပတ်မှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇၁ သန်းတန်ဖိုးရှိဆန် ၁၃၃၃၁ တန်ကို တင်ပို့ ခဲ့ရာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၃၅၅၈ တန်၊ ဧည့်မထ ဆန် တန် ၁၀၀၀၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် တန် ၁၅၃၀ နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၇၂၄၃ တန် တင်ပို့ခဲ့ပါတယ်။

ဇူလိုင်တစ်လလုံးမှာတော့ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅၂၁ သန်း တန်ဖိုးရှိ ဆန် ၅၁၉၆၄ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇွန်လတင်ပို့မှုထက် ၆၅၄၈ တန် လျော့နည်းခဲ့ပါတယ်။ ဇူလိုင်လအတွင်း ဆန် ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၂ သန်း၊ တန်ချိန် ၃၉၄၅ တန်ရှိပြီး ဇွန်လတင်ပို့မှုထက် ၇၅၁၈ တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၅၀ သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၁၆၃၃ တန်ကို ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အတွင်းမှာ ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၁၀၀၅၀ တန်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၇၅ တန်နဲ့ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၁၂၀၈ တန်၊ ငစိန်ဆန် တန် ၂၀၀ နဲ့ ပေါင်းဆန်တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ဇူလိုင်လ တစ်လလုံးမှာတော့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၂၄ သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၆၉၀၃ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဇွန်လထက် ၁၀၉၂၄ တန် လျော့နည်းခဲ့ပါတယ်။

ဇူလိုင်နောက်ဆုံးပတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၉ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၆၄၇၁ တန် တင်ပို့ခဲ့ပါတယ်။ ဇူလိုင် တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၈၇ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၃၈၇၁ တန် တင်ပို့ခဲ့ပြီး ဇွန်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၂၂၅ တန် လျော့နည်းခဲ့ပါတယ်။

**ယဉ်ယဉ်အေး**



## အင်းတော်မြို့နယ်တွင် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိသည့် ဆင်း-၃ စပါး မျိုးကောင်းမျိုးသန့်ကို ပြောင်းလဲစိုက်ပျိုးလာ

ကသာခရိုင်အင်းတော်မြို့နယ်မှ တောင်သူများအနေဖြင့် ၎င်းတို့အကျိုးအမြတ်ရရှိတဲ့ ဆင်း-၃ စပါး မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးနေပြီဖြစ်ပါတယ်။

အင်းတော်မြို့နယ်မှာရှိတဲ့ မိုးစပါးစိုက် ဧကများအနက် ၅၀ ရာခိုင်နှုန်းကျော်က ဆင်း-၃ စပါးများကို စိုက်ပျိုးကြပါတယ်။ ဆင်း-၃ ဆန်ကို ဗန်းမော်မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချနေတဲ့အတွက် ဈေးကွက်ခိုင်မာမှုရှိတာကြောင့် တောင်သူတွေအများအပြား စိုက်ပျိုးနေကြတာဖြစ်ပါတယ်။

တိုးတက်ပြောင်းလဲလာတဲ့ ဈေးကွက် လိုအပ်ချက်အရ ဆင်း -၃ မျိုးသန့် စပါးကို စက်ပိုင်ကုန်သည်များက ဈေးကောင်းပေးဝယ်ကြတဲ့အတွက် တောင်သူများအနေနဲ့ အကျိုးအမြတ်ပိုမိုရရှိကြတယ်လို့ဆိုပါတယ်။

အင်းတော်မြို့နယ်မှာ ၂၀၁၆ -၂၀၁၇ မိုးစပါးလျာထားဧက ၅၄၉၆၈ ရှိပြီး ဩဂုတ်လ ပထမပတ်အထိ ၂၁၉၂၇ ဧကစိုက်ပျိုးပြီးဖြစ်ရာ စုစုပေါင်း လျာထားစိုက်ဧကရဲ့ ၄၀ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ ယခင်နှစ် ကာလတူက ၁၅၀၇၆ ဧကစိုက်ပျိုးခဲ့ရာ လျာထားစိုက်ဧကရဲ့ ၂၇ ရာခိုင်နှုန်းသာ စိုက်ပျိုးနိုင်ခဲ့တာကြောင့် ဒီနှစ်မှာတော့ ၁၃ ရာခိုင်နှုန်း ပိုမို စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။

မျိုးစပါး ဖြန့်ဝေပေးနိုင်မှုအနေနဲ့ ယခု နှစ်မှာ တောင်သူ နှစ်ရာကျော်ကို မျိုးစပါး ၅၃၇ တင်း ဖြန့်ဝေပေးနိုင်ခဲ့တာကြောင့် ယခင်နှစ်နဲ့ နှိုင်းယှဉ်ရင် ဒီနှစ်မှာ ပိုမိုဖြန့်ဝေပေး နိုင်ခဲ့ ပါတယ်။ ယခင်နှစ် မိုးစပါးစိုက်ရာသီက တောင်သူ တစ်ရာကျော်ကို မျိုးစပါးတင်း ၂၅၀ သာ ဖြန့် ဝေပေးနိုင်ခဲ့ပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# ပုသိမ်မြို့ဆန်စပါးဈေးကွက်တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဆန်စပါးဈေးကွက်တွင် စပါး၊ ဆန်ဈေးနှုန်းမှာ ယခင်ဇူလိုင်ဈေးနှုန်းအတိုင်း ယခုလက်ရှိ ဩဂုတ်လဆန်းပိုင်းတွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးကွက်မှာ ပုံမှန်သာ ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

ယခင်လ ဧရာဝတီပေါ်ဆန်း ၁၀၅ ပေါင် တင်း ၁၀၀ လျှင် ကျပ် ၁၀ သိန်းခွဲ၊ ပေါ်ဆန်းရင်စပါး ၁၀၅ ပေါင် တင်း ၁၀၀ လျှင် ကျပ် ကိုးသိန်းခွဲ ၊ ဆန်ဈေးမှာ ဧရာဝတီပေါ်ဆန်း ဆန်တစ်အိတ်လျှင်ကျပ် ၃၅၀၀၀၊ ပေါ်ဆန်းရင်ဆန် တစ်အိတ်လျှင်ကျပ် ၃၄၀၀၀ နဲ့ ဧည့်မထအုပ်စုဝင် ရွှေသွယ်စပါး ဈေးမှာ ပေါင် ၁၀၀ တင်း ၁၀၀ လျှင် ကျပ် ရှစ်သိန်းခွဲ၊ ဆန်ဈေးမှာ တစ်အိတ်လျှင်ကျပ် ၃၂၀၀၀၊ မနောသုခ၊ မျိုးပွားစပါးပေါင် ၁၀၀၊ တင်း ၁၀၀လျှင် ခြောက်သိန်းခွဲဈေး၊ ဆန်တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၊ ၂၅၀၀၀ ဈေးနဲ့ နှွေသီးထပ်ရင်စပါးဈေး ပေါင် ၁၀၀ တင်း ၁၀၀ လျှင် ငါးသိန်းခွဲဈေး၊ ဆန်တစ်အိတ်လျှင် ကျပ် ၂၁၀၀၀၊ ၂၁၅၀၀ ဈေးဖြင့် ဇူလိုင်ဈေးနှုန်းနဲ့ ဩဂုတ်လဆန်းဈေးနှုန်းမှာ ယခုအချိန်အထိ ထူးထူးခြားခြား အတက်အကျ ပြောင်းလဲမှုမရှိဘဲ ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

ယခင်နှစ် မိုးစပါးလက်ကျန် စပါးဟောင်းနဲ့ နွေသီးထပ်ရင်စပါးများ တစ်လထက် တစ်လလျော့နည်းလျက်ရှိပြီး ယခင်နှစ် မိုးစပါး၊ နွေစပါး စိုက်ပျိုးသော တောင်သူမှာ ယခင်နှစ်ထက် စပါးဈေးနှုန်းမြင့်တက်မှုကြောင့် တောင်သူများ တွက်ခြေကိုက်တဲ့ ဈေးနှုန်းရရှိတဲ့အတွက် ဈေးကွက်မှာ ဝယ်၊ ရောင်းသဘောမျိုး ဖြစ်နေပြီး ယခုအချိန် လှောင်စပါး လက်ကျန်များလည်း လျော့နည်းလျက် မိမိဝယ်လက်များကို ပုံမှန်ရောင်းချသည့် စက်ပိုင်ကုန်သည်အချို့ထံတွင် မိုးစပါးနဲ့ နွေသီးထပ်ရင် လက်ကျန်များသာရှိတော့ကြောင်း၊ စပါးဟောင်းများမှာ မိုးစပါးလှိုင်လှိုင်ပေါ်ချိန် နိုဝင်ဘာ၊ ဒီဇင်ဘာလများသာမက ဇန်နဝါရီလအထိ ဈေးကွက်မှာ အမြင့်ဈေးနှုန်း ရရှိတတ်ကြောင်း ဆန်ကုန်သည်အသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၄-၈-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၄၃ | ၄၄၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၀ | ၄၁၆ | ▽ | ၃၇၄ | ၃၇၄ | □ | ၃၉၅ | ၃၉၅ | □ | ၄၁၅ | ၄၁၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၁၀ | ၄၀၉ | ▽ | ၃၆၇ | ၃၆၇ | □ | - | - | - | ၄၀၀ | ၄၀၅ | △ |
| ဆန်ဖြူ ၂၅% | ၃၉၇ | ၃၉၆ | ▽ | ၃၃၇ | ၃၃၇ | □ | ၃၆၀ | ၃၆၀ | □ | ၃၈၀ | ၃၇၀ | ▽ |
| ပေါင်းဆန် | ၄၆၂ | ၄၅၀ | ▽ | - | - | - | ၃၉၅ | ၃၉၅ | □ | ၄၂၅ | ၄၂၅ | □ |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၅-၈-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၇၄၀ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၆၄၄၀ | □ | ၂၄၀၀၀ | □ | ၈၀၆၁ | △ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၆၀၀ | △ | ၂၁၀၀၀ | □ | ၇၂၀၀ | △ | ၃၁၅၀၀ | △ |
| ရွှေဘို | ၅၃၀၀ | △ | ၂၀၀၀၀ | □ | ၁၁၆၀၀ | ▽ | ၃၇၅၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | ▽ | ၂၁၅၀၀ | □ | - | - | ၃၂၅၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၉၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၅၀၀ | ▽ | ၂၈၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | ▽ | ၂၃၀၀၀ | □ | - | - | ၃၃၀၀၀ | △ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁-၈-၂၀၁၆ မှ ၅-၈-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 381 | 22,121,776.310 |
| 2 | Form D | 30 | 2,201,486.680 |
| 3 | Form E | 90 | 1,723,350.120 |
| 4 | Korea GSP | 5 | 124,456.600 |
| 5 | Form AK | 63 | 3,006,361.510 |
| 6 | Form AJ | 14 | 485,613.500 |
| 7 | Form AI | 84 | 3,264,504.140 |
| 8 | Form AANZ | 2 | 30,686.800 |
| 9 | Form DFTP | - | - |
| **Grand Total** | | **669** | **32,958,235.660** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၅-၈-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၉/၇ | ၅/၈ | ပြောင်းလဲမှု | ၂၉/၇ | ၅/၈ | ပြောင်းလဲမှု | ၂၉/၇ | ၅/၈ | ပြောင်းလဲမှု | ၂၉/၇ | ၅/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၇၂၇ | ၂၇၄၇ | ▲ | ၂၆၃၃ | ၂၅၈၃ | ▼ | ၂၄၅၀ | ၂၅၅၀ | ▲ | ၂၅၉၀ | ၂၅၅၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၂၂၉ | ၂၁၃၉ | ▼ | - | - | - | - | - | - | ၂၁၇၅ | ၂၀၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၁၅ | ၁၅၁၅ | ▲ | ၁၄၈၅ | ၁၂၄၄ | ▼ | ၁၄၄၇ | ၁၃၄၂ | ▼ | ၁၂၆၅ | ၁၂၁၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၄၀၀ | ▼ | - | - | - | - | - | - | ၂၁၀၅ | ၂၀၆၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၈၀ | ၁၁၀၀ | ▲ | ၁၀၈၃ | ၁၀၈၃ | ■ | ၇၀၀ | ၇၀၀ | ■ | ၁၃၉၅ | ၁၃၉၅ | ■ |
| ၆ | ထောပတ်ပဲ | ၆၆၀ | ၆၆၀ | ■ | - | - | - | ၆၁၆ | ၆၀၅ | ▼ | ၆၀၅ | ၆၀၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၅-၈-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၈/၇ | ၄/၈ | ပြောင်းလဲမှု | ၂၈/၇ | ၄/၈ | ပြောင်းလဲမှု | ၂၈/၇ | ၄/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၂၀ | ၁၄၀၀ | ▼ | ၁၃၇၂ | ၁၃၅၉ | ▼ | ၁၃၄၂ | ၁၂၇၀ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၃၀ | ၁၁၁၀ | ▼ | ၁၁၇၈ | ၁၁၂၀ | ▼ | ၁၂၂၄ | ၁၁၆၅ | ▼ |
| ၃ | ပဲတီစိမ်း | ၇၇၀ | ၇၇၀ | ■ | ၇၃၁ | ၇၄၇ | ▲ | ၈၂၀ | ၈၂၂ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၂၃၀ | ၁၂၃၀ | ■ | ၁၂၀၅ | ၁၂၂၅ | ▲ | ၁၁၉၃ | ၁၁၉၅ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၃.၇.၁၆)ထိ | ယခုတစ်ပတ် (၃၀.၇.၁၆)ထိ | (၁.၁.၁၆) မှ (၃၀.၇.၁၆) ထိ |
| မတ်ပဲ | ၂၈၅၈ | ၄၄၈၀ | ၃၇၀၇၂၀ |
| ပဲတီစိမ်း | ၁၉၆၉ | ၂၆၆၉ | ၁၃၇၅၃၆ |
| ပဲစင်းငုံ | ၃၆၅၉ | ၄၇၄၇ | ၁၇၂၇၃၂ |
| ကုလားပဲ | ၃၂၄၈ | ၂၁၃၅ | ၂၄၂၁၅ |
| ပဲလွန်းဖြူ | ၆၀၈ | ၅၁၃ | ၁၄၅၉၇ |
| မြေထောက်ပဲ | ၂၇၂ | ၅၅၂ | ၈၈၃၆ |

## ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသစ်များ စတင်ဝင်ရောက်လာ

ဩဂုတ်လ ပထမပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်း သစ်များ စတင်ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ကံမမြို့နယ်များမှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး အိတ် ၃၀၀ ကျော်အထိ ဝင်ရောက်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၂၅၅၀၀ ဖြင့်သာ ဈေးစဖွင့်ခဲ့ပြီး မန္တလေးဝယ်လက်ကတော့ နေ့စဉ်ဝယ်ယူနေတယ်လို့ သိရပါတယ်။

ယခုနှစ် ပဲတီစိမ်းဈေးများမှာ တစ်တင်း ကျပ် ၂၅၅၀၀ သာရရှိခဲ့လို့ ယခင်နှစ်က ဈေးကို မမီခဲ့ဘဲ ဈေးအေးခဲ့တာတွေ့ရပြီး ယခင်နှစ်က ပဲတီစိမ်းအဖွင့်ဈေးမှာ တစ်တင်း ကျပ် ၃၅၀၀၀ကျော် ရရှိနေခဲ့လို့ ဈေးကောင်းခဲ့တဲ့နှစ်ဖြစ်ပါတယ်။ ပြည်ပဲဈေးကွက်မှာ ပဲတီစိမ်းသီးနှံကို မန္တလေးဝယ်လက်က အဓိကထားဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

ခင်ဆွေဝင်း



# ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများရဲ့နှစ်အလိုက် ကာလတူအချိန်ဈေးနှုန်းကို နှိုင်းယှဉ်ရာမှာ ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ တစ်နှစ်ထက်တစ်နှစ်ဈေးပိုကောင်းခဲ့ပြီး ပြည်တွင်းဝယ်လက်ပဲများအနက် ကုလားပဲသီးနှံတစ်မျိုးသာ တစ်နှစ်ပြီးတစ်နှစ်ဈေးကောင်းရလာပေမယ့် ကျန်ပဲများကတော့ ဈေးအတက်အကျသိပ်မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို အောက်ဖော်ပြပါဇယားအတိုင်းတွေ့ရှိရပါတယ်-

ရေတွက်ပုံ-တင်းဈေး(ကျပ်)

| ပဲအမျိုးအစား | ၂၀၁၄ ဇူလိုင်လ | | ၂၀၁၅ ဇူလိုင်လ | | ၂၀၁၆ ဇူလိုင်လ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၂၆၀၀၀ | ၂၈၉၀၀ | ၃၉၇၀၀ | ၄၂၇၀၀ | ၅၂၅၀၀ | ၅၆၀၀၀ |
| ပဲစင်းငုံ | ၂၀၄၀၀ | ၂၁၆၀၀ | ၃၇၅၀၀ | ၄၃၀၀၀ | ၄၄၀၀၀ | ၄၉၃၀၀ |
| ကုလားပဲ | ၁၄၅၀၀ | ၁၄၈၀၀ | ၂၄၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၄၃၀၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၄၉၀၀ | ၂၆၀၀၀ | ၂၆၅၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၈၅၀၀ |
| ပဲကြီး(ကမ်းနား) | ၂၂၂၀၀ | ၂၂၅၀၀ | ၂၄၅၀၀ | ၂၆၅၀၀ | ၂၅၀၀၀ | ၂၅၅၀၀ |
| ပဲပုပ် | ၁၉၀၀၀ | ၂၀၀၀၀ | ၁၆၃၀၀ | ၁၆၅၀၀ | ၂၁၀၀၀ | ၂၂၅၀၀ |
| ဘိုကိတ် | ၁၂၄၀၀ | ၁၃၀၀၀ | ၁၆၅၀၀ | ၁၈၀၀၀ | ၂၁၀၀၀ | ၂၃၀၀၀ |

မတ်ပဲသီးနှံမှာ တစ်နှစ်တာလုံး အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုလိုရာသီများတွင်သာ လက်ကျန်ပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းအခြေအနေအရ ၂၀၁၄ ဇူလိုင်လအတွင်း တစ်တင်းကျပ် ၂၆၀၀၀ ဖြင့် လဆန်းရက်မှာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး လလယ်မှစ၍ ပဲဈေးတဖြည်းဖြည်းမြင့်လာခဲ့တာကြောင့် တစ်တင်းကျပ် ၂၈၉၀၀ ခန့်အထိရရှိလာခဲ့ပါတယ်။ ၂၀၁၅ ဇူလိုင်လလယ်မှာ တစ်တင်းကျပ် ၄၂၇၀၀ ရရှိပြီး လဆန်းရက်နှင့်လကုန်ရက်မှာ ပဲဈေးအေးခဲ့လို့ တစ်တင်းကျပ် ၃၉၇၀၀ ဖြင့်သာ ရန်ကုန်ဝယ်လက်က ဝယ်ယူခဲ့ကြပါတယ်။ ၂၀၁၅ ပဲဈေးနှုန်းဟာ ၂၀၁၄ ထက် တစ်တင်းကျပ်တစ်သောင်းကျော်မြင့်တက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ပဲဈေးနှုန်းကတော့ ၂၀၁၄ ထက်တစ်တင်းကျပ်နှစ်သောင်းကျော်၊ သုံးသောင်းနီးပါး ဈေးမြင့်တက်ခဲ့လို့ ပဲစိုက်ပျိုးထုတ်လုပ်သူများနှင့်လျှောင်လက်သမားများ အကျိုးအမြတ်ပိုရခဲ့တဲ့နှစ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပဲဈေးနှုန်းဟာပဲသစ်ပေါ်စအချိန်မှစ၍ တစ်တင်းကျပ်ငါးသောင်းကျော်ဈေးဖွင့်ခဲ့ပြီး ပဲအထွက်လှိုင်လာချိန်မှာ ပဲဈေးအနည်းငယ်ပြန်လျော့သွားပေမယ့် သင်္ကြန်ပြီးချိန်မှစ၍ ပဲဈေးပြန်မြင့်လာခဲ့တဲ့အတွက် အဖွင့်ဈေးကို ပြန်မီလာခဲ့ပါတယ်။ ဇွန်လအတွင်း တစ်တင်းကျပ် ခြောက်သောင်းနီးပါး ရရှိလာပြီး ဇူလိုင်လကုန်မှာတော့ ဈေးပြန်အေးနေခဲ့တာကြောင့် အရောင်းအဝယ်လည်းအေးခဲ့ကြတာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာ ယခုလိုအချိန်ကာလများမှာတော့ လက်ကျန်ပဲလောက်သာရှိပြီး ပဲအဝင်လုံးဝမရှိတော့တဲ့အတွက် ဝယ်လိုအားရှိသော်လည်း ရက်ခြားသာအရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲသီးနှံဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံသီးနှံသည်လည်း ပြည်ပဝယ်လိုအားရှိတဲ့ သီးနှံဖြစ်တဲ့အတွက် မတ်ပဲကဲ့သို့ပင် တစ်နှစ်ထက်တစ်နှစ်ဈေးပိုရလာခဲ့တာကြောင့် ၂၀၁၄ ဇူလိုင်မှာ တစ်တင်း ကျပ် ၂၀၄၀၀ ကျပ်မှ ကျပ် ၂၁၆၀၀ ကျပ်၊ ၂၀၁၅ခုနှစ်မှာ တစ်တင်းကျပ် ၃၇၅၀၀ မှ ကျပ် ၄၃၀၀၀၊ ၂၀၁၆ ခုနှစ်မှာ တစ်တင်းကျပ် ၄၄၀၀၀မှ ကျပ် ၄၉၃၀၀အထိ ဈေးကောင်းရလာပေမယ့် မတ်ပဲသီးနှံကဲ့သို့ ဇူလိုင်လအတွင်း နေ့စဉ်အရောင်းအဝယ်မဖြစ်ခဲ့ဘဲ လက်ကျန်လောက်သာရှိလို့ အရောင်းအဝယ်ပါးခဲ့လို့ ရက်ခြားတစ်ခါဖြစ်လျှင် အိတ် ၂၀၀ ကျော် ၃၀၀ သာအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ကုလားပဲသီးနှံကတော့ ၂၀၁၄ ခုနှစ်မှာ ဈေးကွက်အတွင်း ဈေးအနိမ့်နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ ပြည်ပဝယ်လိုအားရှိတဲ့ ပဲစင်းငုံသီးနှံနည်းတူ ဈေးကောင်းလာခဲ့တာကို တွေ့ရပါတယ်။ ကုလားပဲသီးနှံ၏ဈေးနှုန်းနှိုင်းယှဉ်မှုအရ ၂၀၁၄ ခုနှစ်မှာ ကျပ်နှစ်သောင်းအောက်လျော့နည်းကျဆင်းပြီး ၂၀၁၅ ခုနှစ်မှာ ဈေးမြင့်လာလို့ တစ်တင်းကျပ် ၂၄၅၀၀ မှ ကျပ် ၂၈၀၀၀ အထိ ၂၀၁၄ ခုနှစ်ဈေးနှုန်းထက်တစ်တင်းကျပ်တစ်သောင်းကျော် ဈေးပိုရလာသလို ၂၀၁၆ ခုနှစ်မှာ တစ်တင်းကျပ်လေးသောင်းနှင့် အထက်ရရှိလာတဲ့အတွက် ပြည်ပဝယ်လက်ပဲဈေးများကို မှီလုနီးပါးဖြစ်ခဲ့ပါတယ်။ ကုလားပဲသီးနှံက ဒေသတွင်း ပဲခွဲစက်သမားများကသာ အဓိကထားဝယ်ယူလို့ နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ အခြားပဲများကဲ့သို့မဟုတ်ဘဲ နှစ်စဉ်နှစ်တိုင်း ကာလတူဈေးနှုန်းများအရ တစ်တင်းကျပ်သုံးသောင်းအောက်သာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ (ရွှေကျွန်း) တစ်တင်းကျပ် ၂၄၉၀၀ မှ ကျပ် ၂၆၀၀၀ (ကမ်းနား) တစ်တင်းကျပ် ၂၂၂၀၀ မှ ကျပ် ၂၂၅၀၀၊ ၂၀၁၅ ခုနှစ်မှာတော့ ဈေးအနည်းငယ်မြင့်လာသော်လည်း ပဲကြီး (ရွှေကျွန်း) တစ်တင်းကျပ် ၂၆၅၀၀ မှ ကျပ် ၂၈၀၀၀ ၊ (ကမ်းနား) တစ်တင်းကျပ် ၂၄၅၀၀ မှ ၂၆၅၀၀ ရရှိခဲ့ပြီး၊ ၂၀၁၆ ခုနှစ်မှာ ၂၀၁၅ နှင့်သိပ်ကွာခြားမှုမရှိဘဲ ပဲကြီး(ရွှေကျွန်း) တစ်တင်းကျပ် ၂၈၀၀၀ မှ ကျပ် ၂၈၅၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၂၅၀၀၀ မှ ကျပ် ၂၅၅၀၀ သာ အရောင်းအဝယ်ပုံမှန်ဖြစ်ပေမယ့် ဈေးအေးခဲ့တဲ့ပဲဖြစ်ကြောင်း သိရှိရပါတယ်။

ပဲပုပ်သီးနှံမှာ နှစ်စဉ်နှစ်တိုင်း ဈေးအေးနေတဲ့သီးနှံဖြစ်လို့ ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ တစ်တင်းကျပ် ၁၉၀၀၀ မှ ကျပ်၂၀၀၀၀၊ ၂၀၁၅ ခုနှစ်မှာ ၂၀၁၄ ထက်ဈေးလျော့နည်းသွားလို့ တစ်တင်းကျပ် ၁၆၃၀၀ မှ ကျပ် ၁၆၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သလို ၂၀၁၅ ခုနှစ်မှာတော့ ဈေးအနည်းငယ်ပြန်လည်မြင့်တက်လာပေမယ့် ၂၀၁၄ ခုနှစ်ဈေးနဲ့ သိပ်ကွာခြားမှုမရှိဘဲ တစ်တင်းကျပ် ၂၁၀၀၀ မှ အမြင့်ဆုံးကျပ် ၂၂၅၀၀ ခန့်သာရရှိခဲ့ပြီး ယခုလိုကာလမျိုးတွင် လက်ကျန်ပဲလောက်သာ လက်လီဝယ်လက်အချို့အရောင်းအဝယ်ရှိခဲ့တဲ့ပဲဖြစ်ပါတယ်။

ဘိုကိတ်ပဲသီးနှံမှာ တစ်နှစ်ထက်တစ်နှစ် ဈေးပိုရလာခဲ့သော်လည်း ကျပ်နှစ်သောင်းတစ်ပတ်လည်သာ အမြင့်ဆုံးရရှိခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၄ ဇူလိုင်လမှာ တစ်တင်းကျပ် ၁၂၄၀၀ မှ ကျပ် ၁၃၀၀၀၊ ၂၀၁၅ ဇူလိုင်လမှာ ဈေးပိုလာလို့ တစ်တင်းကျပ် ၁၆၅၀၀ မှ ကျပ် ၁၈၀၀၀ရရှိနေသလို ၂၀၁၆ ခုနှစ်မှာတော့ ကျပ်နှစ်သောင်းကျော်ရလာပြီး တစ်တင်းကျပ် ၂၁၀၀၀ မှ ကျပ် ၂၃၀၀၀ အထိ ဈေးပိုရရှိခဲ့ကာ ပဲထွက်ပေါ်ချိန်ကာလများတွင်သာ အရောင်းအဝယ်သွက်ခဲ့ပေမယ့် ကျန်ကာလများမှာ လက်လီအဝယ်လောက်သာရှိခဲ့လို့ အရောင်းအဝယ်အေးတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ခင်ဆွေဝင်း

## ပြည်မတ်ပဲဈေးအေးသလို အရောင်းအဝယ်လည်း အေးခဲ့

ပြည်ပဲဈေးကွက်အတွင်း ပြည်ပဝယ်လိုအားရှိသော မတ်ပဲနှင့်ပဲစင်းငုံ သီးနှံအနက် မတ်ပဲသီးနှံက ဩဂုတ်လဆန်းအတွင်း ဈေးထပ်မံလျော့နည်းကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ဇွန်လကုန်မှာ တစ်တင်း ကျပ်ငါးသောင်းကျော် ရရှိခဲ့သော်လည်း ဩဂုတ်လဆန်းရက်မှာတော့ ကျပ် ငါးသောင်းအောက်လျော့နည်းကျဆင်း ခဲ့လို့ တစ်တင်းကျပ် ၄၈၅၀၀ သာရရှိခဲ့တဲ့အတွက် ရန်ကုန်ဝယ်လက်ဝယ်လိုအား ရှိသော်လည်း ထုတ်ရောင်းချသူနည်းခဲ့လို့ အရောင်းအဝယ် အနည်းငယ်အေးခဲ့တယ် လို့ သိရပါတယ်။ ပဲဝင်ရောက်မှုလည်း သိပ်မရှိခဲ့ဘဲ လက်ကျန်ပဲအချို့နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခင်နှစ်က ဩဂုတ်လဆန်းရက်မှာ တစ်တင်း ကျပ် ၄၁၀၀၀ သာရရှိပြီး လလယ်မှစ၍ ပဲဈေးများ ပြန်လည်မြင့်တက်ခဲ့လို့ လကုန် မှာ ကျပ်ငါးသောင်းနီးပါးအထိ ရရှိခဲ့တဲ့အတွက် ယခုနှစ်မှာလည်း လဆန်းရက်မှာ ဈေးအေးပေမယ့် နောက်ပိုင်းကာလများမှာ ဈေးကောင်းလာမလား စောင့်မျှော်နေကြတယ်လို့ သိရပါတယ်။

ခင်ဆွေဝင်း

# စားသုံးရန် မသင့်သည့် တရားမဝင် တင်သွင်းမှုများအား တားဆီးနိုင်သည့် အခြေအနေ



|0ifv@|

မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံများနဲ့ ကုန်းတွင်းနယ်နိမိတ် ထိစပ်မှု များပြားခြင်း၊ ရှည်လျားလှသော ကမ်းရိုးတန်းနယ်နိမိတ် ဖြစ်ပေါ်တည်ရှိနေခြင်းများအပြင် ရေသယံဇာတ၊ မြေသယံဇာတများ ပေါကြွယ်ဝသည့် ဝိသေသထူးများနှင့် ပြည့်စုံနေသည့်နိုင်ငံ ဖြစ်ပါတယ်။

ဖော်ပြပါ ပထဝီအနေအထားများ ဝိသေသထူးများရဲ့ အကျိုးရလဒ်အနေဖြင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်၊ စီးပွားဆိုင်ရာ အခွင့်အလမ်းကောင်းများ ကြီးမားကျယ်ပြန့်သော ဈေးကွက်ဝေစုနေရာများ ခံစားနိုင်သည့် အခြေအနေကိုလည်း ရရှိပိုင်ဆိုင်ထားပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်အလို့ငှာ ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်ရေးရည်မှန်းချက်၊ ကုန်သွယ်မှုအခြေခံမူ၊ ကုန်သွယ်မှုလုပ်ငန်းစဉ်များချမှတ်၍ ပင်လယ်ရေကြောင်းကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ကုန်သွယ်မှု မြင့်မားတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်တဲ့နေရာမှာ အဓိကအဟန့်အတားကတော့ တရားမဝင်တင်ပို့၊ တင်သွင်းမှုများ များပြားစွာဖြစ်ပေါ်နေခြင်းဖြစ်ပါတယ်။ ကီလိုမီတာများစွာရှည်လျားတဲ့ နယ်နိမိတ်မျဉ်းတစ်လျှောက် တရားမဝင် ဝင်/ထွက်ပေါက်များမှ အတားအဆီးမဲ့ ဝင်/ထွက် စီးဆင်းနေမှုများကို တားဆီးထိန်းချုပ်ဖို့ လိုအပ်နေခြင်းပဲ ဖြစ်ပါတယ်။ တရားမဝင်ဂိတ်ဆိုတာဟာ နယ်မြေဒေသအလိုက်မှာ တရားမဝင်ရှိနေတာဖြစ်ပြီး တရားမဝင် ဝင်ရောက်နေတာပဲဖြစ်ပါတယ်။ တရားမဝင် ဝင်ရောက်မှုကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပါအဝင် ဘယ်ဌာနကမှ ခွင့်ပြုပေးထားခြင်း မဟုတ်ဘူးဆိုတာကိုလည်း သိထားဖို့လိုအပ်သလို ရှုမြင်သုံးသပ်မမှားဖို့လည်း လိုမှာဖြစ်ပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နယ်စပ်ဒေသတွေမှာ တရားဝင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိတဲ့ စခန်းပေါင်း/ဇုန်ပေါင်း ၁၈ ခု ရှိပါတယ်။ ပြည်တွင်း၊ ပြည်ပက ကုန်သည်များဟာ အဲဒီနယ်စပ်စခန်းပေါင်း ၁၈ ခုကနေ သတ်မှတ်ထားတဲ့ အခွန်အခတွေကို ပေးချေပြီး ကုန်ပစ္စည်းတွေကို တင်သွင်းလာခဲ့ရင်တော့ တရားဝင် တင်သွင်းလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပြည်တွင်းက ဈေးတွေ စူပါမားကက်တွေမှာ ရောင်းချနေတဲ့ ကုန်ပစ္စည်းတွေထဲမှာ တရားမဝင်တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေလည်း ပါဝင်နေတာ အများအသိပဲဖြစ်ပါတယ်။

အဲဒီတရားမဝင် ကုန်ပစ္စည်းတွေထဲမှာ အများပြည်သူစားသုံးရန်မသင့်တဲ့ ရက်လွန်နေတဲ့ စားသောက်ကုန်ပစ္စည်းတွေ၊ အန္တရာယ်ရှိကုန်ပစ္စည်းတွေ အများအပြား ပါဝင်နေတာတွေ့ရမှာဖြစ်ပါတယ်။

တစ်နံတစ်လျား ရှည်လျားလှတဲ့ နယ်စပ်ဒေသ ကုန်းတွင်းနယ်နိမိတ် ထိစပ်မှုများကြောင့် ယခင်နယ်စပ်ဒေသများမှာ ကြီးစိုးလျက်ရှိတဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေကို တပ်မတော်က လိုက်လံတိုက်ခိုက်ခဲ့စဉ် ဖောက်ထားခဲ့တဲ့ စစ်သုံးလမ်းတွေဟာ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံ ထိစပ်နေတဲ့နယ်စပ်မျဉ်း တစ်လျှောက်မှာ အများအပြားရှိနေဆဲပါ။ တရားမဝင်တင်သွင်းတယ်ဆိုတာ တရားဝင်ဖွင့်လှစ်ထားတဲ့နေရာကနေ တင်သွင်းတာမျိုးမဟုတ်ဘဲ တရားမဝင် ဖွင့်လှစ်ထားတဲ့ အစိုးရက အသိအမှတ်ပြုမထားတဲ့ ဝင်/ထွက်ပေါက်တွေကနေ ဝင်ရောက်တင်သွင်းနေတာဖြစ်ပါတယ်။

ယခင်အစိုးရကာလက တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးကို နိုင်ငံတော်အဆင့် ဖွဲ့စည်းတာဝန်ပေးအပ်တဲ့ Mobile Team အဖွဲ့နဲ့ ဆောင်ရွက်ခဲ့တဲ့နေရာမှာ ရန်ကုန်ဆိပ်ကမ်းနယ်မြေ၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်(ရန်ကုန်၊ မန္တလေး)၊ အဓိကကုန်သွယ်မှုလမ်းကြောင်း အသီးသီးနဲ့ ကုန်သွယ်ရေးစခန်းများမှ ဆောင်ရွက်နိုင်ခဲ့မှုမှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ အထိ တရားမဝင်ကုန်သွယ်မှုများ၊ ကန့်သတ်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှု ၈၅၂၀ မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၅၂၉၁၂ ဒသမ ၀၂၆ သန်းနဲ့ အများပြည်သူစားသုံးရန်မသင့်သည့် ကုန်ပစ္စည်း မီးရှို့ဖျက်ဆီးမှု ၉၃၇ မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၅၃၀ ဒသမ ၈၉၇ သန်းရှိခဲ့ပါတယ်။

တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ Mobile Team များ၊ ဖွဲ့စည်းတားဆီးမှုကြောင့် ကုန်သွယ်မှုတွေ အထိုက်အလျောက် တိုးတက်ရရှိခဲ့ပေမယ့်လည်း တရားမဝင် ကုန်သွယ်မှု၊ အများပြည်သူစားသုံးသူများကို ထိခိုက်အန္တရာယ်ပေးနိုင်တဲ့ အစားအသောက်ဆိုင်ရာ ကုန်ပစ္စည်းတွေ တရားမဝင် ဝင်ရောက်နေမှုဟာ ရပ်တန့်သွားခြင်းမရှိကြောင်း တွေ့ရှိရပြီး ရေတိုလုပ်ငန်းစဉ်တစ်ရပ်သာဖြစ်လို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှာ Mobile Team တွေကို ရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။

အစိုးရသစ်ကာလမှာတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်ရေးဆိုင်ရာ လိုင်စင်လျှောက်ထားမှုကိစ္စရပ်အဝဝကို ထပ်မံဖြေလျှော့မှုများ ဆက်လက်ဆောင်ရွက်ပေးခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေး၊ ကုန်သွယ်မှုအဟန့်အတားများ ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်ခြင်းများကို သက်ဆိုင်တဲ့ ဌာနများနဲ့ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် စားသောက်ကုန်ပစ္စည်းလိုင်စင် လျှောက်ထားမှုများတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ရဲ့ ထောက်ခံချက်နဲ့ တင်သွင်းခွင့်လိုင်စင်ခွင့်ပြုပေးလျက်ရှိပါတယ်။

အများပြည်သူ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ်

တာချီလိတ်မြို့ နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးရှိ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော (Mobile Team) ဖမ်းဆီးမှုများမှ အရက်၊ ဘီယာ၊ ပဲနို့အချိုရည်၊ အဆီကျဆေး၊ စီးကရက်၊ ပိုးသတ်ဆေးနှင့်အိမ်သုံးဆေးများအား(၁၇-၇-၂၀၁၅)နေ့ ဖျက်ဆီးမှုမှတ်တမ်းဓာတ်ပုံ



မတ်လ ၁၄ ရက်နေ့ ပြည်ထောင်စုဥပဒေအမှတ် ၁၀ အရပြဋ္ဌာန်းခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းမှ ထုတ်လုပ်ရောင်းချခြင်း အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူစားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံနှုန်း ကိုက်ညီမှုမရှိသော ကုန်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိစေနိုင်သော ကုန်ပစ္စည်းများနှင့် တရားမဝင်ထုတ်လုပ်၊ တင်သွင်းသောပစ္စည်းများအား ထိရောက်စွာတားဆီးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်း၍ စားသုံးသူတိုင်ကြားမှုများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များအနေဖြင့်လည်း စားသုံးသူ အငြင်းပွားမှုများ ပေါ်ပေါက်ပါက စေ့စပ်ညှိနှိုင်းပေးခြင်း၊ ဈေးကွက်အတွင်း ရောင်းချဖြန့်ဖြူးလျက်ရှိသော ကုန်ပစ္စည်းများနှင့် ပတ်သက်၍လည်း စားသုံးသူအများပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာဗဟုသုတများကို ပညာပေး ဟောပြောပွဲများပြုလုပ်၍ ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူအနေဖြင့် နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များက ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်အရေးယူမှုများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

အချုပ်အားဖြင့်ဆိုရပါသော် အခွန်တိမ်းရှောင်လိုမှု၊ လာဘ်ပေးလာဘ်ယူမှု၊ စားသုံးသူဘေးအန္တရာယ် ဖြစ်စေမှုဆိုင်ရာလုပ်ငန်းများနဲ့ ဆက်စပ်ပတ်သက်နေတဲ့ တရားမဝင်ဂိတ်များ၊ ဝင်ပေါက်၊ ထွက်ပေါက်များမှ နည်းလမ်းမျိုးစုံနဲ့ ဝင်ရောက်နေတဲ့ တရား မဝင်ကုန်သွယ်မှု၊ တစ်နည်းအားဖြင့် မှောင်ခိုကုန်သွယ်မှုဟာ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးလုပ်ငန်းကဲ့သို့ ရေရှည်ရင်ဆိုင်ဖြေရှင်းရမယ့်လုပ်ငန်း တစ်ရပ်လည်း ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ “ခြအုံ” သဖွယ် စွဲကပ်အမြစ်တွယ်ပြီး ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေတဲ့ လုပ်ငန်းတစ်ရပ်ကို ဖယ်ရှားရှင်းလင်းရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ သတ်မှတ်ခံယူပြီး အဖွဲ့အစည်းအသီးသီး၊ ဌာနဆိုင်ရာအသီးသီးနဲ့ စားသုံးသူ၊ သုံးစွဲသူ အများပြည်သူများက ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ကြိုးပမ်းအားထုတ် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

## ချင်း

### ချင်းပြန်လည်တင်ပို့

ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ချင်း ၈ ဒသမ ၇၅ တန်ကို စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှု ပျောက်ခဲ့တဲ့ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇွန်လမှာ ချင်း ၁၆၂တန်ကျော်တင်ပို့နိုင်ခဲ့ပြီး ဇူလိုင်လမှာ ၂၈ တန်ကျော်သာ တင်ပို့နိုင်ခဲ့တာကြောင့် ဇူလိုင်လမှာ ချင်းတင်ပို့မှု တော်တော်လေးလျော့နည်းခဲ့ပါတယ်။ဇူလိုင်လအတွင်းချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၂၉၂၂ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ချင်းစိုနဲ့ထိုင်းနယ်စပ်မှ ချင်းခြောက်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့မောင်တောကုန်သွယ်ရေးစခန်းများမှ ဇူလိုင်နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၇၁၆၇၂ တန်ဖိုးရှိ ချင်းစို ၁၇၄ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ စစ်တွေမှ ၂၁ တန်နဲ့ မောင်တောမှ ၁၅၃ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က စစ်တွေမှ ရှစ်တန်နဲ့ မောင်တောမှ ၄၄၅ တန်တင်ပို့ခဲ့ပါတယ်။ စစ်တွေနယ်စပ်မှာ ချင်းစိုတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ၈၉၂၃၉၂ ကျပ်ရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်ကတော့ ယခုသီတင်းပတ်မှာ အမေရိကန်ဒေါ်လာ ၈၃၄၂ တန်ဖိုးရှိ ချင်းခြောက် ငါးတန်နီးပါးတင်ပို့ခဲ့ပါတယ်။ မြဝတီကုန်စည်ဒိုင်မှာ ဩဂုတ် ၁ ရက်ရဲ့ ချင်းခြောက် တစ်တန်ပေါက်ဈေးမှာ ၁၉၈၁၇၆၀ ကျပ်ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ကွမ်းသီး

### တမူးနယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

တမူးကုန်သွယ်ရေးစခန်းရဲ့ အဓိကပို့ကုန်ဟာ ကွမ်းသီးဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းရှင်များထံမှ ရရှိတဲ့အတည်ပြုဆဲဈေးကွက်သတင်းများအရ အိန္ဒိယအစိုးရဟာ ပင်လယ်ရေကြောင်းမှ ကွမ်းသီးတင်သွင်းမှုကို ပိတ်ထားပြီး နယ်စပ်ဒေသမှသာ ခွင့်ပြုမယ်လို့သိရှိရပါတယ်။ အခြားသတင်းများအရလည်း အိန္ဒိယအစိုးရဟာ ကွမ်းသီးတင်ပို့မှုကို အခွန် ၁၀၀ ရာခိုင်နှုန်း ကောက်ခံတယ်လို့ လည်း ပြောဆိုမှုများ ရှိပါတယ်။

အဆိုပါ သတင်းများအပေါ်အခြေခံပြီး ရန်ကုန် အခြေစိုက်ကုမ္ပဏီအချို့ဟာ တမူးနယ်စပ်မှာလာရောက်ပြီး ကွမ်းသီးတင်ပို့မှုလုပ် ငန်းများ လာရောက်လုပ်ကိုင်လာကြပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီ၊ မေ၊ ဇွန်) လတွေမှာ တမူးနယ်စပ်မှ ကွမ်းသီး ၉၄၂၁ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကာလတူမှာတော့ ၇၅၈၀ တန်သာ တင်ပို့နိုင်ခဲ့ကြောင်း မှတ် တမ်းများအရ သိရှိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းအနေနဲ့ ပထမသုံးလပတ်ကာလအတွင်းမှာ ကွမ်းသီးတန်ချိန် ၁၈၄၁ တန်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သတင်းရ ရှိပါတယ်။

**တမူးကုန်သွယ်ရေးစခန်း**

### စစ်တွေ ကုန်သွယ်ရေးစခန်းမှ ဆီးဖတ်၊ မန်ကျည်းဖတ်နဲ့ မန်ကျည်းစေ့ တန် ၂၀၀ ကျော်တင်ပို့

ဇူလိုင်လ နောက်ဆုံးပတ်မှာ စစ်တွေကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်း တန်ဖိုးရှိ ဆီးဖတ် ၆၅ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၂ သန်း တန်ဖိုးရှိ မန်ကျည်းဖတ် ၄၄ တန်နဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၀ သန်း တန်ဖိုးရှိ မန်ကျည်းစေ့ ၁၃၉ တန်ခွဲကို တင်ပို့ခဲ့ပါတယ်။ ဇူလိုင်တတိယပတ်ထက် ဆီးဖတ်၊ မန်ကျည်းဖတ်နဲ့ မန်ကျည်းစေ့ တန် ၁၀၀ ကျော် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၄၂ သန်း တန်ဖိုးရှိဆီးဖတ်၊ မန်ကျည်းဖတ်နဲ့ မန်ကျည်းစေ့များ အပြင်နနွင်းတက်၊ ချင်းအစို၊ သစ်ခေါက်၊ ဆီးယိုထုပ်၊White Liquor (Nan daw) နဲ့ High Class Whisky များကို တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

## နနွင်း



### ယခင်တစ်ပတ်ထက် နနွင်းတန်ချိန် ၃၀ ပိုမိုတင်ပို့

ဇူလိုင်လ ၂၄ ရက်မှ ၃၀ရက် သီတင်းပတ်အတွင်း နနွင်း ၁၄၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတင်ပို့မှုမှာ ၁၁၈ တန် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၃၀ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၁၄၂၈၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဇွန်လအတွင်း နနွင်းတင်ပို့မှုမှာ တန်ချိန် ၁၃၁၈ တန်ကျော်ရှိခဲ့ပြီး ဇူလိုင်လမှာ တန်ချိန် ၆၄၆ တန်ကျော်သာ တင်ပို့နိုင်ခဲ့တာကြောင့် ဇူလိုင်လမှာ နနွင်း၆၇၂တန်ကျော်တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## ကြက်သွန်

### အဝင်နည်းပေမယ့် ပြည်ကြက်သွန်နီ ပုံမှန်ဈေးရှိ

ယခုကာလမှာ မြန်မာနိုင်ငံအထက်ပိုင်း ဒေသအချို့မှာ မိုးများ၍ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ပြည်ဈေးကွက်ရဲ့ စားသုံးသူများကတော့ ဈေးတက် တော့မယ်လို့ခန့်မှန်းပြီး ကြိုတင်ဝယ်ယူမှုများ ရှိနေကြောင်း သိရပါတယ်။ ပြည်ဈေးကွက်ရဲ့ ကြက်သွန်နီ ဈေးနှုန်းမှာ ယခင်ဈေးအနိမ့်ဖြင့် ဝယ်ယူသိုလှောင်ထားရှိမှုများကြောင့် ယခုတစ်ပတ်အတွင်း ပုံမှန်ဈေးဖြင့်သာ ရောင်းချလျက်ရှိနေသေးကြောင်း သိရှိရပါတယ်။ ဝင်ရောက်မှုအနေနဲ့ ယခုတစ်ပတ်မှာ တစ်နေ့ကို ပိဿာ ၃၀ ဝင်အိတ် ၂၅၀ ခန့်သာ ဝင်ရောက်ခဲ့တာကြောင့် ဝင်ရောက်မှု သိသိသာသာ နည်းသွားပါတယ်။

အရောင်းအဝယ်အနေနဲ့ ရေကြောင်းတင်ပို့မှုမရှိသဖြင့် ကားလမ်းဖြင့်သာ တောင် ကုတ်၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မြန်အောင်၊ ပုသိမ် စသည့်မြို့များသို့ စားသုံးရန် တင်ပို့မှု အပါအဝင် ဒေသတွင်းဝယ်လက်များနဲ့ ပုံမှန်သာ ရောင်းဝယ်မှုရှိနေကြောင်း သိရပါတယ်။

ဈေးနှုန်းမှာ ပွဲရုံများ၌တစ်ပိဿာလျှင် (ကြီး) ၆၃၀ ကျပ်၊ (လတ်) ၅၈၀ ကျပ်၊ (သေး) ၅၅၀ ကျပ်တို့ရှိပြီး လက်လီဈေး အသေးများ တွင် (ရှယ်သန့်) ၈၅၀ ကျပ်၊ (ကြီး) ၇၅၀-၈၀၀ ကျပ်၊ (လတ်) ၇၀၀ကျပ်၊ (သေး) ၅၅၀-၆၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိနေပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

### မြဝတီနဲ့ တာချီလိတ်မှ ကြက်သွန်နီ ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း မူဆယ်မှတင်ပို့မှုလျော့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင်နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၁၆၀၃၇၆ တန်ဖိုးရှိ ကြက်သွန်နီတန်ချိန် ၆၃၄ တန်နီးပါး တင်ပို့ခဲ့ပြီး၊ တစ်နေ့ကို ပျမ်းမျှကားစီးရေ ငါးစီးကျော် ဝင်ရောက်မှုရှိတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ထက် ၁၉၄၇ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၂၃၃၂၉၁ တန်ဖိုးရှိ ကြက်သွန်နီ ၆၆၅ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ထက် ၂၁၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ တာချီလိတ် ကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိ ကြက်သွန်နီတန် ၂၀၀ နဲ့ အမေရိကန်ဒေါ်လာ ၈၀၁၈၂ တန်ဖိုးရှိ ကြက်သွန်ဖြူတန် ၅၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ထက် ကြက်သွန်နီ တန် ၁၀၀ပိုမိုတင်ပို့နိုင်ခဲ့ပြီး ကြက်သွန်ဖြူတင်ပို့မှုကတော့ ၉၅ တန်လျော့နည်းသွားခဲ့တာ တွေ့ရပါတယ်။

ဇူလိုင်တစ်လလုံးမှာတော့ မူဆယ်မှ ကြက်သွန်နီတန်ချိန် ၆၁၀၀ ကျော်၊ မြဝတီမှ ၁၈၀၅ တန်ကျော်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းကတော့ ကြက်သွန်နီ တန် ၅၀၀နဲ့ ကြက်သွန်ဖြူ ၄၁၅ တန်တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

### ဇူလိုင်လအတွင်း မန်ကျည်းတန်ချိန် ၆၀ ကျော်သာ တင်ပို့နိုင်

ဇူလိုင်၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း မန်ကျည်းတင်ပို့မှု နားခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင်လအတွင်း စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၈ ဒသမ ၅၇ တန်ကို တစ်ကြိမ်သာတင်ပို့နိုင်ခဲ့ပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇွန်လအတွင်း မန်ကျည်းတင်ပို့မှုမှာ တန်ချိန် ၄၀၀ ကျော်ရှိခဲ့တာကြောင့် ဇူလိုင်လ တင်ပို့မှုနဲ့ယှဉ်ရင် ဇူလိုင်လမှာ မန်ကျည်းတင်ပို့မှု တော်တော်လေး လျော့နည်းခဲ့ပါတယ်။ ဇူလိုင်လ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၆၈၈၇ ဝင်ငွေရရှိခဲ့တယ်။

**သီတာဝင်း(DOT)**

### ပြည်မန်ကျည်းမှည့် အဟောင်းလက်ကျန် ဈေးငြိမ်လျက်ရှိ

ပြည်ဈေးကွက်မှာမန်ကျည်းမှည့် အဟောင်း လက်ကျန်များ ဈေးငြိမ်နေတာ တွေ့ရပါတယ်။ အရောင်းအဝယ်မှာလည်း ဒေသတွင်း လက်လီအရောင်းအဝယ်သာ ရှိနေတာကြောင့် အရောင်းအေးနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့် တစ်ပိဿာလျှင် (ပွဲရုံဈေး) ၂၅၀၀ ကျပ်နဲ့ (လက်လီဈေး) ၃၀၀၀ ကျပ်ရှိရာ ဈေးငြိမ်လျက်ရှိနေပါတယ်။

မန်ကျည်းသီးအစိမ်း အသေးလေးတွေ ဈေးကွက်မှာ ပိုပေါ်လာပြီး စားသုံးသူများမှာလည်း ရာသီပေါ်အစားအစာဖြစ်တာကြောင့် မိုးအေးအေးနဲ့ မကျည်းသီးစိမ်း ငါးပိချက်နဲ့ ထမင်းမြိန်စားသုံးမှုကြောင့် ဈေးကွက်မှာ အရောင်းတွင်နေပါတယ်။ မန်ကျည်းသီးစိမ်း တစ်ပိဿာလျှင် ၃၀၀၀ ကျပ်သာရှိတော့တာကြောင့် ဈေးသက်သာပြီး အရောင်းအဝယ်ဖြစ်နေကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**



Vol: 16, No.29 Monday August 8 2016

# စဉ်ဆက်မပြတ်အားလုံးအကျုံးဝင်တဲ့ စီးပွားရေး တိုးတက်မှုဆိုသည်မှာ

အများအကျုံးဝင်ပတ်သက်တဲ့ တိုးတက်ဖွံ့ဖြိုးမှု၊စဉ်ဆက်မပြတ် တိုးတက်မှုတို့ဆိုတဲ့ဝေါဟာရတွေ၊ အသုံးအနှုန်းတွေကို အခုတလော ကျွန်တော်တို့ ကြားကြလေ့၊ ပြောကြလေ့ ရှိပါတယ်။ ဒါပေမယ့် ဒီဝေါဟာရတွေရဲ့အဓိပ္ပာယ်အတိမ်အနက်၊ အကျယ်အပြန့်ကိုတော့ သိပ်ပြီး စဉ်းစားလေ့မရှိဘူး။ ဇူလိုင်လထဲကပဲ ရန်ကုန်နဲ့ နေပြည်တော်မှာ အများနဲ့ အကျုံးဝင်ပြီး စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်မှု စီးပွားရေးဖိုရမ်တစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဲဒီဖိုရမ်မှာ အမေရိကန်နိုင်ငံ ဂျော့ချ်တောင်းတက္ကသိုလ်ပါမောက္ခ၊ စတီဗင် ရီဒ်လက်ကအောင်မြင်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အတွေ့အကြုံကနေ သင် ခန်းစာတွေ ထုတ်နုတ်ပြီး၊ အများအကျုံးဝင် စဉ်ဆက်မပြတ် တိုးတက်မှုအရှိန်အဟုန် မြှင့်တင်ရေးကို ဆွေးနွေးဟောပြောသွားခဲ့တာ နားထောင်ခဲ့ရပါတယ်။ အခု ဒီဆောင်းပါးမှာ သူဆွေးနွေးသွားခဲ့တာတွေကို ပြန်လည်တင်ပြပါမယ်။

သူကပထမဆုံး စီးပွားရေးတိုးတက်မှုဘာလို့ အရေးကြီးသလဲ ဆိုတာကို အရင်ဆုံးဆွေးနွေးပါတယ်။ စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှု ဆိုတာ အခွင့် အလမ်းတွေ ဖန်တီးပေးတာ၊ အဲဒီအခွင့် အလမ်းတွေကို အသုံးချနိုင်ဖို့ လူတွေအတွက်စွမ်းရည်တွေ တည်ဆောက်မြှင့် တင်ပေးတာပါ။ စီးပွားရေးတိုးတက်မှုဟာ နိုင်ငံတွေ အခွင့်အလမ်းတွေ ရရှိ ဖို့နဲ့ အသုံးချနိုင်ဖို့ဆိုတဲ့ နယ်ပယ်နှစ်ခုလုံးအတွက် အထောက်အကူဖြစ်ပါတယ်။

စီးပွားရေး တိုးတက်တယ်ဆိုတာ ထုတ်လုပ်မှု တိုးတက်သလို၊ ဝင်ငွေ တိုးတက်တာကိုရော ဆိုလိုပါတယ်။ စီးပွားရေးတိုးတက်တယ်ဆိုတာ အလုပ်အကိုင်တွေ တိုးပွားများပြားလာ တာ၊ လူတစ်ယောက်ချင်း၊ မိသားစုနဲ့ လူ့အဖွဲ့အစည်းအတွက်၊ ဝင်ငွေတွေ မြင့်မားလာတာကို ဆိုလိုပါတယ်။

ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးတိုးတက်မှုဟာ တစ်ခုတည်းသော၊ အင်အားအကောင်းဆုံး အင်ဂျင်တစ်လုံး ဖြစ်နိုင်ပါတယ်။ စီးပွားရေးတိုးတက်မှုကြောင့် ကျန်းမာရေးတွေ ပညာရေးတွေ ပိုကောင်းလာနိုင်တယ်။ ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေတယ်။ တခြားဖွံ့ဖြိုးမှုတွေကိုလည်း ဖြစ်စေနိုင်ပါတယ်။ အပြန်အလှန်ပေါ့လေ။

မိသားစုတွေ၊ နိုင်ငံတွေဝင်ငွေ တိုးလာရင် ပိုပြီးစားနိုင် သောက်နိုင်မယ်။ ကောင်းရာမွန်ရာတွေကို စားနိုင်မယ်။ ကလေးတွေ ပညာသင်ယူနိုင်ကြမယ်။ မိသားစုတွေ ကျန်းမာအောင် လုပ်နိုင်မယ်။ ကျောင်းတွေ၊ ဆေးရုံတွေ ကောင်းကောင်းဆောက်နိုင်မယ်။ လမ်းပန်းဆက်သွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံနိုင်မယ်။ ပိုမိုကြွယ်ဝ ချမ်းသာတဲ့ဘဝတွေကို တည်ဆောက်နိုင်ကြမယ်။

**ဘာဖြစ်လို့ စဉ်ဆက်မပြတ် တိုးတက်ဖို့လိုသလဲ၊ စဉ်ဆက်မပြတ် တိုးတက်ဖို့ဘာလို့ အရေးကြီးရသလဲ. .**

စီးပွားရေးတိုးတက်မှုဟာ၊ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးမှုဖြစ်လာစေဖို့ဆိုရင် နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ် ပေါင်းများစွာ၊ မျိုးဆက်ပေါင်းများစွာ စဉ်ဆက်မပြတ်၊ ဆက်တိုက်ဖွံ့ဖြိုးတိုး တက်ဖို့ လိုအပ်ပါတယ်။

အတန်အသင့် စီးပွားရေးတိုးတက်မှုမျိုးဖြစ်ပေမယ့် ဆက်တိုက်တိုး တက်မယ်ဆိုရင် အပြောင်းအလဲဖြစ်ဖို့ အားကောင်းတဲ့ အင်ဂျင်တစ်ခု ဖြစ်နိုင်ပါတယ်။ ဥပမာ- တစ်ဦးကျဝင်ငွေ ၃ ရာခိုင်နှုန်း မှန်မှန်တက်သွားရင်တောင်မှ ၂၃ နှစ်ကြာရင် ပျမ်းမျှဝင်ငွေ နှစ်ဆတိုးပါတယ်။ မျိုးဆက်တစ်ဆက်မှာ နှစ်ဆတိုးတဲ့သဘောပေါ့။

သဘာဝ သယံဇာတတွေတူး ဖော်လို့ရတာမျိုးလို၊ ခဏတဖြုတ် စီးပွားရေးတိုးတက်တာမျိုးက ရေရှည် စီးပွားရေးဖွံ့ဖြိုးမှုကို မဖြစ်စေနိုင်ဘူး။ ဒါဖြင့် စီးပွားရေးစဉ်ဆက်မပြတ် တိုးတက်အောင် ဘာတွေလုပ်ကြမလဲ။

အစိုးရက တည်ငြိမ်မှု၊ တရားဝင် မှုရှိအောင် ဖန်တီးပေးရမယ်။ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံတွေနဲ့ လူတွေအတွက် ရင်းနှီးမြှုပ်နှံရမယ်။



| ciarmifn(abm*aA') |

လူတစ်ယောက်ချင်းရဲ့ စီးပွားရေးလုပ်ငန်းတွေက သူတို့ရဲ့ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုတွေဟာ အကျိုးရှိမယ်လို့ ယုံကြည်ရမယ်။

သဘာဝသယံဇာတတွေ အလွယ်တကူကုန်မသွားဘဲ ကြာကြာခံ အောင်စီမံခန့်ခွဲရမယ်။

**ဘာလို့ တိုးတက်မှုဟာ အများနဲ့သက်ဆိုင်ရ၊ အကျုံးဝင်ရသလဲ ။**

**အများနဲ့သက်ဆိုင်၊ အကျုံးဝင်တဲ့ တိုးတက်မှုဟာဘာလဲ?**

နိုင်ငံတစ်နိုင်ငံရဲ့လူအများစု ပါဝင်ပတ်သက်တဲ့ စီးပွားရေးတိုးတက်မှုပေါ့။ အများနဲ့ သက်ဆိုင်တဲ့တိုးတက်မှုဟာ ဖြစ်နိုင်သမျှ လူအများအတွက် ဝင်ငွေရဖို့ အခွင့်အလမ်းသစ်တွေ ဖန်တီးပေးနိုင်ရမယ်။ အထူးသဖြင့် ဆင်းရဲသားတွေ၊ လူနည်းစုတွေ၊ အမျိုးသမီးတွေ၊ ဝေးလံတဲ့ ကျေးလက်ဒေသက လူတွေအတွက် ဝင်ငွေရဖို့ အခွင့်အလမ်းသစ်တွေ ဖန် တီးပေးနိုင်ရမယ်။

”

**မြန်မာနိုင်ငံလို မြေဩဇာကောင်းတဲ့ မြေတွေ၊ ရေတွေ၊ အတန်အသင့်ကျွမ်းကျင်မှုနည်းတဲ့ လုပ်သားတွေ ပေါများတဲ့ နိုင်ငံတွေမှာ စိုက်ပျိုးရေးကို ဦးစားပေးတာ အဓိပ္ပာယ်ရှိတယ်။**

ဒီလိုဖြစ်ဖို့ဆိုတာ အများအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ အခြေခံ အဆောက်အအုံတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံတာကို အများပါဝင်ပတ်သက်တဲ့ အုပ်ချုပ်မှုနဲ့အတူ ယှဉ်တွဲပြီးလုပ်ပေးဖို့လိုတယ်။ နိုင်ငံမှာရှိတဲ့ လူအုပ်စုတွေ အားလုံးနဲ့တိုင်ပင်တဲ့၊ သူတို့အားလုံး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်တဲ့ အုပ်ချုပ်မှုရှိရမယ်။

တိုးတက်ရာမှာ ဘာလို့အများ ပါဝင်ပတ်သက်မှုရှိဖို့ အရေးကြီးသလဲဆိုတော့

- တရားမျှတတဲ့ ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးပေးတယ်။
- အစိုးရကိုနိုင်ငံရေးအရ တရား ဝင်အောင် လုပ်ပေးတယ်။
- ငြိမ်းချမ်းရေးနဲ့ အမျိုးသားသင့်မြတ်ရေးကို အထောက်အကူပြုတယ်
- ရင်းနှီးမြှုပ်နှံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အားပေးတယ်။ ရင်းနှီး မြှုပ်နှံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်တယ်။

အထူးသဖြင့် ပဋိပက္ခတွေဖြစ်နေဆဲ၊ ပဋိပက္ခတွေဖြစ်ပြီးနောက်ပိုင်း ပတ်ဝန်းကျင်အခြေအနေမျိုးတွေမှာ အများအကျုံးဝင်တဲ့ တိုးတက်မှုရဖို့အရေးဟာ အထူးအရေးကြီးတယ်။

စဉ်ဆက်မပြတ်၊ အများနဲ့သက်ဆိုင်တဲ့ တိုးတက်မှုကို ရရှိခဲ့ကြတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးလိုလိုဟာ၊ စိုက်ပျိုးရေးကဏ္ဍကို အလေးပေးတာနဲ့ စတင်ခဲ့တာကို တွေ့ရတယ်။

စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးလာရင်

- ကျေးလက်ဒေသမှာ နေထိုင်တဲ့ ဆင်းရဲသားတွေ ဝင်ငွေတိုးပွားအောင် လုပ်ပေးတယ်။(ဒီတော့-အများနဲ့ အလွန်ပဲ အကျုံးဝင်တော့တာပါပဲ)
- တစ်နိုင်ငံလုံးအတွက် စားစရာနဲ့ တခြားပစ္စည်းတွေ ပိုပြီး ထုတ်လုပ်ပေးတယ်။
- နောက်ဆုံးမှာ တချို့လူတွေ စိုက်ပျိုးရေးကနေ ကုန်ချော ထုတ်လုပ် ရေး၊ဆင့်တက်ပြုပြင်ရေးတွေကို လုပ်သွားလို့ရစေတယ်။

စိုက်ပျိုးရေးကဏ္ဍရဲ့ ထုတ်လုပ်မှုစွမ်းအား မြင့်မားတိုးတက်လာပြီဆိုရင် အစားအစာတွေထုတ်လုပ်ဖို့ လူတွေအများကြီး မလိုတော့ဘူး။ ဒီတော့ တခြားလုပ်ငန်းတွေ၊ စက်မှုလုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေကို တချို့အလုပ်သမားတွေ ပြောင်း လုပ်လို့ရမယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဟာ စိုက်ပျိုးရေးကဏ္ဍရဲ့ ထုတ်လုပ်မှုစွမ်းအားကို မြင့်မားအောင်မလုပ်ဘဲ၊ တခြားကဏ္ဍတွေ၊ လုပ်ငန်းတွေကိုဖြန့်ကြက်မလုပ်နိုင်ဘူး။

မြန်မာနိုင်ငံလို မြေဩဇာကောင်းတဲ့ မြေတွေ၊ရေတွေ၊ အတန်အသင့် ကျွမ်းကျင်မှုနည်းတဲ့ လုပ်သား တွေပေါများတဲ့ နိုင်ငံတွေမှာ စိုက်ပျိုးရေးကို ဦးစားပေးတာ အဓိပ္ပာယ်ရှိတယ်။ အဲဒီအရည်အချင်းတွေ၊ ပိုင်ဆိုင်မှုတွေကြောင့် မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးမှာ တခြားနိုင်ငံတွေထက် တစ်ပန်းသာတယ်။ နှိုင်းယှဉ် အကျိုးကျေးဇူးရှိတယ်။ စက်မှုကုန်စည်လို၊ တခြားကုန်တွေထုတ်တာထက် စိုက်ပျိုး ရေးကုန်စည်တွေ ထုတ်ရင်ပိုပြီး အကျိုး များတယ်။

စိုက်ပျိုးရေးရဲ့ အကျိုးကျေးဇူးကို လျစ်လျူရှုခဲ့ကြတဲ့၊ စိုက်ပျိုးရေးကို ဥပေက္ခာပြုခဲ့ကြတဲ့၊ စက်မှုလက်မှုကို မြန်မြန်ဆန်ဆန် တည်ထောင်ချင်တဲ့ နိုင်ငံတွေဟာ ကျဆုံးခဲ့ကြတယ်။

သူတို့အားသာတဲ့ နေရာကို အာရုံစိုက်ပြီး အပြည့်အဝ၊ အသုံးပြုခဲ့တဲ့ နိုင်ငံတွေဟာ ပိုပြီးစဉ်ဆက်မပြတ် အများအကျိုးရှိတဲ့ တိုးတက်မှုကို တွေ့ကြုံကြရတယ်။

နိုင်ငံတွေက စိုက်ပျိုးရေးကို ဘယ်လိုအားပေးကြမလဲ?

- အခြေခံအဆောက်အအုံတွေမှာ ရင်းနှီးမြှုပ်နှံမယ်။ လမ်းတွေ၊ ဆည်မြောင်းတွေ၊ လျှပ်စစ်တွေ၊ ဆက်သွယ်ရေးတွေ လုပ်ပေးမယ်။
- ထုတ်လုပ်မှုကို အားလျော့စေတဲ့၊ စည်းမျဉ်းစည်းကမ်းတွေ၊ မူဝါဒတွေကို ဖယ်ရှားပေးမယ်။
- ဘဏ္ဍာရေးဝန်ဆောင်မှုတွေ၊ ငွေချေးတာတွေ၊ စုဆောင်းတာတွေ လုပ်နိုင်စေမယ်။
- မျိုးစေ့တို့၊ ဓာတ်မြေဩဇာတို့လို သွင်းအားစုဈေးကွက်တွေကို ခိုင်မာစေမယ်။
- မြေယာပိုင်ဆိုင်မှုကို အာမ ခံမယ်။
- ဆန်စပါး တစ်ခုတည်းမဟုတ်၊ သီးနှံမျိုးစုံပြောင်းလဲဖြန့်ကြက်စိုက်ပျိုးစေမယ်။
- သုတေသနနဲ့ အထောက်အကူပြုလုပ်ငန်းတွေကို အားဖြည့်ပေးမယ်။ သတင်းအချက်အလက်တွေ ရရှိစေမယ်။
- စိုက်ပျိုးရေးကိုအခြေခံပြီး ကုန်ချောထုတ်လုပ်မှုတွေ စတင်လုပ်မယ်။

တိုးတက်မှု အရှိန်အဟုန်ရရင်၊ ကုန်ချောထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုဘက်ကို ထုတ်လုပ်မှုရွှေ့သွားမယ်။ ဒါကို စီးပွားရေးပုံသဏ္ဌာန်ပြုပြင်ပြောင်းလဲမှုလို့ ခေါ်တယ်။ စုစုပေါင်း ပြည်တွင်းထုတ်ကုန်မှာ ပါဝင်တဲ့ စိုက် ပျိုးရေးကဏ္ဍရဲ့ အချိုးအစား ကျဆင်းမယ်။ ဒါပေမယ့် အောင်မြင်မှုရတဲ့ နိုင်ငံတွေမှာ ဒီအချိန်မှာကိုပဲ စိုက်ပျိုးရေးကဏ္ဍရဲ့ထုတ်လုပ်မှုဟာ ဆက်လက်တိုးတက်နေတာ တွေ့ရတယ်။ စုစုပေါင်း ပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)မှာ စိုက်ပျိုးရေးကဏ္ဍရဲ့ အချိုးအစားကျဆင်းသွားတဲ့အတွက် စိုက်ပျိုးရေးရဲ့ ထုတ်လုပ်မှုကျဆင်းသွားတယ်လို့ မဆိုလိုဘူး။ စက်မှုလက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍက ပိုပြီး မြန်မြန်ဆန်ဆန် တိုးတက်လာတာပဲဖြစ်တယ်။

သာဓကအနေနဲ့ ၁၉၇၀ နောက်ပိုင်း ထိုင်းနိုင်ငံကိုကြည့်ရင် ဂျီဒီပီမှာ ပါဝင်တဲ့ စိုက်ပျိုးရေးကဏ္ဍရဲ့ အချိုးအစားဟာ၊ ၂၅ရာခိုင်နှုန်းကနေ ၁၀ရာခိုင်နှုန်းကို ကျဆင်းသွားပေမယ့် စိုက်ပျိုးရေးကဏ္ဍရဲ့ ထုတ်လုပ်မှုဟာ သုံးဆ တက်လာခဲ့တယ်။ (စိုက်ပျိုးရေး ထွက်ကုန်တွေကို ကုန်ချောဖြစ်အောင် လုပ်ပေးတာလည်း စက်မှုလက်မှုထဲမှာ ပါတာ သတိထားပါ။)

ရေရှည်မှာ စဉ်ဆက်မပြတ် တိုးတက်မှုရရှိဖို့ စက်မှုလက်မှုနဲ့ ဝန်ဆောင်မှုဟာ အရေးကြီးတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

# ခာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ခာတ်ဆီ၊ ဒီဇယ်တင်သွင်းမှုနားခဲ့

ဇူလိုင် ၂၄ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ဒီဇယ်၊ ခာတ်ဆီ တင်သွင်းမှုရပ်နားခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စက်ဆီ၊ ချောဆီများသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇွန်လအတွင်းဒီဇယ်၊ ခာတ်ဆီ တင်သွင်းမှုမှာ တန်ချိန် ၂၅၉၃ တန်ကျော်ရှိခဲ့ပြီး ဇူလိုင်လမှာ တန်ချိန်၈၈၀ကျော်ရှိခဲ့တာကြောင့် ဇူလိုင်လမှာဒီဇယ်၊ခာတ်ဆီတန်ချိန် ၁၇၁၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်စခန်းမှ ကန်ဒေါ်လာ၅၅၀၆၂၅တန်ဖိုးရှိ ဒီဇယ် တန်ချိန် ၁၁၁၀ တင်သွင်းခဲ့သလို မြဝတီစခန်းမှ ကန်ဒေါ်လာ၁၁၅၇၈ တန်ဖိုးရှိ ဒီဇယ် ၃၁တန်နဲ့ ကန်ဒေါ်လာ ၂၅၇၈၀ တန်ဖိုးရှိခာတ်ဆီ ၄၅တန်နဲ့ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ ၂၆၂၁၈၀တန်ဖိုးရှိ ခာတ်ဆီ၅၂၅ တန်နဲ့ ကန်ဒေါ်လာ ၂၅၅၇၅ တန်ဖိုးရှိ ဒီဇယ်၅၇၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း (92)၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (95)မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၅၀၀ ကျပ်၊အောက်တိန်း (92) ၅၀၀ ကျပ်၊ အောက်တိန်း (95) ၆၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၅၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဩဂုတ် ၁ ရက် ဒီဇယ်ဝယ်ဈေး ၁၀၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၅၀၀၀ ကျပ်ဈေးရှိခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ၂၀၀၀ ကျပ်ဝန်းကျင်ဈေးကျခဲ့တယ်လို့သိရပါတယ်။ခာတ်ဆီပီပါဈေးမှာ ဩဂုတ် ၁ ရက်တွင် ဝယ်ဈေး ၁၂၀၀၀၀ကျပ်၊ ရောင်းဈေး ၁၂၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂ ရက်တွင် ဝယ်ဈေး၁၁၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၂၀၀၀ကျပ် နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ်ဝန်းကျင်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ခာတ်ဆီပါ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီ ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီ တစ်လီတာ၆၄၅ ကျပ်၊ ဒီဇယ် ၅၅၅ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၆၀၀ကျပ်၊ အောက်တိန်း (92) ၆၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ်လ ၁ ရက်ဒီဇယ်ဝယ်ဈေး ၁၀၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ဝယ်ဈေး ၁၀၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၇၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်အရောင်းအဝယ်ဖြစ်တဲ့ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ၅၀၀၀ ကျပ်ဝန်းကျင်ဈေးကျလာခဲ့တယ်လို့သိရပါတယ်။ ခာတ်ဆီဈေးမှာ ဩဂုတ် ၁ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးကျခဲ့သော်လည်း ခာတ်ဆီဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ကျပ်၊ ခာတ်ဆီ ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများမှာ ခာတ်ဆီတစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ တစ်ဂါလန် ၂၉၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၇၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ခာတ်ဆီဈေးငြိမ်နေပြီး ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ခာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၅၅ ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၆၁၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 1 - August | 20.43 | 2296.22 | 1672.16 | 4990.72 | 1148.00 |
| 2 - August | 20.40 | 2294.66 | 1656.93 | 4956.90 | 1161.00 |
| 3 -August | 20.59 | 2285.02 | 1636.32 | 4943.68 | 1164.00 |
| 4 - August | 20.10 | 2292.64 | 1647.07 | 4916.80 | 1151.00 |
| 5 - August | 20.36 | 2304.51 | 1647.74 | 4889.25 | 1160.00 |

Source:kitco.com

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်ငြိမ်သက်

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက ငြိမ်သက်ခဲ့သည့်ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်ဆက်လက် ငြိမ်သက်လျက်ရှိကာ အရောင်းအဝယ်များဖြစ်လျက်ရှိကြောင်း သိရသည်။ ငွေလဲနှုန်းငြိမ်သက်နေမှုကြောင့် ပြည်တွင်းဈေးကွက်များတွင် အရောင်းအဝယ်များ ပုံမှန်ဖြစ်လျက်ရှိကြောင်း၊ စတော့ရှယ်ယာဈေးနှုန်းများ ငြိမ်သက်နေမှုများနှင့်အတူပြည်တွင်းငွေလဲနှုန်းများလည်း ငြိမ်သက်နေမှုကြောင့် အရောင်းအဝယ်ပြုလုပ်ရသည်မှာ အဆင်ပြေလျက်ရှိကြောင်း ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

"အခုရက်ပိုင်းမှာ ငွေဈေးတွေရော ရှယ်ယာဈေးတွေပါ ငြိမ်သက်နေပါတယ်။ တစ်ကျပ်နှစ်ကျပ်လောက်တော့ အတက်အကျရှိတာပေါ့။ ဒါပေမယ့် အဲဒါကလည်း နှစ်ရက်လောက်နေမှ တစ်ခါလောက်အတက်အကျဖြစ်တာဆိုတော့ သိပ်မပြောပလောက်ပါဘူး။ ရှယ်ယာဈေးတွေကလည်း ရှုံးတဲ့သူတွေက အမြတ်ပြန်ရနိုးစောင့်နေကြတယ်" ဟု ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲနှုန်းများသည် ဩဂုတ် ၁ ရက်က ရောင်းဈေး ၁၁၈၆ ကျပ်၊ ဝယ်ဈေး ၁၁၈၃ ကျပ်ရှိခဲ့ပြီး ဩဂုတ် ၅ ရက်တွင် ရောင်းဈေး ၁၁၈၇ ကျပ်၊ ဝယ်ဈေး ၁၁၈၄ ကျပ်ရှိခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး ကျပ်ရှစ်သိန်းခွဲအထိ အမြင့်ဆုံးရောက်ရှိ

ယခုတစ်ပတ်တွင် ပြည်တွင်းရွှေဈေးများသည် အမြင့်ဆုံးဈေးအဖြစ် ကျပ်ရှစ်သိန်းခွဲအထိ ရောက်ရှိခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည်လည်း ၁၃၆၁ ဒေါ်လာအထိ ရောက်ရှိခဲ့ရာ စံချိန်တင်ရောက်ရှိခဲ့သည့်ဈေးဖြစ်ခဲ့သည်။

ပြည်တွင်းရွှေဈေးများသည် ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် လိုက်ပါမြင့်တက်ခဲ့ရသော်လည်း ပြည်တွင်းရွှေဈေးကွက်တွင်မူ အရောင်းအဝယ်များမှာ အလွန်ပင် နည်းပါးလျက်ရှိသည်ဟုဆိုသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်က ပြည်တွင်းရွှေဈေးသည် ကျပ် ၈၄၀၀၀၀ သာရှိခဲ့သော်လည်း ယခုတစ်ပတ်တွင် ကျပ်ရှစ်သိန်းခွဲအထိ မြင့်တက်ခဲ့သည်။

"ပြည်တွင်းရွှေဈေးတွေ မြင့်တက်လာရတာက ကမ္ဘာ့ရွှေဈေးတွေမြင့်တက်လာလို့ပါ။ ကမ္ဘာ့ရွှေဈေးကလည်း လိုက်ပြီးတက်လာတယ်။ ကမ္ဘာ့ရွှေဈေးကတော့ အတက်ဘက်ကို လိုက်လာတယ်။ အမေရိကန်က သူ့ရဲဘဏ်အတိုး နှုန်းကို တိုးမပေးနိုင်သေးတဲ့အတွက် ရွှေလောကထဲမှာ ဝင်ပြီးကစားနေတယ်။ အာရှရွှေဈေးကွက်မှာ ဈေးငြိမ်နေပေမယ့် အမေရိကန်ရွှေဈေးကွက်မှာတော့ တော်တော်လေးကို လှုပ်လှုပ်ခတ်ခတ်ဖြစ်နေတယ်။ အဲဒါကြောင့်လည်း အခုလို ကမ္ဘာ့ရွှေဈေးက မြင့်တက်နေရတာပါ"ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြခဲ့သည်။

ပြည်တွင်းရွှေဈေးသည် ဩဂုတ် ၁ရက်က ကျပ် ၈၄၄၀၀၀ရှိခဲ့ပြီး ဩဂုတ်လ ၃ ရက်တွင် ကျပ် ၈၅၀၀၀၀သို့မြင့်တက်ခဲ့သည်။ ထို့နောက် ဩဂုတ် ၅ ရက်တွင်လည်း အဆိုပါဈေးအတိုင်းရှိခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၁ ရက်တွင် ၁၃၄၉ ဒေါ်လာရှိခဲ့ပြီး ဩဂုတ် ၄ ရက်တွင် ၁၃၅၇ ဒေါ်လာသို့မြင့်တက်ခဲ့သည်။ ဩဂုတ် ၅ ရက်တွင် ၁၃၆၁ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## သီလဝါရှယ်ယာဈေး အနိမ့်ဆုံးသတ်မှတ်နှုန်းထားအထိရောက်ရှိ ရှယ်ယာအရောင်းအဝယ်ပမာဏများ နည်းပါးလာ

ယခုတစ်ပတ်တွင် သီလဝါရှယ်ယာဈေးနှုန်းများ ဆက်လက်ကျဆင်းလာခဲ့ပြီး စတင်ဖွင့်လှစ်ခဲ့စဉ်က သတ်မှတ်ခဲ့သည့် အနိမ့်ဆုံးနှုန်းထားသို့ ရောက်ရှိခဲ့ကြောင်း YSX ၏ထုတ်ပြန်ချက်များအရ သိရသည်။

အလားတူ FMI ရှယ်ယာဈေးနှုန်းများသည်လည်း သတ်မှတ်ထားသည့် အနိမ့်ဆုံးဈေးနှုန်းအောက်သို့ လဆန်းပိုင်းက ရောက်ရှိခဲ့ပြီး ဈေးကွက်ပိတ်ချိန်တွင်မူ မူလသတ်မှတ်ထားသည့်ဈေးနှုန်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ရှယ်ယာအရောင်းအဝယ် ပြုလုပ်သူများသည် ဈေးကွက်အနေအထားအရ ယှဉ်ပြိုင်မှုနည်းပါးနေသည့်အခြေအနေတွင်ရှိနေသဖြင့် ဝယ်ရောင်းပြုလုပ်နေသည့်အနေအထားတွင်သာရှိနေကြောင်း၊ ယှဉ်ပြိုင်မှုများလာမှသာ လျှင်စတော့ရှယ်ယာပြိုင်ဆိုင်မှုများလာနိုင်မည်ဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးက ထောက်ပြခဲ့သည်။

မြန်မာနိုင်ငံသားများဘဏ်သည် ဇူလိုင်လကုန်ပိုင်းတွင် စတော့အိတ်ချိန်းသို့ ဝင်ရောက်ရန် ရည်မှန်းထားသော်လည်း စာရင်းရှင်းလင်းမှုများ မပြီးပြတ်သေးသဖြင့် Listed မလုပ်နိုင်သေးသဖြင့် ရှယ်ယာဈေးကွက်သို့ ဝင်ရောက်ခြင်းမရှိသေးပေ။ အလားတူ MAPCO သည်လည်း ရှယ်ယာဈေးကွက်သို့ ဝင်ရောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"တကယ်တော့ ရှယ်ယာဈေးကွက်မှာ Listedဖြစ်တဲ့ကုမ္ပဏီအရေအတွက်များလာမှ ဝယ်ရောင်းလုပ်တဲ့သူတွေလည်း ရှယ်ယာရဲ့သဘောကို နားလည်လာမှာပါ။ အခုဟာကတော့ဝယ်ရောင်းသဘောမျိုးဖြစ်နေတယ်"ဟု ကုန်သည်တစ်ဦးက ပြောကြားသည်။**မယ်သီတာ**

## Currency Exchange Rate

August 5, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 78.39 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.65 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.81 |
| I DR | Indonesia Rupiahs | 13113.06 |
| JPY | Japan Yen | 104.58 |
| MYR | Malaysia | 4.03 |
| PKR | Pakistan Rupees | 104.58 |
| PHP | Philippines Pesos | 46.92 |
| RUB | Russia Rubles | 65.77 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1110.21 |
| LKR | Sri Lanka Rupe | 145.51 |
| THB | Thailand Baht | 34.83 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 22301.52 |

*Source : xe.com*

## World Gold Price

August, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 1 | 1346 | 1346 | 1347 |
| 2 | 1349 | 1351 | 1351 |
| 3 | 1360 | 1361 | 1362 |
| 4 | 1346 | 1350 | 1351 |
| 5 | 1360 | 1362 | 1362 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 1-8-2016 | 844.50 | 843.10 |
| 2-8-2016 | 846.00 | 846.30 |
| 3-8-2016 | 850.50 | 849.30 |
| 4-8-2016 | 847.50 | 847.90 |
| 5-8-2016 | 850.50 | 850.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 1 | 6 .64 | 34.75 | 78.40 | 66.74 |
| 2 | 6. 65 | 34.77 | 78.30 | 66.76 |
| 3 | 6 63 | 34.80 | 78.40 | 66.86 |
| 4 | 6 .64 | 34.93 | 78.35 | 66.93 |
| 5 | 6.65 | 34.83 | 78.39 | 66.81 |

## Energy NYMEX

5-8-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 41.54 | -0.39 | -0.93 |
| Brent Crude Futr (USD/bbl) | 43.86 | -0.43 | -0.97 |
| Gasoline Rbob Fut (Cent/gal) | 135.78 | -1.02 | -0.75 |
| Natural Gas Futr (USD/MMBtu) | 2.83 | -0.01 | -0.28 |
| Heating Oil Futr (Cent/gal) | 131.29 | -1.30 | -0.98 |

## ဘိုလပ်မြေ

### ဒီတစ်ပတ် ဘိုလပ်မြေတန်ချိန် ငါးသောင်းကျော်ဝင်

ဇူလိုင် ၂၄ ရက်မှ၃၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၈၄၇၇၁၉ တန်ဖိုးရှိ ဘိုလပ်မြေ ၅၃၂၉၂ ဒသမ ၈၇၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၄၆၈ တန်၊ ယူနိုက်တက်ကင်းဒမ်းမှ ၂ဒသမ၈၇၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၂၈၂၂ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စိန်၊ ဆင်နဲ့ဂျန်ဘို၊ အင်စီးဘိုလပ်မြေတို့ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိုလပ်မြေအဝင်မှာ ၇၂၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန်၄၆၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇွန်လအတွင်း ဘိုလပ်မြေတင်သွင်းမှု စုစုပေါင်းမှာ တန်ချိန် တစ်သိန်းငါးသောင်းခုနစ်ထောင်ကျော် ရှိခဲ့ပြီး ဇူလိုင်လမှာ စုစုပေါင်းတန်ချိန်တစ်သိန်း သုံးသောင်းကျော် တင်သွင်းနိုင်ခဲ့တာကြောင့် ဇူလိုင်လမှာ ဘိုလပ်မြေတန်ချိန် ၂၁၀၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ဘိုလပ်မြေဈေးကွက် အရောင်းအဝယ်ဆက်အေး

ဇူလိုင် ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိုလပ်မြေအဝင်မှာ ၅၃၂၉၂ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ် ဘိုလပ်မြေအဝင်မှာ ၇၂၃၉တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၆၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိုလပ်မြေအဝင်မှာ ၁၂၂၂၅ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၁၁၇၃၇ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၈၈ တန်ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ ရောနယ်စပ်လမ်းမှပါ ဘိုလပ်မြေအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိုလပ်မြေက ဒီတစ်ပတ်မှာ မိုးများနေတာကြောင့် အရောင်းအဝယ်အေးတယ်။ ဒီအချိန်က ဒီလိုပဲအရောင်းအဝယ်အေးတယ်။အရောင်းအေးပေမယ့် ကုမ္ပဏီချတဲ့ဈေးတက်လို့ ဈေးနည်းနည်းတက်ခဲ့တယ်လို့ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဆင်နဲ့ ကြံ့ ၅၀ ကျပ်၊ စိန်က ၇၅ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်၅၃၀၀ ကျပ်၊ ကြံ့ (မြိုင်ကလေး) ၄၉၀၀ ကျပ်နဲ့ စိန်(ထိုင်း) ၅၂၅၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိုလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ မိုးများလာတာကြောင့်လည်း ဆောက်လုပ်ရေး လုပ်ငန်းတွေလည်း နားနေရတယ်။ ဒါကြောင့်အရောင်းအဝယ်က တော်တော်လေးအေးနေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ အရောင်းအဝယ်အေးသလို ဘိုလပ်မြေဈေးက ယခင်တစ်ပတ်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာစိန်၆၉၀၀ ကျပ်၊ ဆင် ၆၈၀၀ကျပ်၊ အေသုံးလုံး ၅၀၀၀ကျပ်၊အပါချီ ၄၇၀၀ ကျပ်၊ ကမ္ဘောဇ ၄၃၀၀ကျပ်၊နဂါး ၄၈၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့အနောက်မြို့ပတ်လမ်းမှာရှိတဲ့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိုလပ်မြေက အရောင်းအဝယ်ပုံမှန်လေးပဲ ရှိတယ်လို့ သိရပါတယ်။ မိုးလည်းကောင်းနေတာကြောင့် အရောင်းအဝယ်က သိပ်မကောင်းဘူး။ ဒီတစ်ပတ်မှာ ဆင်နဲ့ စိန်က ဈေးနည်းနည်းမြင့်လာပြီး ကျန်ဘိုလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးမြင့်တာကလည်း အရောင်းအဝယ်လိုက်လို့မဟုတ်ဘဲ ဝယ်ရင်းဈေးအနည်းငယ်မြင့်လာလို့သာ ဈေးမြင့်လာရတာလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးများမှာ ဆင်(ထိုင်း)၅၈၀၀ကျပ်၊ စိန် (ထိုင်း) ၅၇၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၃၀၀ ကျပ်၊ ကြံ့နှစ်ကောင် (စိမ်း) ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိုလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### မြေသြဇာတန်ချိန် ၉၀၀၀ ကျော်ဝင်

ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၁၁၄၈၅၆ တန်ဖိုးရှိမြေသြဇာ ၉၃၂၇ ဒသမ ၆၀၄တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီလကုန်ချိန်မှာ မြေသြဇာ အသုံးများလာတာကြောင့် မြေသြဇာ တင်သွင်းမှုလည်း များခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချီလီနိုင်ငံမှ ၂၇ တန်၊ တရုတ်နိုင်ငံမှ ၆၄၀၉ ဒသမ ၅၆၄ တန်၊အိန္ဒိယနိုင်ငံမှ ၁၂ တန်၊ ဂျပန်မှ၂၆တန်၊ ကိုရီးယားမှ၂၃ဒသမ ၀၄၀ တန်၊ စင်ကာပူမှ ၂၁၆ တန်နဲ့ ထိုင်းမှ၂၆၁၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံမှ ဒုတိယအများဆုံး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ မဂ္ဂနီဆီယမ် ဆာလဖိတ်၊နိုက်တြိုဂျင်၊ ယူရီးယား၊ အမိုးနီးယမ်း ဆာလဖိတ်နဲ့ ကွန်ပေါင်းတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် မြေသြဇာတင်သွင်းမှုမှာတန်ချိန်၉၆၀၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေး

ဇူလိုင် ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၉၃၂၇ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်က ၉၆၂၀ တန်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေသြဇာအဝင်မှာ ၂၅၀၅၀ တန် ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၂၈၄၅၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၄၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက အရောင်းအေးနေဆဲဖြစ်တယ်လို့ သိရပါတယ်။ ဒီအချိန်ထိ စပါးအတွက်လည်းမဆွဲသေးသလို မိုးသီးနှံအတွက်လည်း အသုံးနည်းနေသေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အရောင်းအေးနေသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၀၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၄၅၀၀ ကျပ်၊ကွန်ပေါင်း၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၀၅၀၀ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာအရောင်းအေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ အရောင်းအေးနေတာတော်တော်ကြာပြီ။ ဒီလလယ်လောက်ဆို အရောင်းတက်နိုင်တယ်။ ဒါပေမဲ့ မိုးများနေတော့ ခန့်မှန်းရခက်တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်) ၁၈၇၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၇၀၀ ကျပ်၊ တီစူပါ ၂၀% (တရုတ်)၁၂၀၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၇၅၀၀ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၅၂၀၀ ကျပ်၊ ဓာတ်ဆား(တရုတ်)၁၅၀၀၀ ကျပ်၊ပိုတက်(တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၄၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေ တဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ်၁၂း၁၃ ၁၅၅၀၀ကျပ်၊ ဆင်၁၀း၁၀း၅ ၁၅၀၀၀ကျပ်၊သီးစုံ (ဝါစိမ်းပြာ) ၁၅၀၀၀ ကျပ်၊ အာမို၁၅ ပတ်လည် ၃၇၀၀၀ကျပ်၊အာမို၁၆း၁၆း၈က ၃၅၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၁၉၅၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၉၀၀၀ ကျပ်၊ ယူရီးယား ၁၈၀၀၀ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ က ၁၈၀၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်နဲ့ တောင်သူမ ၁၄၈၀၀ ကျပ်၊ဇာမဏီ၁၇၆၀၀ ကျပ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ ယူရီးယားက ဈေးကျလာခဲ့ပြီး တီစူပါကဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်)၂၁၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၉၅၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၂၀၀၀ ကျပ်၊ ကွန်ပေါင်း၁၅ ပတ်လည် ၃၇၅၀၀ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇း (အမ်) ၃၁၉၀၀ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (အမ်-တရုတ်) ၃၁၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီနဲ့ နို့မှုန့် ဝင်အားကောင်း

ဇူလိုင် ၂၄ရက်မှ ၃၀ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၂၂၅၀၄၃ တန်ဖိုးရှိ နို့ဆီ ၉၆၉ ဒသမ ၂၆၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၈၇ ဒသမ ၅၅၂ တန်၊ မလေးရှားနိုင်ငံမှ ၁၄၈ဒသမ ၈၂၄ တန်နဲ့ စင်ကာပူမှ ၇၃၂ဒသမ ၈၈၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် နို့ဆီတင်သွင်းမှုမှာ တန်ချိန် ၁၂၀ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၈၄၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၁၆၈ တန်၊ မလေးရှားမှ ၅၂ ဒသမ ၀၈ တန်၊ ဖိလစ်ပိုင်မှ ၂ ဒသမ ၇၀ တန်၊ စင်ကာပူမှ ၁၂ဒသမ ၇၁၃ တန်နဲ့ ဗီယက်နမ်မှ ၆ ဒသမ ၆၅၇ တန်၊ စုစုပေါင်း ၂၄၂ ဒသမ၁၅တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နို့မှုန့်အဝင်မှာ တန်ချိန် ၉၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၄၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

| | | | | |
|---|---|---|---|---|
| **ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ** | | | | |

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၇ မှ ၂၉/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၇ မှ ၂၂/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၆၇၅.၀၀ | ၇၃၀.၅၀ | (-) ၄၅.၅၀ |
| ၂။ | လွယ်ဂျယ် | ၁၅၀.၀၀ | ၂၇၀.၀၀ | (-) ၁၂၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၂၇၆.၀၀ | ၁၁၄၀.၀၀ | (-) ၈၆၄.၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၅၀၀.၀၀ | (+) ၅၀၀.၀၀ |
| ၆။ | မြဝတီ | ၈၉၆.၅၅ | ၆၀၁.၉၂ | (+) ၂၉၄.၆၃ |
| ၇။ | ကော့သောင်း | ၉၀၃၉.၀၀ | ၄၀၉၅.၀၀ | (+) ၄၉၄၄.၀၀ |
| ၈။ | မြိတ် | ၁၇၉.၀၀ | ၄၄၀၀.၀၀ | (-) ၄၂၂၁.၀၀ |
| | စုစုပေါင်း | ၁၂၂၂၅.၅၅ | ၁၁၇၃၇.၄၂ | (+) ၄၈၈.၁၃ |

မြင့်မြင့်မာ

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၇ မှ ၂၉/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၇ မှ ၂၂/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၅၁၆.၅၅၀ | ၂၁၂၉၂.၃၆၀ | (-) ၂၇၇၅.၈၁ |
| ၂။ | လွယ်ဂျယ် | ၃၁၀.၇၅၀ | ၅၈၇.၃၅၀ | (-) ၂၇၆.၆၀ |
| ၃။ | ချင်းရွှေဟော် | ၄၀၉၄.၂၅၀ | ၅၀၈၆.၇၅၀ | (-) ၉၉၂.၅၀ |
| ၄။ | ကန်ပိုက်တီး | - | ၃၀၀.၀၀၀ | (-) ၃၀၀.၀၀ |
| ၅။ | မြဝတီ | ၁၃၇၄.၉၅၀ | ၃၈၀.၇၅၂ | (-) ၉၉၄.၁၉ |
| ၆။ | ကော့သောင်း | ၂၆၉.၀၀၀ | ၁၆၀.၀၀၀ | (+) ၁၀၉.၀၀ |
| ၇။ | မြိတ် | ၁၈၅.၀၀၀ | - | (+) ၁၈၅.၀၀၀ |
| ၈။ | ရိုဒ် | ၃၀၀.၀၀၀ | ၆၅၀.၀၀၀ | (-) ၃၅၀.၀၀၀ |
| | စုစုပေါင်း | ၂၅၀၅၀.၅၀၀ | ၂၈၄၅၇.၂၁၂ | (-) ၃၄၀၆.၇၁၀ |

ခင်မိုးသူ

## နှမ်း

# ချင်းရွှေဟော်မှ နှမ်းတန်ချိန် နှစ်ထောင် ကျော်တင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇူလိုင် နောက်ဆုံးပတ်တွင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၇၂၄ သန်းတန်ဖိုးရှိ နှမ်းဖြူ ၉၂၁ တန်ကျော်နဲ့ နှမ်းနက် ၁၂၄၅ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင် ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၇၇၁ တန်ကျော်နဲ့ တာချီလိတ်မှ နှမ်းနက် ၁၀ တန် တင်ပို့ခဲ့ပါတယ်။

မေလ ဒုတိယပတ်ကတည်းက မူဆယ်မှ နှမ်းတင်ပို့မှုမရှိတော့ပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာတော့ ဇူလိုင် ၂၂ ရက်က နှမ်းဖြူတစ်တန် ၁၂၀၈၉၇၅ ကျပ်၊ နှမ်းနက်တစ်တန် ၂၂၅၂၄၃၅ ကျပ်ရှိခဲ့ပြီး၊ ဇူလိုင် ၂၉ ရက်နေ့မှာ နှမ်းဖြူဈေး ၁၂၁၁၂၆၈ ကျပ်နဲ့ နှမ်းနက်ဈေး ၂၂၆၇၆၀၀ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့တာ တွေ့ရပါတယ်။

ဇူလိုင်လအတွင်း ချင်းရွှေဟော်မှ နှမ်းရောင်စုံ တန်ချိန် ၆၈၀၀ ကျော်၊ မြဝတီမှ နှမ်းနက် ၃၇ တန်နီးပါးနဲ့ တာချီလိတ်မှ နှမ်းနက် ၁၀ တန်ပြည်ပသို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# သိုလှောင်လက်ကျန်မြင့်တက်မယ်လို့ ခန့်မှန်းချက်ကြောင့် စားအုန်းဆီဈေး ရက်သတ္တပတ် ခြောက်ပတ်အတွင်း အမြင့်ဆုံးနှုန်းမှ ပြန်လည်ကျဆင်း



မလေးရှား စားအုန်းဆီ ကြိုတင်ရောင်းဈေးက ဩဂုတ် ၄ရက်မှာ ပြန်လည် ကျဆင်းခဲ့ပါတယ်။ စားအုန်းဆီ ဈေးက ဩဂုတ် ၃ရက်မှာ ရက်သတ္တပတ် ခြောက်ပတ်အတွင်း အမြင့်ဆုံးနှုန်းထိ ရောက်ရှိခဲ့ပြီးနောက်ပိုင်း ဇူလိုင်အတွက် သိုလှောင်လက်ကျန် မြင့်တက်မယ်လို့ ခန့်မှန်းခဲ့တဲ့အတွက်ကြောင့် လည်းကောင်း၊ ကုန်သည်များက အမြတ်ရနေတုန်းအချိန်မှာ ပြန်လည်ထုတ်ရောင်းလာတဲ့အတွက်ကြောင့် လည်းကောင်း ယခုလို ဈေးကျဆင်းတာဖြစ်ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။

စားအုန်းဆီဈေးက လေးရက်ဆက်တိုက် မြင့်တက်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကျဆင်းတာဖြစ်ပါတယ်။ ဒါပေမယ့် ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်မယ်ဆိုရင် ၃ဒသမ ၉ရာခိုင်နှုန်း မြင့်တက်နေဆဲဖြစ်ပါတယ်။ ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ နေ့လယ်ဈေးကွဲချိန်က အောက်တိုဘာလအတွက်ချုပ်ဆိုတဲ့ စားအုန်းဆီ ကြို ရောင်းဈေးရဲ့ အခြေခံစံထားဈေးနှုန်းက တစ်တန်ကို ၂၄၀၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၉၆) ဖြစ်ပါတယ်။

ဩဂုတ် ၃ ရက်မှာ စားအုန်းဆီဈေးက တစ်တန်ကို ၂၄၁၉ ရင်းဂစ်ဈေးနှုန်းရှိခဲ့တဲ့အတွက် ၁၀လအတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ဒီလိုမြင့်တက်ခဲ့ရတဲ့ အဓိကအကြောင်းရင်းက ဝယ်လိုအား မြင့်မားမှုနဲ့ အမေရိကန် ပဲပုပ်ဆီဈေးမြင့်တက်မှု က စားအုန်းဆီဈေးကို အထောက်အကူပေးခဲ့တဲ့အတွက် ဖြစ်ပါတယ်။ စားအုန်းဆီ ပြည်ပတင်ပို့မှု ပမာဏက ဩဂုတ် ၄ ရက် နေ့လယ်ပိုင်းမှာ ၂၅ တန်ရှိ အတွဲပေါင်း ၁၇၁၈၀ တွဲရောင်းချခဲ့ရပါတယ်။

"ဈေးကွက်ထဲမှာ စားအုန်းဆီ တစ်ဟုန်ထိုး ကျဆင်းမှုအရှိန်သေသွားပါတယ်"လို့ ကွာလာလမ်ပူရှိ အရောင်းတာဝန်ခံ တစ်ဦးက ပြောပါတယ်။ ရာသီအလိုက် ဖြစ်ပေါ်လာတဲ့ လမ်းကြောင်းအရ ထုတ်လုပ်မှု ပိုမိုလာမယ့် လက္ခဏာကို ပြသလာတဲ့အတွက် ဇူလိုင်မှာ စားအုန်းဆီ သိုလှောင်လက်ကျန် မြင့်တက်မယ်လို့ အရောင်းတာဝန်ခံတွေက ပြောပါတယ်။

မလေးရှားနိုင်ငံက အင်ဒိုနီးရှားနိုင်ငံပြီးလျှင် စားအုန်းဆီ ဒုတိယအများဆုံးထုတ်လုပ်တဲ့ နိုင်ငံဖြစ်ပြီး ထုံးစံအားဖြင့် နှစ်တစ်နှစ်ရဲ့ ဒုတိယသုံးလပတ်နဲ့ တတိယသုံးလပတ်တွေမှာ ရာသီအလိုက် ထုတ်လုပ်မှု မြင့်တက်ပါတယ်။ အဲဒီလိုအချိန်မျိုးတွေမှာ သိုလှောင်လက်ကျန် မြင့်တက်ပြီး အခြေခံစံထားဈေးနှုန်းတွေ ကျဆင်းတတ်ပါတယ်။

ဇွန်မှာ မလေးရှားနိုင်ငံရဲ့ ထုတ်လုပ်မှုက တန်ချိန် ၁ ဒသမ ၅၃ သန်းရှိပြီး၊ သိုလှောင်ကျန်မှာ ၇ ဒသမ ၇ရာခိုင်နှုန်း မြင့်တက်ကာ တန်ချိန် ၁ဒသမ ၇၈ သန်းအထိ ရောက်ရှိခဲ့ပါတယ်။ မလေးရှား စားအုန်းဆီဘုတ်အဖွဲ့က ဇူလိုင်လအတွက် တရားဝင်ကိန်းဂဏန်းများကို ဩဂုတ် ၁၀ ရက်မှာ ထုတ်ပြန်ပေးမှာဖြစ်ပါတယ်။

စားအုန်းဆီဈေးက တစ်တန်ကို အမြင့်ဆုံး ၂၄၃၂ ရင်းဂစ်နှုန်း မြင့်တက်လာနိုင်ပြီး၊ အနိမ့်ဆုံး တစ်တန်ကို ၂၃၇၄ ရင်းဂစ်နှုန်းထိ ပြန်ကျနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ဆေးရေးမှူး ဝမ်တောင်းက ပြော ပါတယ်။

အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေး ဘုတ်အဖွဲ့မှာ ပဲပုပ်ဆီရဲ့ ဒီဇင်ဘာအတွက် ကြိုရောင်း ဈေးက သုည ဒသမ ၂ရာခိုင်နှုန်း မြင့်တက် ပြီး၊ တရုတ်နိုင်ငံ၊ ဒါလီယံ ဈေးကွက်မှာ ဇန်နဝါရီအတွက် ပဲပုပ်ဆီ ကြိုရောင်းဈေးက သုည ဒသမ ၃ရာခိုင်နှုန်း မြင့်တက်ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၅-၈-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၃၈၀၀ | ▽ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၄၀၀ | ▽ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၈၀ | ၁၅၅၅ | △ |
| မန္တလေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၅၇၀ | ၁၆၅၀ | △ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၅၆၀ | ၁၅၄၀ | ▽ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၄၀ | ၁၆၅၀ | △ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၆၀၀ | ၁၆၈၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၅-၈-၂၀၁၆ US$/Ton

| အမျိုးအစား | ဇူလိုင်လစတုတ္ထပတ် | ဩဂုတ်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၁.၀၀ | ၆၀၈.၀၀ | ▽ |
| RBD P.Olein | ၆၁၄.၀၀ | ၆၂၀.၅၀ | △ |
| RBD P.Strarin | ၅၉၃.၅၀ | ၆၀၂.၀၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၅- ၈ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၆၇.၃၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၄၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၈၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၈၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၅.၉၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၄၀.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၂၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၀၃.၃၄၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၅-၈-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၀၅ဒေါ်လာနှင့် USD ဈေး ၁၁၈၇ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၅-၈-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၁၈၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

Vol: 16, No.29 Monday August 8 2016

# Myanmar-Japan Joint Initiative Phase II ၏ ပထမအကြိမ် Export and Import Working Group အစည်းအဝေးကျင်းပ

|cs/cb u fr|



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၃)တွင် ၂၀၁၆ ခုနှစ် ဩဂုတ် ၂ ရက်၌ Myanmar-Japan Joint Initiative Phase II ၏ ပထမအကြိမ် Export and Import Working Group အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်၍ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိအရာထမ်းများ၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ တွဲဖက်အတွင်းရေးမှူးနှင့် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း(JCCM) မှတာဝန်ရှိသူများ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

Myanmar-Japan Joint Initiative Phase I ကို ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မြန်မာနိုင်ငံ ဆက်စပ် ဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဂျပန်နိုင်ငံသံရုံး၊ JCCM တို့ ပူးပေါင်းတွေ့ဆုံ၍ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာဝန်းကျင်ကောင်းများ တိုးတက်လာစေရန်အတွက် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရပါသည်။ လက်ရှိအစိုးရသစ်လက်ထက်တွင် Phase II ၏ ပထမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့၊ Park Royal ဟိုတယ်တွင် ၂၀၁၆ခုနှစ်၊ ဇွန် ၁၃ ရက်က ကျင်းပခဲ့ပြီး လုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် ပို့ကုန်သွင်းကုန် မူဝါဒများနှင့် ပတ်သက်သည့် Export and Import Working Group အပါအဝင် Working Group ငါးခုကို ဖွဲ့စည်းခဲ့ပြီး ယခုပြုလုပ်သော အစည်းအဝေးသည် Export and Import Working Group ၏ ပထမအကြိမ် အစည်းအဝေးဖြစ်ပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ကုန်သွယ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မြန် ဆန်ဆန် ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ အချို့သောကိစ္စရပ်များမှာဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရလုပ်ငန်းတွင် အတားအဆီးများဖြစ်နေခြင်းကြောင့် ပြန်လည် တည့်မတ်နေရသည်များလည်းရှိကြောင်း၊ ထို့ပြင် တချို့သော အခြေအနေများအရ အကောင်အထည်ဖော်ရာတွင် နှေးကွေးနေသည်များရှိနေရာ ယင်းကဲ့သို့ နှေးကွေးနေမှုများအား အပြန်အလှန်နားလည်မှုရှိစွာဖြင့် ညှိနှိုင်းဖြေရှင်းကြရန်နှင့် တချို့ကိစ္စရပ်များကို ဆက်စပ် ဌာနများဆက်လက်ညှိနှိုင်းကြရမည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

ထို့နောက် ဆွေးနွေးပွဲတွင် ဂျပန်ဘက်မှ အကြံပြုဆွေးနွေးသည့် အချက်များအနေဖြင့် ကုန်သွယ်မှု မူဝါဒသည် ပို့ကုန်၊ သွင်းကုန် တိုးတက်မှုကို များစွာ သက်ရောက်မှုရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၁ ခုနှစ် ခန့်တွင် နိုင်ငံခြားသား ကုမ္ပဏီများအား ကုန်သွယ် မှုလုပ်ငန်းများကို ဖွင့်လှစ်ပေးခဲ့သော်လည်း အပြည့်အဝ ဖွင့်လှစ်ပေးခြင်း မရှိသေးသည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် နိုင်ငံတကာကုန်သွယ်မှုကို ဖြေလျှော့ခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ပြီး ဆင်းရဲမှုကိုလည်း လျော့ကျစေနိုင်ရန် အဓိကကျသည်ဟု ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံ၏ နှစ်စဉ် GDP နှုန်းထားမှာ ပိုမိုတိုးတက်လာသော်လည်း နိုင်ငံတကာ ကုန်သွယ်မှုအနေဖြင့် အခြား အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လျော့နည်းလျက်ရှိကြောင်း၊ Logistics performance Index(LPI) မှာလည်း ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၆၀ အနက် အဆင့် ၁၃၇ တွင်ရှိနေပါကြောင်း၊ သို့ဖြစ်၍ ထပ်မံဖွံ့ဖြိုး တိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်လျော့ကျစေရန် ထိရောက်ပြီး တွက်ခြေကိုက်စေသည့် ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများနှင့် လိုင်စင်စနစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များသည် အရေးပါကြောင်း၊ လက်ရှိအစိုးရသစ်တွင် အကောက်ခွန်စနစ်သည် ပိုမိုကောင်းမွန်လာခဲ့ကြောင်း၊ သို့သော်လည်း နိုင်ငံတကာကုန်သွယ်မှုကို ပိုမိုဖြေလျှော့သင့်ပါကြောင်း၊ Transaction Value Invoice System နှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သွင်းကုန်လိုင်စင်စျေးနှုန်းကို သတ်မှတ်ခြင်းသည် တစ်ခါတရံ အမှန်တကယ်ရောင်းဝယ်သည့် တန်ဖိုး (Transaction value) ထက် ပိုမိုများပြားနေကြောင်း၊ အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းသည် အထူးသတ်မှတ်ထားသော အခြေအနေများမှလွဲ၍ WTO agreement အရ ယေဘုယျအားဖြင့် Invoice ပေါ်တွင်ဖော်ပြထားသော ကုန်စည်အမှန် စျေးနှုန်းအပေါ်တွင်သာ ဆောင်ရွက်သင့်ကြောင်း၊ သို့ဖြစ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အကောက်ခွန်တို့သည် Transaction value ကို Single price အဖြစ် သတ်မှတ်သင့်ပါကြောင်း၊ ထို့အပြင် လုံခြုံရေးအကြောင်း ရင်းများ မှလွဲ၍ Non-automatic import licensing စနစ်ဖြင့် ထပ်မံကန့်သတ်ခြင်းသည် WTO Agreement နှင့် လိုက်လျောညီထွေမှုမရှိကြောင်း၊ သို့ဖြစ်၍ ယင်းစနစ်ကို လုံခြုံရေး အကြောင်းရင်းနှင့် ကုန်စည်အချို့အပေါ်တွင်သာ ကျင့်သုံးသင့်ပါကြောင်း၊ Form-D နှင့် ပတ်သက်၍ Dealer Price သည် CIF ပမာဏ ထက်ကျော်လွန်ပါက Form-D ခံစားခွင့်မရှိသည့်ကိစ္စကို ညှိနှိုင်းဖြေရှင်းပေးစေလိုကြောင်း၊ မော်တော်ယာဉ်ကဏ္ဍတွင် အနာဂတ် စျေးကွက် တိုးတက်ရေးနှင့် နိုင်ငံတစ်ဝန်း ရောင်းချမှုကွန်ရက်ကို ချဲ့ထွင်ရန်အတွက် ကားတင် သွင်းသူများသည် ကားအရောင်း ပြခန်းရှိရမည်ဆိုသော လိုအပ်ချက်ကို ဖယ်ရှားသင့်ကြောင်း၊ အာဆီယံ နိုင်ငံများတွင် အဖွဲ့ဝင်နိုင်ငံချင်းအကြား ကန့်သတ်ချက်များကို ဖြေလျှော့မှုများ အနေဖြင့် နိုင်ငံခြားသားအား ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ကိုလည်းကောင်း၊ တင်သွင်း၊ တင်ပို့မှု ကန့်သတ် ပိတ်ပင်ခြင်းတွင်လည်းကောင်း ပိုမိုဖြေလျှော့လာသည့် အနေအထားရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနှင့်အညီ ဖြေလျှော့ပေးသင့်ကြောင်း၊ သယ်ယူပို့ဆောင်ရေး စနစ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ကုန်းလမ်း၊ ရေလမ်းကို အသုံးပြုနေသော်လည်း နိုင်ငံတကာ အဆင့်အတန်းမီသည့် Safeguard bonded warehouse များမရှိသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အနေ ဖြင့် ပို့ကုန်၊သွင်းကုန်ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဆိပ်ကမ်း အပြင်ဘက်နှင့် လေဆိပ်များတွင် Bounded warehouse များတည်ဆောက်ရန် အကြံပြုလိုပါ ကြောင်း၊ ကားလမ်းများကျပ်တည်းမှုလျော့ကျစေရန် ကားအသစ်များအတွက် Stock Ceiling စည်းမျဉ်းကို ဖယ်ရှားသင့်ကြောင်း၊ ကားရပ်နားရန် ထောက်ခံချက်ရယူရေး သတ်မှတ်ချက်ကို ရပ်ဆိုင်းခြင်းနှင့် Stock Ceiling စည်းမျဉ်းများကြောင့် လိုင်စင် မရရှိဘဲ ဆိပ်ကမ်းသို့ ရောက်ရှိနေသော ကားများအတွက် ပြစ်ဒဏ်များကို ကင်းလွတ်ခွင့်ပြုသင့်ကြောင်းတို့ကို ဆွေးနွေးပါသည်။

ဂျပန်ဘက်မှ ဆွေးနွေးတင်ပြချက်များအပေါ် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြန်လည် ရှင်းလင်းဆွေးနွေးရာတွင် မိမိတို့ဌာနအနေဖြင့် ကုန်စည်လိုင်းပေါင်း ၉၀၀၀ ကျော်ရှိသည့်အနက် လိုင်းပေါင်း ၅၀၀၀ ကျော်ကို လိုင်စင်မလိုသော ကုန်စည်လိုင်းအဖြစ် ပြင်ဆင်ဖြေလျှော့ပြီးဖြစ်၍ အဆိုပါ လိုင်း ၅၀၀၀ ကျော်သည် အကောက်ခွန်တွင် Earning ဖွင့်ပြီး တင်ပို့၊ တင်သွင်းနိုင်ပြီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဆိုပါကုန်စည်များ၏ Invoice နှင့် Transaction စျေးနှုန်းသတ်မှတ်မှုသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မသက် ဆိုင်တော့ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်စည်လိုင်းပေါင်း ၄၀၀၀ ကျော်ကိုသာ လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်အဖြစ် သတ်မှတ်ထားပြီး ယင်းကုန်စည် အမယ်များအနက် အဆင့်အလိုက် ထပ်မံဖြေလျှော့ရန်လည်း သက်ဆိုင်ရာဆက်စပ်ဌာန၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ လိုင်စင်လျှောက်ထားရန်လိုသည့် ကုန်စည်များကို လိုင်စင်ထုတ်ပေးရာတွင်လည်း WTO Agreement နှင့်အညီ UN Layout ပုံစံများနှင့် ခွင့်ပြုလျက်ရှိကြောင်း၊ လိုင်စင်ထုတ်ပေးရာတွင် အချို့သော ကုမ္ပဏီများသည် တန်ဖိုးမှန်ကန်စွာဖြင့် လျှောက်ထားမှုရှိသော်လည်း ကုမ္ပဏီအချို့မှာ အခွန်ရှောင်တိမ်း လိုသည့်အတွက် မမှန်မကန် လျှောက်ထားသည်များရှိကြောင်း၊ အချို့သော ဖြစ်စဉ်များတွင် ကန်ဒေါ်လာ ၅၀၀ ကျော်တန်ဖိုးရှိ ပစ္စည်းကို ကန်ဒေါ်လာ ၁၀ နှင့် လည်းကောင်း၊ ကန်ဒေါ်လာ ၃၀၀ တန်ဖိုးရှိပစ္စည်းကို ၂ဒေါ်လာနှင့်လည်းကောင်း မမှန်မကန်လျှောက်ထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ယင်းကိစ္စများအတွက် လိုင်စင်စျေးနှုန်း သတ်မှတ်ရာတွင် အင်တာနက်ပါ စျေးနှုန်းဖြင့် စိစစ်ထုတ်ပေးခဲ့ကြောင်း၊ ဤကဲ့သို့ စျေးနှုန်းဖြင့် လိုင်စင်ထုတ်ပေးခြင်းသည် အလုံးစုံမှန်ကန်မည်ဟု မမျှော်လင့်သော်လည်း ကုန်သည်လုပ်ငန်းရှင်များ၊ တင်သွင်းသူများ အဆင်ပြေချောမွေ့စေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် Invoice ပါတန်ဖိုးအတိုင်း လိုင်စင်ထုတ်ပေးရန်အတွက် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် သက်ဆိုင်ရာဌာနနှင့် UMFCCI တို့နှင့် ညှိနှိုင်းထားပြီးဖြစ်သကဲ့သို့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်၃၀ ရက်ကလည်း ကမ္ဘာ့ဘဏ် consultant များဦးစီး၍ Valuation Workshop ကို ကျင်းပခဲ့ကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း လိုင်စင်မလိုသော ပစ္စည်းများ ကို WTO မှ သတ်မှတ်သော Valuation နှင့်အညီ ဆောင်ရွက် သွားရန်လည်း World Bank မှ အကြံပြုခဲ့ကြောင်း၊ သို့ဖြစ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာကုမ္ပဏီများ၏ တာဝန်ခံမှု၊ တာဝန်ယူမှု၊ တာဝန်သိမှုတို့အရ တင်ပြလာသော Invoice ပါတန်ဖိုးအရ လိုင်စင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နှင့် အလားတူ လိုင်စင်မလိုသော ကုန်စည်များအပိုင်းတွင်လည်း သက်ဆိုင်ရာဌာနများမှ လိုက်ပါဆောင်ရွက်နိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် WTO အဖွဲ့ဝင်ဖြစ်သည့် အားလျော်စွာ Rules of Origin (RoO) စည်းမျဉ်းကိုလည်းလိုက်နာရကြောင်း၊ ASEAN Free Trade Agreementကို လည်းလိုက်နာရပါကြောင်း၊ သို့ဖြစ်၍ AFTA သတ်မှတ်ချက်အရ Form-D ခံစားခွင့် ဆိုင်ရာစည်းကမ်းများကို လိုက်နာရပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် အဆိုပြုသည့် Invoice ပါတန်ဖိုးအတိုင်း ဆောင်ရွက်ရန်သဘောတူထားပြီးဖြစ်၍ ယခု Cost Insurance Freight (CIF) တန်ဖိုးကို FOB အပေါင်း ၂၀ ရာခိုင်နှုန်း သတ်မှတ်ပြီး ဖြစ်နေသည့် ကိစ္စကို ရှင်းလင်းပြီဟု ယူဆပါကြောင်း ၊ယင်းကိစ္စနှင့် ပတ်သက်၍ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အစည်းအဝေးတွင် ဆက်လက် တင်ပြမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းမှုစည်းမျဉ်းများ သတ်မှတ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်

➡ စာမျက်နှာ ၂၆ သို့

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်ကိုရီးယားနိုင်ငံ အာဆီယံ – ကိုရီးယားစင်တာတွင် ASEAN Goods Exhibition Program ကို ဆောင်ရွက်မည်

အာဆီယံ-ကိုရီးယားစင်တာမှ ကြီးမှူး၍ ကျင်းပပြုလုပ်မည့် ASEAN Goods Exhibition Program တွင် တစ်ခုအပါအဝင်ဖြစ်သည့် Trade Mission Program for Gift Sector ကို တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် စက်တင်ဘာလ ၆ ရက်နေ့မှ ၉ ရက်နေ့ အထိ ကျင်းပပြု လုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကုမ္ပဏီများလည်း ပါဝင်တက်ရောက် နိုင်ရန် အာဆီယံ-ကိုရီးယားစင်တာမှ ဖိတ်ကြားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အာဆီယံ-ကိုရီးယားစင်တာအနေဖြင့် “Trade Mission Program for Gift Sector” အတွက် ဘရူနိုင်းနိုင်ငံမှ ကုမ္ပဏီ နှစ်ခု၊ ကမ္ဘောဒီးယားနိုင်ငံမှ ကုမ္ပဏီနှစ်ခု၊ အင်ဒိုနီးရှားနိုင်ငံမှ ကုမ္ပဏီ နှစ်ခု၊ လာအိုနိုင်ငံမှ ကုမ္ပဏီသုံးခု၊ မလေးရှားနိုင်ငံမှ ကုမ္ပဏီနှစ်ခုနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီသုံးခုတို့အား ဖိတ်ကြားသွားမည်ဖြစ်ပါသည်။

ထို့အပြင် ASEAN Goods Exhibition Program တွင် တစ်ခု အပါအဝင်ဖြစ်သည့် “Trade Mission Program for Textile Sector” ကိုလည်း တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် ဩဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်၍ မြန်မာ နိုင်ငံမှ ကုမ္ပဏီများပါဝင်တက်ရောက်နိုင်ရန်လည်း အာဆီယံ-ကိုရီးယားစင်တာအနေဖြင့် ဖိတ်ကြားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အာဆီယံ-ကိုရီးယားစင်တာအနေဖြင့် “Trade Mission Program for Textile Sector” အတွက် ဘရူနိုင်းနိုင်ငံမှ ကုမ္ပဏီနှစ်ခု၊ လာအိုနိုင်ငံမှ ကုမ္ပဏီသုံးခုနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီနှစ်ခုတို့အား ဖိတ်ကြားသွားမည်ဖြစ်ပါသည်။

အဆိုပါအစီအစဉ်သည် အာဆီယံနိုင်ငံများရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ကိုရီးယားနိုင်ငံ၏ ဈေးကွက် အခြေအနေ၊ ကုန်ပစ္စည်းတင်သွင်းမှုဆိုင်ရာ လုပ်ငန်းစဉ်များ နှင့်အခြားဆက်စပ်သော သတင်းအချက်အလက်များ ရရှိနိုင်ရန်နှင့် အတွေ့အကြုံ၊ ဗဟုသုတများဖလှယ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး၊ အာဆီယံနိုင်ငံများမှ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်ကိုရီးယားနိုင်ငံမှ ကုန်ပစ္စည်း ဝယ်ယူရန် စိတ်ပါဝင်စားသူများလည်း တွေ့ဆုံ ဆွေးနွေးနိုင် မည်ဖြစ်၍ စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သည့် ကွန်ရက် ချိတ်ဆက်နိုင်မှု အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်နိုင်မည့် ကုမ္ပဏီအမည်စာရင်းများကို ပေးပို့ရန်နှင့်အခြားချိတ်ဆက်ဆောင်ရွက်ရမည့် အပိုင်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများသို့လည်း ညှိနှိုင်းအကြောင်းကြားထားပြီး မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး လိုအပ်သည့် ချိတ်ဆက်ဆောင်ရွက်မှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် သည်။

အာဆီယံ-ကိုရီးယားစင်တာအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများသို့ နည်းပညာဖြန့်ဝေခြင်း၊ ကုန်သွယ်မှုနှင့်ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ပေးခြင်းတို့အပြင် ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ကုန်စည်ပြပွဲများတွင်လည်း မြန်မာနိုင်ငံမှ ကုမ္ပဏီများလာရောက်ပါဝင်ပြသနိုင်ရေးအတွက်လည်း နှစ်စဉ်လျာထား၍ ထောက်ပံ့ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးလျက် ရှိကြောင်းသိရပါသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများအား တိုးမြှင့်လုပ်ဆောင်ရန် တရုတ်ဝန်ကြီးချုပ်က တိုက်တွန်း

တရုတ်ဝန်ကြီးချုပ်က ပုဂ္ဂလိကနှင့်အစိုးရပါဝင်သော စီးပွားရေး လုပ်ငန်း (Semi-public business) များအား အဓိကဦးစားပေးစီမံကိန်းများ အထူးသဖြင့် လူမှုရေးရင်းနှီးမြှုပ်နှံမှု (Social Investment) ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်ရန် အားပေးမည်ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းများတွင် ဖြေလျှော့ပေးသွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးသည့်ဆောင်ရွက်မှုများလည်း ပြုလုပ် ပေးသွားမည်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းစဉ်ကို (၁၃) ကြိမ်မြောက် ငါးနှစ် စီမံကိန်း ၂၀၁၆-၂၀ တွင် ထည့်သွင်းချမှတ်ထားကြောင်း၊ ဇူလိုင်လ ၁၈ ရက်၌ ကျင်းပသည့် နိုင်ငံတော်ကောင်စီနှင့်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး၌ ပြောကြားခဲ့ပါသည်။

ပုဂ္ဂလိက ပုံသေပိုင်ပစ္စည်းရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်းရင်းနှီး မြှုပ်နှံမှု၏ ၆၀ ရာခိုင်နှုန်းရှိပြီး ယခုနှစ်ပထမခြောက်လပတ်၌ ၂ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်အတွက် ယခုနှစ်စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းမှ ၇ ဒသမ သုည ရာခိုင်နှုန်းကို ထိခိုက်နိုင်ကြောင်း ဝန်ကြီးချုပ်က သတိပေးပြောကြားခဲ့ပါသည်။ ထို့အပြင် ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုပုံစံကို ပြောင်းလဲရန်တိုက်တွန်းခဲ့ပြီး Public - Private Partnership (PPP) Financing Model သည် လူမှုရေးရင်းနှီးမြှုပ်နှံမှုများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက် ရေးနှင့်အခြား ဝန်ဆောင်မှုလုပ်ငန်းများအပြင် အခြေခံအဆောက် အအုံရင်းနှီးမြှုပ်နှံမှုအတွက် သင့်တော်သည့်နည်းလမ်းဖြစ်ကြောင်း တိုက်တွန်းခဲ့ပါသည်။

အစိုးရဘဏ္ဍာငွေသည် သုံးစွဲရန် အကန့်အသတ်ရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်သည့် လုပ်ငန်းများနှင့်ပိုလျှံထုတ်လုပ်မှုဖြစ်နေသည့် ကဏ္ဍများ၌ သုံးစွဲမည့်အစား လူမှုရေးလုပ်ငန်းများတွင် ပိုမိုသုံးစွဲရန်လုပ်ငန်းလမ်းညွှန်ချက်များကို တိုးမြှင့် ဆောင်ရွက်မည်ဟု သိရှိရပါသည်။ အန်ဟွေးပြည်နယ်အစိုးရမှ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူအများစုမှာ လုပ်ငန်းသစ်များနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံလိုသော်လည်း လက်လှမ်းမမီဘဲ ဝင်ရောက်ရန် ခက်ခဲနေဆဲဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရာ၌ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ပုဂ္ဂလိက၊ အစိုးရခွဲခြားဆက်ဆံမှု များကိုလည်း ဖယ်ရှားပေးသင့်ပြီး ရင်းနှီးမြှုပ်နှံရာ၌ ကုန်ကျစရိတ်များကိုလည်း လျှော့ချရမည်ဖြစ်ကြောင်း၊ ထို့အပြင် အသေးစားစီးပွားရေး လုပ်ငန်း လုပ်ကိုင်သူများအတွက် အစိုးရမှ ထောက်ပံ့ပေးသင့်ကြောင်း သုံးသပ်ပြောကြားပါသည်။

ပုံသေပိုင်ပစ္စည်းကဏ္ဍနှင့်အခြေခံအဆောက်အအုံလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ ယခုနှစ်ဝက်၌ ၉ ဒသမ သုည ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

**သန္တာခိုင်၊**
**စီးပွားရေးသံမှူး မြန်မာသံရုံး၊ ပေကျင်းမြို့**

# အာဖဂန်နစ္စတန်နိုင်ငံမှ ပဲများတင်သွင်းရန် အိန္ဒိယနိုင်ငံက အလေးအနက်ထားစဉ်းစားနေ

အိန္ဒိယနိုင်ငံသည် ပြည်တွင်းပဲထောက်ပံ့မှုကို မြှင့်တင်နိုင်ရန်နှင့် တစ်ကီလိုဂရမ်လျှင် ရူပီး ၂၀၀ အထိ မြင့်တက်နေသည့်ပဲလက်လီ ဈေးနှုန်းများကို ထိန်းချုပ်နိုင်ရန်အတွက် အာဖဂန်နစ္စတန်နိုင်ငံမှ ပဲများ တင်သွင်းနိုင်မည့် အလားအလာများရှာဖွေလျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် လတ်တလောတွင် မိုဇမ်ဘစ်နိုင်ငံမှ လာမည့်ငါးနှစ်အတွင်း ပဲစင်းငုံနှင့်အခြားပဲများ တင်သွင်းမှု နှစ်ဆတိုးမြှင့်ရန်နှင့် အခြား အာဖရိကနိုင်ငံမှ တစ်နှစ်လျှင် ပဲတန်ချိန်နှစ်သိန်း တင်သွင်းရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံသည် အာဖဂန်နစ္စတန်မှ ပဲမျိုးစုံရောင်းချမည့်သူများ နှင့် ချိတ်ဆက်ပြီး ပဲတင်သွင်းနိုင်မည့်အလားအလာများကိုလည်း ရှာဖွေလျက်ရှိသည်။ အာဖဂန်နစ္စတန်မှ တောင်သူ လယ်သမားများသည် သေချာသည့် ဈေးကွက်တစ်ခုရှိပါက ပဲများစိုက်ပျိုးကြမည်ဖြစ်ပြီး၊ လက်ရှိအနေအထားအရ အိန္ဒိယနိုင်ငံသည် ပဲများကိုပြည်ပမှ တင်သွင်းမှသာ စားနပ်ရိက္ခာဖူလုံမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် အာဖဂန်နစ္စတန်မှ တန်ချိန် တစ်သိန်းခန့်ဖြင့် စတင်တင်သွင်းမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ပဲမျိုးစုံစိုက်ပျိုးရန် နှစ်ရှည် ကန်ထရိုက်စိုက်ပျိုးခြင်း (Contract Farming) နှင့် စပ်လျဉ်း၍ စိတ်ပါဝင်စားသည့်အတွက် မေးမြန်းစုံစမ်းမှုများ ပြုလုပ်ခဲ့ရာ အလားအလာများရှိသော်လည်း၊ ၎င်းတို့ အနေဖြင့် ပြည်တွင်းဈေးကွက်တွင် သုံးစွဲမှုနည်းသည့် မြေထောက်ပဲများကိုသာ စိုက်ပျိုးကြသည်။ သို့ရာတွင် အခြားပဲများကိုလည်း စိုက်ပျိုးရန် ဖြစ်နိုင်ခြေအလားအလာရှိသည်ဟု အာဖဂန်နစ္စတန်စိုက်ပျိုးရေး၊ ဆည်မြောင်း နှင့်မွေးမြူရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Abdul Qadeer Jawad ကပြန်လည်ဆွေးနွေးခဲ့ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၏ စီးပွားရေးဌာနမှ Amar Sinha ကပြောကြားထားကြောင်း သိရပါသည်။

၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် အိန္ဒိယနှင့် အာဖဂန်နစ္စတန်နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၈၄ သန်း ခန့်ရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည် ပြည်တွင်းပဲလိုအပ်ချက်ပြည့်မီရန် ပြည်ပမှ ပဲတန်ချိန်ခြောက်သန်းမှ ခုနစ်သန်းအထိ ဝယ်ယူတင်သွင်းရမည် ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ ပဲထုတ်လုပ်မှုပမာဏမှာ ၂၀၁၃-၁၄ သီးနှံ ရာသီတွင် တန်ချိန် ၁၉ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ သော်လည်း ၂၀၁၄-၁၅ သီးနှံရာသီတွင် တန်ချိန် ၁၇ ဒသမ ၁၅ သန်းနှင့် ၂၀၁၅-၁၆တွင် တန်ချိန် ၁၇ ဒသမ ၀၆ သန်း အထိ လျော့ကျလာခဲ့ကြောင်း၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပဲတင်သွင်း သူများက တန်ချိန် ခြောက်သန်းနီးပါး တင်သွင်းခဲ့ကြောင်း သိရပါသည်။

သို့ရာတွင် အိန္ဒိယအစိုးရသည် ပဲဈေးနှုန်းမြင့်တက်မှုနှင့် ဈေးကစားခြင်းတို့ကို ထိန်းချုပ်နိုင်ရန်နှင့် ဈေးနှုန်းများ မင့်တက်လာပါက ဈေးကွက်ဝင်ရောက်ထိန်းညှိခြင်းများ ဆောင်ရွက်နိုင်ရန် ယခုနှစ်အတွင်း အရန်ပဲ (Buffer Stock) တန်ချိန် နှစ်သန်းအထိ တိုးမြှင့်ဝယ်ယူရန် ဆုံးဖြတ်ခဲ့ပြီး၊ မြန်မာနိုင်ငံအပါအဝင် ပဲစိုက်ပျိုးသည့် နိုင်ငံများ နှင့် အစိုးရအချင်းချင်း ချိတ်ဆက်ကာ ပဲမျိုးစုံဝယ်ယူနိုင်ရေး ကမ်းလှမ်းဆွေးနွေးလျက်ရှိပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## တောင်ကိုရီးယားနိုင်ငံတွင် နှစ်ပေါင်း ၃၀ အတွင်း ဆန် (ထမင်း) စားသုံးမှုထက်ဝက်လျော့ကျ

တောင်ကိုရီးယားနိုင်ငံတွင် ဆန် (ထမင်း) စားသုံးမှု ထက်ဝက်ခန့် လျော့ကျလာခဲ့ကြောင်း စစ်တမ်းများအရ သိရသည်။ ထမင်းသည် ကိုရီးယားလူမျိုးတို့၏ အဓိကအစားအစာဖြစ်ခဲ့ သော်လည်း ယခုအခါတွင် တဖြည်းဖြည်း ကျဆင်းခဲ့သည်။ ၁၉၈၅ ခုနှစ်ကာလပိုင်းတွင် တောင်ကိုရီးယားနိုင်ငံ၌ လူတစ်ဦးလျှင် ပျမ်းမျှဆန် ၁၃၀ ကီလို ဂရမ်နှုန်းစားသုံးခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် လူတစ်ဦးလျှင် ပျမ်းမျှ ၆၃ ကီလိုဂရမ်နှုန်းခန့်သာ စားသုံးမှုရှိတော့သည့်အတွက် စားသုံးမှုနှုန်းများ ကျဆင်းခဲ့သည်ကိုတွေ့ရသည်။ အဓိကအကြောင်းရင်းမှာ ကိုရီးယားနိုင်ငံသားများအနေဖြင့် ကာဗိုဟိုက်ဒရိတ်နည်းပါးသည့် စားသောက်မှုပုံစံကို ပိုမိုကျင့်သုံးလာကြပြီး အဆိုပါပုံစံသည် ယနေ့ခေတ်တွင်လည်း ပိုမိုရေပန်းစားလာသောကြောင့်ဖြစ်သည်။

ဆန်(ထမင်း)စားသုံးလိုမှု တဖြည်းဖြည်းနည်းပါးလာမှုသည် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကိုပါ အကျိုးသက်ရောက်မှုဖြစ်လျက်ရှိသည်။ ယမန်နှစ်က စပါးစိုက်ပျိုးထုတ်လုပ်နိုင်မှုသည် ခြောက်နှစ်တာကာလအတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး တန်ချိန် ၄ ဒသမ ၃ သန်းအထိ ရောက်ရှိခဲ့သည်။ ဆန်ဝယ်လိုအားနှင့် ရောင်း လိုအား တည်ငြိမ်မျှတမှုရှိစေရန်အတွက် စိုက်ပျိုးရေး၊ အစားအစာနှင့် ကျေးလက် ရေးရာ ဝန်ကြီးဌာနအနေဖြင့် ဆန်တင်ပို့မှုမြှင့်တင်ခြင်းနှင့်ဆန်စပါး ထုတ်လုပ်သည့် စက်ရုံများကို အားပေးမြှင့်တင်ပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက် ရှိသည်။ **ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၈–၈–၂၀၁၆)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအနည်းငယ် တက်သော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်တက်ခဲ့သလို အရောင်းအဝယ်လည်း ပုံမှန်ဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ၅၀ ကီလိုတစ်အိတ်ကို ၈၃ ယွမ်မှ ၈၆ ယွမ်ရှိခဲ့ရာက ယခုတစ်ပတ်မှာ ၅၀ ကီလိုတစ်အိတ်ကို ၈၃ ယွမ်မှ ၈၇ ယွမ် (တစ်တန်ကို ၁၆၆၀ ယွမ်မှ ၁၇၄၀ ယွမ်) ဖြစ်ခဲ့တာမို့ ဈေးအနည်းငယ်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် တစ်ပတ်အတွင်း တန်ချိန် ၅၉၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ရေကျ သွားပြီဖြစ်တဲ့အတွက် တစ်ပတ်အတွင်း တန်ချိန် ၁၀၀၀၀ ကျော် အရောင်းအဝယ်ရှိခဲ့တာကြောင့် အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေသော်လည်း အရောင်းအဝယ်နည်း

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးအပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်းသိရပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ တိရစ္ဆာန်အစာစပ်စက်ရုံတွေက တစ်ပိဿာ ၃၈၅ ကျပ် (တစ်တန်ကို ၂၃၅၇၇၀ ကျပ်)နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ ဈေးနှုန်းအပြောင်းအလဲမရှိပေမယ့် အဝယ်နည်းသွားတာကြောင့် ယခင်တစ်ပတ်က ပိဿာချိန် ၂၈၈၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ ပိဿာချိန် ၁၁၀၀၀၀ ခန့်သာ အရောင်းအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းဈေးငြိမ်နေသော်လည်း အရောင်းအဝယ်အေး

ဒီတစ်ပတ် ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေး အတက်အကျမရှိဘဲ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေ ကြောင်း သိရပါတယ်။ ပြောင်းဈေးကတော့ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ကျပ် ၃၉၀(တစ်တန်ကို ၂၃၈၈၃၂ ကျပ်)နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ ရေကြီးနေတာကြောင့် အရောင်းအဝယ်အေးနေပြီး တစ်ပတ်အတွင်းမှာ အိတ် ၂၀၀ မှ ၃၀၀ ခန့်သာ အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်သွက်

ဒီတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးအတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်က တစ်ပိဿာကို ကျပ် ၄၀၀ (တစ်တန်ကို ၂၄၄၉၅၆ ကျပ်)နဲ့ ဈေးဖွင့်ဝယ်ယူခဲ့ကြောင်းနဲ့ ယခင်တစ်ပတ်က အရောင်းအဝယ်ပိဿာချိန် ၈၆၂၂၀ ခန့်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ ပိဿာချိန် ၂၄၆၂၄ အထိရှိခဲ့တာမို့ အရောင်းအဝယ်ကောင်းနေကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်းဈေး ဆက်လက်ကျဆင်း

ဒီတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့အစေ့ထုတ်ပြောင်းဈေးဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။ မတ်ပဲအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၆၄၀ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၅၀၀ (တစ်တန်ကို ၁၅၃၀၉၇၅ ကျပ်)အထိ ဈေးကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ် အနေနဲ့ တစ်နေ့ကို အိတ် ၁၀၀၀ ခန့်ရှိကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၄၁၀ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ၄၀၅ ကျပ် (တစ်တန်ကို ၂၄၈၀၁၇ ကျပ်) သာရှိတာမို့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကိုအိတ် ၁၅၀၀ ခန့်ရှိတာမို့ အရောင်းအဝယ်အနေနဲ့ ပုံမှန်ရှိနေကြောင်းနဲ့ မတ်ပဲရောအစေ့ထုတ်ပြောင်းပါ ရန်ကုန်ဝယ်လက်က ဝယ်ယူကြောင်းသိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးကျ

ဒီတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးကျပြီး နှမ်းနီနဲ့ သိပ္ပံနှမ်းဈေးအနည်းငယ်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၂၁၅ ကျပ်ရှိခဲ့တဲ့ ပဲစင်းငုံနီကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်) နဲ့ ဈေးနိမ့်အဝယ်ဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ပတ်အတွင်းအိတ် ၂၀၀ ခန့်သာရှိခဲ့ကြောင်းလည်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၇၅ ကျပ်ဖြစ်ခဲ့တဲ့ ပဲတီစိမ်းကလည်း ဒီတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၂၅၀ (တစ်တန်ကို ၇၆၅၄၈၇ ကျပ်) ဖြစ်ခဲ့တာ မို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးကျခဲ့ကြောင်းနဲ့ တစ်ပတ်အတွင်းမှာအိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်းသိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းနီတစ်ပိဿာ ၁၉၃၅ ကျပ်၊ နှမ်းနက် တစ်ပိဿာကျပ် ၂၁၁၀၊ သိပ္ပံနှမ်းတစ်ပိဿာ ကျပ် ၃၃၈၀ ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက နှမ်းနီနဲ့ သိပ္ပံနှမ်းတို့ဈေးတက်ခဲ့ပြီး နှမ်းနက်ကတော့ ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း ဆက်လက်ရှိနေကြောင်းနဲ့ နှမ်းမျိုးစုံအရောင်းအဝယ်အေးနေကြောင်းလည်းသိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးကျ

ဒီတစ်ပတ်ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေး ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၂၂၅ ကျပ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၀၇၀ (တစ်တန်ကို ၁၂၆၇၆၄၇ ကျပ်) နဲ့ ဈေးဖွင့်ခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးကျခဲ့ပါတယ်။ အရောင်းအဝယ် အနေနဲ့ တစ်နေ့ကို အိတ် ၅၀ ခန့်သာရှိကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးက တစ်ပိဿာ ကျပ် ၂၁၆၀ (တစ်တန်ကို ၁၃၂၂၇၆၂ ကျပ်) နဲ့ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကိုအိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်းနဲ့ ကုလားပဲ ဟော်လန်က တစ်ပိဿာ ကျပ် ၂၀၈၀ (တစ်တန်ကို ၁၂၇၃၇၇၁ ကျပ်) နဲ့ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးကျ

ဒီတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေး ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၇၅ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၀၆၀ (တစ်တန်ကို ၁၂၆၁၅၂၃ ကျပ်) သာရှိခဲ့တာမို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်ပတ်အတွင်းတစ်တန်ကို ကျပ် ၇၀၀၀၀ ခန့် ဈေးကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီ အရောင်းအဝယ်ဖြစ်မှုမှာ တစ်နေ့ကို အိတ် ၂၀၀ ခန့်ရှိကြောင်း သိရပါတယ်။ အလားတူ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၄၂၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၆၅ ကျပ် (တစ်တန်ကို ၇၇၄၆၇၃ ကျပ်) သာရှိခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်တန်ကို ကျပ် ၉၅၀၀၀ ခန့်ဈေးကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းကတော့ တစ်နေ့ကို အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းဖြူတစ်ပိဿာ ၂၀၄၅ ကျပ်၊ နှမ်းညိုတစ်ပိဿာ ကျပ် ၁၄၉၀၊ နှမ်းနက်ရိုးရိုး တစ်ပိဿာကျပ် ၂၁၈၀၊ နှမ်းနက်စမုံတစ်ပိဿာကျပ် ၃၆၉၀ နဲ့ ဒီတစ်ပတ်မှာ အဝယ်ဖွင့်ခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက နှမ်းနက်စမုံဈေးတက်ခဲ့ပြီး နှမ်းဖြူကတော့ ဈေးကျခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ နှမ်းမျိုးစုံ အိတ် ၅၀၀ မှ ၉၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်း

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။ မတ်ပဲ အနေနဲ့ ယခင်တစ်ပတ်က FAQ တစ်တန်ကို ကျပ် ၁၆၅၀၀၀၀၊ SQ တစ်တန်ကို ကျပ် ၁၆၇၀၀၀၀ ရှိခဲ့ပြီး ယခုတစ် ပတ်မှာတော့ မတ်ပဲ FAQ တစ်တန်ကို ကျပ် ၁၆၄၂၀၀၀ ၊ SQ တစ်တန်ကိုကျပ် ၁၆၆၂၀၀၀ နဲ့ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ အလားတူပဲစင်းငုံနီ FAQ ကလည်း ယခင်တစ် ပတ်မှာ တစ်တန်ကို ကျပ် ၁၃၁၃၀၀၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာ ကျပ် ၁၃၀၀၀၀၀ ဖြစ်ခဲ့တဲ့အတွက် ဈေးနှုန်းဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီဈေးကျပြီး အရောင်းအဝယ်အေး

ဒီတစ်ပတ်ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီဈေးကျဆင်းခဲ့ကြောင်းသိရပါတယ်။ မတ်ပဲအနေနဲ့ ယခင်တစ်ပတ်မှာ တစ်ပိဿာကို ၂၆၂၅ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၂၅ ကျပ် (တစ်တန်ကို ၁၄၈၅၀၄၅ ကျပ်) သာရှိခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက တစ်တန်ကိုကျပ် ၁၂၀၀၀၀ ခန့် ဈေးကျဆင်းခဲ့ပါတယ်။ ပြည်ပအတွက် ရန်ကုန်ဝယ်လက်က ဝယ်လိုအားရှိနေပေမယ့် လှောင်လက်တွေအနေနဲ့ တက်ဈေးမျှော်ပြီး ထုတ်ရောင်းမှုနည်းပါးတာရယ်၊ ပဲဝင်ရောက်မှုနည်းပြီး လက်ကျန်ပဲအချို့နဲ့သာ အရောင်းအဝယ်ရှိတာကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်မှာ တစ်ပိဿာကို ၂၂၂၅ ကျပ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၂၀၅၀ (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်) ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ပဲစင်းငုံနီ တစ်တန်ကို ကျပ် ၁၀၀၀၀၀ ကျော်ခန့်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေနဲ့ လက်ကျန်ပဲသာရှိပြီး အဝင်မရှိတော့တာကြောင့် ဝယ်လိုအားရှိနေပေမယ့် နေ့စဉ်အရောင်းအဝယ် မဖြစ်ဘဲ ရက်ခြားမှသာ အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျ

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးယခင်တစ်ပတ်အောက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကို ကျပ် ၂၇၀၀ အထိဈေးနှုန်းရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၄၇၁ ကျပ်(တစ်တန်ကို ၁၄၈၀၁၄၆ ကျပ်) သာရှိတဲ့ အတွက် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက တစ်တန်ကိုကျပ် ၁၇၀၀၀၀ ကျဆင်းခဲ့ကြောင်းသိရပါတယ်။ မတ်ပဲကိုပဲခွဲစက်တွေ က အဝယ်ရှိပြီး တစ်နေ့ကိုသုံးတင်းအိတ် ၄၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ပဲတီစိမ်းအညာကတော့ တစ်ပိဿာ ၁၄၈၅ ကျပ်(တစ်တန်ကို ၉၀၉၃၉၉ ကျပ်)နဲ့ အဝယ်ဖွင့်ခဲ့ပြီး တစ်နေ့ကို သုံးတင်းအိတ် ၁၀၀၀ ခန့်အရောင်း အဝယ်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးက တစ်ပိဿာ ၂၀၆၆ကျပ် (တစ်တန်ကို ၁၂၆၅၁၉၇ ကျပ်) နဲ့ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကိုသုံးတင်းအိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ် ဖြစ်ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## တရုတ် (တိုင်ပေ)တွင် 2016 Kaohsiung International Food Show ကျင်းပမည်

တရုတ် (တိုင်ပေ)၊ ကောင်းချုံမြို့၊ Kaohsiung Exhibition Center တွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၇- ၃၀ ရက်အထိ "2016 Kaohsiung International Food Show" ပြပွဲကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် လတ်ဆတ်သော အသီးအနှံများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ အသားငါး၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ပြုပြင်ထားသော အစားအသောက်နှင့် အေးခဲ အစားအစာများ၊ လက်ဖက်ရည်၊ ကော်ဖီ၊ ဝိုင်နှင့် အဖျော်ယမကာများ စသည်တို့ပါဝင်ပြသမည်ဖြစ်ပါသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ ပြခန်း ၂၀ ပါဝင်ပြသရန် ဖိတ်ခေါ်ပါသည်။ ထို့ကြောင့် ပြပွဲသို့ ပါဝင်ပြသရန် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ၊ လေ့လာလိုသည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုဗဟိုဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမှတ် ၂၂၈၊ ၂၃၀၊ ရွှေဘုံသာလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ ၂၅၄၀၂၄၊ ဖက်စ် ၀၁ ၂၅၄၀၂၃၊ Email: itpic.moc@gmail.com သို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **(MTC)**

## ဧရာဝတီတိုင်းအတွင်းရှိ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပြည်ပကုန်စည် ပြပွဲများတွင် ပါဝင်ပြသနိုင်ရေးဆွေးနွေးပွဲကျင်းပ

ပုသိမ်မြို့၊ ဧရာဝတီကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ARCCI ရုံးမှာ ဇူလိုင် ၂၉ ရက်နံနက်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနဲ့ အဖွဲ့က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ပနိုင်ငံများမှာ ကျင်းပမယ့် ကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ရာ ARCCI အသင်းမှ တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါတယ်။

မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်းကုန်သွယ် မှုမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစိုးအောင်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) ကို ကိုရီးယားနိုင်ငံရှိ KOTRA(Korea Trade Promotion Organization) အဖွဲ့ရဲ့ပံ့ပိုးကူညီမှုဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရဲ့ လုပ်ဆောင်ချက်များတွင် Task Force အထူးလုပ်ငန်းအဖွဲ့ လုပ်ဆောင်ချက်များ ပါဝင်ပြီး၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့်ပတ်သက်၍ ကြီးကြပ်ထိန်းသိမ်းမှု ပြုလုပ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲနဲ့ အစည်းအဝေးများ ပြုလုပ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပါဝင်လာမှသာ ပိုမိုအောင်မြင်လာမည်ဖြစ်၍ ဧရာဝတီတိုင်းဒေသကြီးမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ပလုပ်ငန်းရှင်များနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန်နဲ့ ပြည်တွင်းလုပ်ငန်းရှင်များရဲ့ စီးပွားရေးလုပ်ငန်းများမှေးမှိန်မသွားစေရန် FDI Law ကို ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးပြောကြားပါတယ်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြမြစိန်က ပြည်ပကုန်စည်ပြပွဲများအကြောင်းနဲ့ လျှောက်လွှာပုံစံများအားတက်ရောက်လာသူများကို ပြသ၍ ပြည်ပကုန်စည်ပြပွဲများအကြောင်းရှင်းလင်းရာတစ်နှစ်လျှင် အာဆီယံကုန်စည်ပြပွဲသုံးပွဲခန့်ရှိကြောင်း၊ သက်ဆိုင်ရာကုမ္ပဏီများမှ တင်သွင်းသောလျှောက်လွှာပုံစံများကို စိစစ်ပြီးရွေးချယ်လေ့ရှိကြောင်း၊ ကုန်သွယ်မှုပြပွဲများ သွားရောက်ပြသခြင်းဖြင့် မြန်မာ့ကုန်စည်ကို နိုင်ငံတကာ ဝယ်လက်များကသိရှိပြီး ပြည်ပဈေးကွက်ရရှိမှာဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်မှာ ကျင်းပမယ့် တရုတ်အာဆီယံကုန်စည်ပြပွဲ နန်နင်းကုန်စည်ပြပွဲ၊ နိုဝင်ဘာ ၂ ရက် (ASEAN -Korea Centre) မှကြီးမှူးကျင်းပမယ့် Trade Fair 2016၊ အောက်တိုဘာ ၂၇ ရက်မှာ တရုတ်(တိုင်ပေ)မှာကျင်းပမယ့် 2016 KAOHSIUNG FOOD Show နဲ့ ထိုင်းနိုင်ငံ၌ အောက်တိုဘာ ၁၀ ရက်မှာ ကျင်းပပြုလုပ်မယ့် Bangkok Gems & Jewelry Fair စသည့် နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်ရန် လေ့လာလိုသူအဖြစ် လိုက်ပါလျှင် သိသင့်သိထိုက်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများရဲ့ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရပါတယ်။ **ကျော်ဌေး(ဟသ်ာတ)**

## လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များ ထိရောက်စွာ အသုံးပြုရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကို ထိရောက်စွာ အသုံးချရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၃ ရက် နံနက်က UMFCCI အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး ရန်ကုန်မှ ညွှန်ကြားရေး မှူး ဦးဝင်းလွင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၊ ကုန်သွယ်မှု သင်တန်းကျောင်း အမှတ်စဉ် (၈) မှ ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ပါတယ်။

အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ပို့ကုန်သွင်းကုန်ရုံး ညွှန်ကြား ရေးမှူး ဦးဝင်းလွင်က အမှာစကား ပြောကြားရာမှာ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီး မြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားတဲ့ ဒေသတွင်း ကုန်သွယ်ရေးဆိုင်ရာ သဘောတူ ညီချက်များကို ထိရောက်စွာ အသုံးပြုနိုင်ဖို့ အာဆီယံပေါင်းစည်းမှု အစီအစဉ်အရ သဘောတူစာချုပ် ချုပ်ဆိုထားသော ကုန်သွယ်ဖက်နိုင်ငံများ အကြား အကောက်ခွန် ကင်းလွတ်သက်သာခွင့်နှင့် ကုန်သွယ်မှုဆိုင်ရာအတားအဆီးများ ဖယ်ရှားရေးတို့ကို ထိရောက်စွာအသုံးပြုလျက် မြန်မာပို့ကုန်သွင်းကုန် လုပ်ငန်း ရှင်များက လွတ်လပ်သော ကုန်သွယ်မှု ဒေသအခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်ရန် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အခုဆိုရင် အာဆီယံမှာ AEC Blue-point 2025 ကို သွားနေပြီဖြစ်တာမို့ မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များ ကုန်ထုတ်လုပ်သူများ ယခုထက် အကျိုးအမြတ်ရရှိစေဖို့ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်ရေး တစ်ခုတည်း မဟုတ်ဘဲ ဘက်စုံကနေ ဆောင်ရွက် ရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ တာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူးများက ပင်ရင်းဒေသ စည်းမျဉ်းများအကြောင်း၊ WTO နဲ့ ဒေသတွင်း သဘောတူညီချက်များ အကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ အာဆီယံရဲ့ ကဏ္ဍအစုံအခြေအနေများကို ရှင်းလင်းဟောပြောခဲ့ပါတယ်။

ထို့နောက် သိလိုသည့်အချက်များကို လုပ်ငန်းရှင်များက မေးမြန်းရာ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**မြင့်ဆွေ**

## အမေ့လက်ရာနှင့် ရွာက အစားအစာကို လွမ်းပါတယ်

မောင်ပုသိမ်က ဧရာဝတီတိုင်းဒေသကြီးက တောသားတစ်ယောက်ပါ။ ငယ်ငယ်ကဆို ရွာမှာ မနက်မိုးလင်းတာနဲ့ အမေတို့ကိုယ်တိုင်လုပ်တဲ့ ငါးသေးသေးလေးတွေကို လယ်ကထွက်တဲ့ မြေပဲကို ကိုယ့်နွားနဲ့ကိုယ်တိုင်ဆီကြိတ်ထားတဲ့ဆုံဆီနဲ့ကြော်ပြီး ထမင်းကြမ်းနဲ့စား၊ ဒါမှမဟုတ်အိမ်မှာမွေးထားတဲ့ ကြက်၊ ဘဲတွေကဥတဲ့ ဥနဲ့ ထမင်းကြော်စားချင်စား၊ မနက်စာညစာကြတော့လည်း ရွာချောင်းထဲက လတ်လတ်ဆတ်ဆတ်ရှာလို့ရတဲ့ ငါးကိုဝယ်စား၊ အိမ်မှာမွေးထားတဲ့ကြက်ဘဲစားချင်စား၊ ရွာမှာပေါ်တဲ့ ဝက်သားစားချင်စား၊ ဆန်ဆိုလည်းကိုယ့်လယ်ကရတဲ့စပါး စက်မှာကြိတ်ပြီးရတဲ့ ဆန်၊ ငါးပိဆိုလည်း အမေကိုယ်တိုင်လုပ်တဲ့ငါးပိ၊ ဟင်းသီး ဟင်းရွက်ဆိုလည်း ရွာကထွက်တဲ့ လတ်လတ်ဆတ်ဆတ်၊ ခေါက်ဆွဲမုန့်ဟင်းခါးလည်း ကိုယ်ဟာကိုယ် လုပ်မုန့်ဟင်းရေ ကိုယ်တိုင်ချက်၊ ငှက်ပျောသီးဆိုလည်း ခြံထွက်ကိုအုပ်ပြီး စားတာ ဘာဓာတုဆေးဝါးမှ မပါဘူးလေ။

မောင်ပုသိမ်ဘွဲ့ရတော့မြို့ရောက်အလုပ်လုပ်၊ မနက်ဆို လက်ဘက်ရည်သောက်၊ အီကြာကွေးစား၊ တစ်ခါရံ ခေါက်ဆွဲမုန့်ဟင်းခါးစား၊ မနက်စာညစာအတွက် ဈေးကကြက်၊ ဘဲ၊ ဝက်၊ ငါးဝယ်၊ ဟင်းသီးဟင်းရွက်ဝယ်၊ ငါးပိဝယ်၊ ငှက်ပျောသီးဝယ်၊ ရေသန့်ဝယ်သောက်၊ ဟုတ်ပြီထင်နေ တာ၊ အား ခုတော့ဂျာနယ်တွေ သတင်းတွေထဲမှာအီကြာကွေးကြော်တဲ့ဆီတွေကစားသုံးရန် မသင့်တဲ့ဆီတဲ့၊ အီကြာကွေးမာအောင်ရေသန့်ဘူးခွံ ထည့်ကြော်တယ်တဲ့၊ ပဲပြား၊ ခေါက်ဆွဲတွေမှာလည်း အပုပ်ခံအောင် ဖော်မလင်ထည့်သတဲ့၊ ငါးငါးပိဓာတ်မြေဩဇာထည့်၊ မှျင်ငါးပိ၊ မှျစ်၊ ကြက်ဘဲတွေမှာလည်း အရောင်လှအောင်ဆိုးဆေးတွေသုံး၊ ငှက်ပျောသီး မှည့်ဆေးနဲ့အုပ်၊ ကြက်ဥ အတု၊ ဆန်အတု၊ ရေသန့်အတု၊ နေမကောင်းတောင်ဆေးအတုဆိုပါလား၊ ကြောက်စရာဝိသမ လောဘသားတွေ တော်တော်ဆိုးနေပါလား၊ ဒါကြောင့် မြန်မာနိုင်ငံက ကင်ဆာရောဂါဖြစ်ပွားမှုက ကမ္ဘာမှာဒုတိယတဲ့ ကြောက်စရာပါလားနော် -

ဒါကြောင့် ထင်တယ်အခုတလော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်က စားသုံးသူရေးရာဦးစီးဌာနက လှုပ်ရှားလာတာတွေ့ရတယ်၊ မေးကြည့်တော့ မြန်မာနိုင်ငံက စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ခုနှစ်၊ မတ်လ ၁၄ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၁၀ / ၂၀၁၄) နဲ့ပြဋ္ဌာန်းပြီးဖြစ်တယ်တဲ့။ ၂၀၁၄ ခုနှစ် ဇွန် ၄ ရက်မှာ စားသုံးသူအငြင်းပွားမှု ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့အမိန့်အမှတ်(၃၈/ ၂၀၁၄)နဲ့ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ခုနှစ် အောက်တိုဘာလ ၃ရက်နေ့မှာ တိုင်း/ ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို ဗဟိုကော်မတီအမိန့်ကြော်ငြာစာ အမှတ် (၁/ ၂၀၁၄)နဲ့ ဖွဲ့စည်းပြီးဖြစ်တယ်လို့သိရပါတယ်။ ဒါ့အပြင် ခရိုင်/မြို့နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ များကိုလည်း ဆက်လက်ဖွဲ့စည်းလျက်ရှိပြီး စားသုံးသူနစ်နာမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးမယ်လို့ သိရပါတယ်၊

လတ်တလော စားသုံးသူရေးရာဦးစီးဌာနကတော့ စားသုံးသူပြည်သူများစားသုံးသူ အကာအကွယ်ပေးရေးဥပဒေများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် သင်တန်းပေးခြင်း၊ စားသုံးသူအသိပညာပေးဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ ကျောင်း၊ ဈေးများရှိ အများပြည်သူစားသုံးရန် မသင့်သည့် အစားအစာများကို ရောင်းချခြင်းမပြုရန် စိစစ်အသိပညာပေးခြင်း၊ ဈေးကွက်မရောက်မီထုတ်လုပ်သည့်နေရာများသို့ သွားရောက်၍ လုပ်ငန်းရှင်များအား စိစစ်အသိပညာပေးခြင်းများကို မိတ်ဘက်အဖွဲ့အစည်းများဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ FDA၊ စည်ပင်၊ တိမွေးကု၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စက်မှုအဖွဲ့များနဲ့ ကွင်းဆင်းဆောင်ရွက် လျက်ရှိတယ်လို့ပြောပြပါတယ်။

ဒါဆိုတော်ပါသေးရဲ့ အချိန်မီ တားဆီးကာကွယ်နိုင်ပါစေလို့ မိဘပြည်သူ ကျောင်းသူကျောင်းသား သန်း ၅၀ ကိုယ်စား ဆုတောင်းပေးပါတယ်၊ မောင်ပုသိမ်ကတော့ငယ်ငယ်က အမေကျွေးတဲ့ လက်ရာနဲ့ ရွာက ဓာတုဆေးဝါးကင်းစင်တဲ့ အစားအစာများကို သတိရပြီးတော့ရွာပဲပြန်ချင်တော့တယ်။ ဒါပေမယ့် ဒို့ရွာ ကော ဒီလိုအခြေအနေမှာဘယ်လိုများဖြစ်နေပြီလဲ အမေနဲ့ ရွာသားတို့ရေ -----

**မောင်ပုသိမ်(စိုးဦး)**

## ဇူလိုင်နောက်ဆုံးပတ်အတွင်း နယ်စပ်ဒေသများမှ ဆိုင်ကယ်များပိုမိုတင်သွင်း

ဇူလိုင်လ နောက်ဆုံးပတ်အတွင်း အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနိုင်ငံများမှ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၇၄ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၃၃၁၉၂ စီးတင်သွင်းခဲ့ပါတယ်။ ဇူလိုင် တတိယပတ်ထက်စီးရေ ၁၇၀၀ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းအလိုက် ဝင်ရောက်မှုအခြေအနေကိုကြည့်ပါက မူဆယ်(၁၀၅) ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ၃ ဒသမ ၈၂၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၇၂၇ စီး၊ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာသုည ဒသမ ၀၃၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၀၀ စီး၊ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၂ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၂၄၉ စီးနဲ့ တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၁၃၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၆ စီးကို အသီးသီး တင်သွင်းနိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

**ခင်မိုးသူ**

## မြဝတီကုန်သွယ်ရေးဇုန်တွင် ယခင်နှစ် ကာလတူထက် ကုန်သွယ်မှုတိုးတက်လျက်ရှိ

မြဝတီကုန်သွယ်ရေးဇုန်မှ ဇူလိုင်လအတွင်း ကုန်သွယ်လုပ်ငန်းဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၁၄၆ သန်းဖြစ်ပြီး အနီးစပ်ဆုံးကာလအောက် လျော့နည်းခဲ့သော်လည်း ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၁၉၅ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခင်နှစ်ကာလတူထက် ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၂ဒသမ ၁၃၅ သန်းနဲ့ သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၀၆၀ သန်းပိုမိုဆောင်ရွက်ခဲ့ပြီး ပို့ကုန်ပစ္စည်းများဖြစ်တဲ့ မတ်ပဲ၊ မြေပဲဆန်၊ နှမ်းနက်၊ သရက်သီး၊ နနွင်းတက်၊ သီဟိုဠ်စေ့၊ အုန်းသီးခြောက်၊ ကုံကော်ပွင့်ခြောက်၊ ငရုတ်သီးခြောက်၊ ကြက်သွန်ဖြူ၊ ငါးမျိုးစုံ၊ ပုစွန်၊ ငါးရှဉ့်၊ ကင်းမွန်၊ နွယ်ချို၊ ကန့်ချုပ်နီအမြစ်တို့ ပိုမိုတင်ပို့ခဲ့ပြီး သွင်းကုန်များဖြစ်တဲ့ ဘိလပ်မြေ၊ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်အပိုပစ္စည်းများ၊ လယ်ထွန်စက်များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ ဝါယာကြိုးများ၊ အခြားပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သွပ်ပြားစတဲ့ လုပ်ငန်းသုံးကုန် ကြမ်းများ၊ လူသုံးကုန်ပစ္စည်းများအုပ်စုတွင် ဘက်ထရီခြောက်များ၊ စားအုန်းဆီ၊ အဖျော်ယမကာမျိုးစုံ၊ မျက်မှန်နှင့် အပိုဆက်စပ်ပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခြင်းကြောင့် ကုန်သွယ်မှုတိုးတက်လာတယ်လို့ မြဝတီကုန်သွယ်ရေးဇုန်မှ သိရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ဇွန်လအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ မြေပဲဆန်၊ ကြက်သွန်နီ၊ ငရုတ်သီးခြောက်၊ မတ်ပဲ၊ ငါးမျိုးစုံချုပ်ပြီး အဝတ်အထည်၊ ကဏန်း၊ သီဟိုဠ်စေ့၊ ပုစွန်၊ နှမ်းနက်၊ ပဲတီစိမ်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဆိုင်ကယ်၊ အသစ်ပြန်လည်ပြုပြင်ထားသော PICK UP; သကြား၊ လယ်ယာသုံးယာဉ်အသစ် ၊အားဖြည့်အချိုရည်၊ လယ်ထွန်စက်၊ လေးဘီးပါထွန်စက်အသစ်၊ ဓာတ်ငွေ့အရော၊ မီနီဘတ်စ်တို့ဖြစ်တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

## တမူးနယ်စပ်မှ ဆိုင်ကယ်တင်သွင်းမှုလျော့နည်း

တမူးကုန်သွယ်ရေး စခန်းရဲ့ အဓိက သွင်းကုန်ဟာ ဆိုင်ကယ်ဖြစ်ပါတယ်။ တမူးနယ်စပ်က အိန္ဒိယနိုင်ငံထုတ် ယောက်ျားစီး FZ နဲ့ မိန်းမစီး RAY-Z မော်တော်ဆိုင်ကယ်များ တင်သွင်းပါတယ်။

တင်သွင်းတဲ့ကုမ္ပဏီခြောက်ခုလောက်ရှိပြီး အဓိကတင်သွင်းတဲ့ကုမ္ပဏီတွေကတော့ Ever Ok ကုမ္ပဏီ၊ ထာဝစဉ် ချမ်းသာ ကုမ္ပဏီ၊ DT Naing Oo ကုမ္ပဏီတို့ဖြစ်ပါတယ်။ DT Naing Oo ကုမ္ပဏီဟာ ဇွန်လကစပြီး အိန္ဒိယနိုင်ငံထုတ် ဆိုင်ကယ်တွေကို ပင်လယ်ရေကြောင်းကနေ ကုန်သေတ္တာနဲ့ ရွှေ့ပြောင်း တင်သွင်းလာပါတယ်။ မိုရေးဘက်က တင်သွင်းရင် အချိန်မြန်ပေမယ့် အင်ဖာနဲ့မိုရေး ၆၈ မိုင်ကို လူနဲ့ စီးလာရတဲ့အတွက် ပါကင်ဘီးမရပါဘူး။ တမူးကနေ မန္တလေးကို ကားနဲ့သယ်ရတဲ့အတွက် ထိခိုက်ပွန်းပဲ့မှုတွေရှိပါတယ်။

ပင်လယ်ရေကြောင်းကနေ တင်သွင်းတဲ့အခါ အချိန်ကြာပေမယ့် ကီလိုဇီရိုး Brand New ရတဲ့အတွက် ဈေးကွက် အတွင်းမှာ အသာစီးရရှိပါတယ်။ လမ်းကြောင်းနှစ်ခုမှ တင်သွင်းမှု ကုန်ကျစရိတ် သိပ်မကွာတော့ ကီလိုဇီးရိုးဖြစ်တဲ့ ပင်လယ်ရေကြောင်းမှ တင်သွင်းမှုကို ပြောင်းရွှေ့လုပ်ကိုင်လာကြခြင်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမသုံးလပတ် (ဧပြီ၊ မေ၊ ဇွန်) လတွေမှာ တမူးနယ်စပ်မှ ဆိုင်ကယ်တင်သွင်းမှုဟာ ၁၅၉၀ စီးဖြစ်ပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမသုံးလပတ် အတွင်းမှာတော့ ဆိုင်ကယ် ၁၈၉၇ စီး တင်သွင်းနိုင်တာတွေ့ရှိရပါတယ်။ တမူး ကုန်သွယ်ရေးစခန်းအနေနဲ့ ပထမသုံးလပတ်ကာလအတွင်းမှာ ဆိုင်ကယ်တင်သွင်းမှု ၃၀၇ စီးလျော့နည်းသွားကြောင်း သတင်းရရှိပါတယ်။

**တမူးကုန်သွယ်ရေးစခန်း**

## မြိတ်ကုန်သွယ်ရေးစခန်းမှ တစ်ဖက်ထိုင်းနိုင်ငံသို့ ဇူလိုင်လအတွင်း ရေထွက်ကုန်တန်ချိန် ရှစ်ထောင်ကျော် တင်ပို့

မြန်မာထိုင်းနယ်စပ်ဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၄၁ သန်း တန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၈၀၀၀ ကျော်ကို တစ်ဖက်ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလဖြစ်တဲ့ ဇွန်လမှာ တန်ချိန် ၆၀၀၀ ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ဇူလိုင်လအတွင်း တန်ချိန် ၁၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ယမန်နှစ် ကာလတူထက်ပါ တန်ချိန် ၇၀၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

ဇူလိုင်လအတွင်း ပိုမိုတင်ပို့ခဲ့တဲ့ ရေထွက်ကုန် ပစ္စည်းများကတော့ ငါးမျိုးစုံ၊ ရေခန်ပုစွန်၊ အေးခဲကဏန်းပျော့၊ ငါးခြောက်၊ပုစွန်ခြောက်၊ ကဏန်းသေး(အသေ)၊ ကင်းမွန်နဲ့ သဲကဏန်းတို့ ပိုမိုတင်ပို့နိုင်ခြင်းဖြစ်တယ်လို့ ကုန်သွယ်ရေးစခန်းမှသိရပါတယ်။

**ခင်မိုးသူ**

## ဇူလိုင်နောက်ဆုံးပတ်အတွင်း ထိုင်းနယ်စပ်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် နောက်ဆုံးပတ်အတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၃၇၅ သန်း တန်ဖိုးရှိ ရေထွက်ကုန် တန်ချိန် ၂၄၀၀ ကျော် တင်ပို့ခဲ့ပါတယ်။ ဇူလိုင် တတိယပတ်ထက် ရေထွက်ကုန် တန် ၃၅၀ ကျော် ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

ရေထွက်ကုန် ပစ္စည်းများကို မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုညဒသမ ၀၇၂ သန်း တန်ဖိုးရှိ ငါးမျိုးစုံ တန် ၅၀ ကျော်၊ အမေရိကန် ဒေါ်လာ သုညဒသမ ၀၆၄ သန်း တန်ဖိုးရှိ ကဏန်း တန် ၂၀ ကျော်၊ အမေရိကန် ဒေါ်လာ သုညဒသမ ၀၁၅ သန်း တန်ဖိုးရှိ ပုစွန် ၂ တန် ကိုလည်းကောင်း၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၄၁၂ သန်း တန်ဖိုးရှိ ငါးမျိုးစုံတန် ၅၀၀ ကျော် ၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၇ သန်း တန်ဖိုးရှိ အခြားရေထွက်ပစ္စည်း တန် ၃၀ နီးပါး၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၆ သန်းတန်ဖိုးရှိ ပုစွန် ၃ တန်၊ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၁၄ သန်း တန်ဖိုးရှိ ကင်းမွန် ၈ တန်နဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၆ သန်း တန်ဖိုးရှိ ကဏန်း ၄ တန်ကျော်ကိုလည်းကောင်း၊ မြိတ်ကုန်သွယ်ရေးစခန်း မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၂ သန်း တန်ဖိုးရှိ ငါးမျိုးစုံ တန် ၁၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၁၀၆ သန်း တန်ဖိုးရှိ ရေခန်ပုစွန် တန် ၂၀ ၊ အမေရိကန် ဒေါ်လာ သုညဒသမ ၁၆၆ သန်း တန်ဖိုးရှိ ငါးမှုန့်တန် ၁၈၀ ကျော်၊ အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၅ သန်း တန်ဖိုးရှိ ကင်းမွန် ၂ တန် ကျော်ကို တင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးစခန်းများမှသိရပါတယ်။

**ခင်မိုးသူ**

## မောင်တောကုန်သွယ်ရေးစခန်းမှ ဇူလိုင် ကုန်သွယ်မှု လျာထားချက်ရဲ့ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်

မြန်မာ - ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေး စခန်းမှာ ၂၀၁၆ ခုနှစ် ဇူလိုင်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၄၇၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၅ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုညဒသမ ၄၈၀ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဇူလိုင်အတွက် ကုန်သွယ်မှု လျာထားချက်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၆၀၀ သန်းဖြစ်၍ လျာထားချက်အပေါ် ၈၀ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါသည်။

မောင်တော ကုန်သွယ်ရေးစခန်းမှာ အဓိက တင်ပို့သော ပို့ကုန်ပစ္စည်းအုပ်စုမှာ ရေထွက်၊ လယ်ယာထွက်နှင့် သစ်တောထွက် ပစ္စည်းအုပ်စုများဖြစ်ပြီး၊ အဓိက သွင်းကုန်အုပ်စုမှာ လူသုံးကုန် ပစ္စည်းအုပ်စုများ ဖြစ်ပါသည်။ ဇူလိုင်တွင် ပို့ကုန်ပစ္စည်းများဖြစ်သော ချင်းစို၊ ဒညင်းသီး၊ လဲမှို့(အစေ့ပါ)၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ရေခန်ပုဇွန်၊ ငါးသလောက်၊ ဝက်ခြံပျောက်ခရင်မ်၊ ဆီးယိုထုပ်၊ ထွန်းရွှေဝါ၊ သနပ်ခါးခဲများ တင်ပို့ခဲ့ပြီး၊ သွင်းကုန်တွင် ဒန်ရေတကောင်း၊ တီရှပ်၊ ပလတ်စတစ်ပုံး၊ စွပ်ကျယ်ပိတ်စနှင့် လူကြီး၊ကလေးစီး ဖိနပ်များ တင်သွင်းနိုင်ခဲ့ပါသည်။

တင်ပို့မှု အခြေအနေကို အနီးစပ်ဆုံး ကာလဖြစ်သည့် ဇွန်လနှင့် နှိုင်းယှဉ်ပါက ဇွန်လတွင် တင်သွင်းနိုင်ခဲ့သော ရေတံ့ကင် တင်သွင်းနိုင်မှု မရှိခြင်း၊ ဒန်ရေတကောင်း၊ လူကြီး၊ ကလေးစီး ဖိနပ်များ လျော့နည်း တင်သွင်းခဲ့သဖြင့် အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၁ သန်း လျော့နည်းခဲ့ကြောင်း သိရပါသည်။

ကာလတူဖြစ်သော ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် နှိုင်းယှဉ်ရာတွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၁ သန်း ပိုမိုခဲ့ပြီး ထိုသို့ ပိုမိုရခြင်းမှာ လဲမှို့ (အစေ့ပါ) ပိုမို တင်ပို့နိုင်ခဲ့ခြင်း၊ တညင်းသီးကို အမယ်သစ်အဖြစ် တင်ပို့နိုင်ခဲ့ခြင်း၊ ရေခန်ပုဇွန်၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးသလောက်တို့ ကာလတူထက် ပိုမိုတင်ပို့ နိုင်ခဲ့ခြင်း၊ ဆီးယိုထုပ်၊ ထွန်းရွှေဝါ၊ သနပ်ခါးခဲတို့ကိုလည်း ပိုမို တင်ပို့နိုင်ခဲ့သည့်အပြင် ကာလတူတွင် တင်ပို့နိုင်ခဲ့ခြင်း မရှိသော ဝက်ခြံပျောက်ခရင်မ် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ကာလတူထက် ပို့ကုန် ပိုမိုရခြင်း ဖြစ် ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ လျာထားချက် ပြည့်မီရေးအတွက် အဓိက ပို့ကုန် ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ဝါးနှင့်ကြိမ်များ၊ လယ်ယာထွက်ချင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ လဲမှို့ တညင်းသီးများ ပိုမိုတင်ပို့နိုင်ရန် လည်းကောင်း၊ မိမိဒေသရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များ၊ မိတ်ဖက်ဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ မောင်တောနယ်စပ် ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်း၊ OSS ဌာနများနှင့် ပူးပေါင်း၍ အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်တော ကုန်သွယ်ရေးစခန်းမှ သတင်းရရှိ ပါသည်။

**မော်မော်အောင်**

## ရိဒ် ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံး ကာလအောက် ကုန်သွယ်မှုလျော့ကျ

ရိဒ် ကုန်သွယ်ရေး စခန်းသည် ဇူလိုင်လအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၇ သန်း ဆောင်ရွက်နိုင်ခဲ့ရာ အနီးစပ်ဆုံး ကာလအောက် အမေရိကန် ဒေါ်လာ သုညဒသမ ၉၅၈ သန်း လျော့နည်းခဲ့ပါတယ်။

အနီးစပ်ဆုံး ကာလအောက် လျော့နည်းရခြင်းမှာ ဇူလိုင်လအတွင်း လယ်ယာထွက် ကုန်ပစ္စည်းများဖြစ်တဲ့ ကွမ်းသီး၊ စက်မှုကုန်ချော ပစ္စည်းများဖြစ်တဲ့ မုန့်မျိုးစုံ၊ ငါးသေတ္တာ၊ ပလတ်စတစ်အိတ်၊ အခြားပစ္စည်းများ ဖြစ်တဲ့ မစီးဖိနပ်၊ ကလေးစီးဖိနပ်၊ ရေထွက်ပစ္စည်းများဖြစ်တဲ့ ရေချိုငါးမျိုးစုံ တင်ပို့မှု လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် ဓာတ်မြေဩဇာ၊ လူသားဆံပင်၊ နိုင်လွန်ချည်၊ စားတော်ပဲတင်သွင်းမှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ဇူလိုင်လအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းကတော့ ကွမ်းသီး၊ ဆေးရိုး၊ ဆေးရွက်ကြီးမှုန့် ၊ မုန့်မျိုးစုံ ၊ စီးကရက် ၊ စောင် ၊ မဝတ်တီရှပ် ၊ ဆပ်ပြာမှုန့်၊ အချိုရည်တို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့တဲ့ ပစ္စည်းများကတော့ ဓာတ်မြေဩဇာ၊ ပုလဲ ၊ နိုင်လွန်ချည်၊ လူသားဆံပင်၊ တောင်လုံး ကျော်တို့ ဖြစ်ပါတယ်။

**ခင်မိုးသူ**

ကျွန်တော်တို့ နိုင်ငံသည် တူညီဝတ်စုံများ ထွန်းကားရာ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်ဟုဆိုလျှင် မှားမည်မထင်ပါ။ ရှေးပဝေသဏီကပင် တိုင်းရင်းသားဝတ်စုံများသည် တူညီဝတ်စုံများ (Uniform) ဖြစ်ကြပါသည်။ ရှမ်းဘောင်းဘီသည် တစ်ညီတည်း ဖြစ်ပါသည်။ အရောင်သာ ကွဲပါသည်။ ခေါင်းဆောင်းများ၊ ဦးထုပ်များသည်လည်း အဆောင်အယောင်များ၊ အထိမ်းအမှတ်များ ဖြစ်ကြောင်း သိရပါသည်။

တိုက်ပုံများတွင်လည်း ရင်ဖုံးခေတ်မှ ရင်စေ့ခေတ်သို့ ပြောင်းခဲ့သော်လည်း တစ်ညီတည်းသာဖြစ်ပါသည်။ အရောင်သာ ကွဲပါသည်။ ကျွန်တော်တို့အတွက် အသိသာဆုံး တူညီဝတ်စုံမှာ တပ်မတော်သားဝတ်စုံ၊ ရဟန်းနှင့် သီလရှင် ဝတ်စုံနှင့် ကျောင်းဝတ်စုံ ဖြစ်ပါသည်။ ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမ အားလုံးသည် အစိမ်းနှင့် အဖြူဝတ်ကြပြီး ဆရာမနှင့် ကျောင်းသူသည် ဆံထုံးနှင့် ဆံပင် စည်းထားခြင်းသာ ကွာပါသည်။ ဆရာနှင့် ကျောင်းသားများဆိုလျှင် တိုက်ပုံပါလျှင် ဆရာဟုသိရပါသည်။ မှတ်မိသမျှ ကျွန်တော်တို့ နိုင်ငံတွင် မစ်ရှင်ကျောင်းများ ဖျက်သိမ်းချိန် ၁၉၆၂ ခုနှစ် ပတ်ဝန်းကျင်မှ စတင်ကာ ကျောင်းစိမ်းလုံချည်နှင့် အင်္ကျီအဖြူလက်ရှည်သည် အခြေခံပညာကျောင်းများ၏ ဆရာ၊ တပည့်အားလုံး၏ တူညီဝတ်စုံ ဖြစ်လာပါသည်။

တူညီဝတ်စုံ ဝတ် ခြင်းဖြင့် အသင်းအဖွဲ့စိတ်ဓာတ် ရရှိစေသည်မှာ အဓိက ဖြစ်ပါသည်။ Team work ကို ကောင်းစွာ ဖော်ဆောင်နိုင်သည့်၊ တူညီဝတ်စုံ ဝတ်ထားသော အဖွဲ့အစည်းတစ်ခုကို ကြည့်ရသည်မှာ စိတ်ဓာတ်တက်ကြွစေပါသည်။ ကြည့်ရသူပင် အားအင်များရှိလာစေပါသည်။ ပါဝင်သူများမှာလည်း တစ်သားတည်း၊ တစ်သွေးတည်းဆိုသော စိတ်မျိုး၊ ညီညွတ်သောစိတ်ဓာတ်မျိုး ဖြစ်ပေါ်စေပါသည်။ အားကစားအသင်းများတွင်လည်း အခြားအသင်းများနှင့် ကွဲပြားစေရန် တူညီဝတ်စုံများဝတ်ကြပါသည်။ မိမိတို့အသင်း၏ စည်းလုံးညီညွတ်မှုအတွက်လည်း သက်ဆိုင်လာပါသည်။ အရောင်များဖြင့် အဓိပ္ပာယ်ဖွင့်ဆိုမှုများလည်း ပါဝင်လာကြပါသည်။

တပ်မတော်သည်လည်း စတင် တည်ထောင်ခါစမှ ယနေ့ထိ အစိမ်းရောင်၊ ကာကီရောင် ယူနီဖောင်းများဖြင့် တူညီဝတ်စုံ ဝတ်ခဲ့ကြပါသည်။ တပ်မတော်သားများကိုကြည့်လျှင် စိတ်အားတက်ကြွမှု၊ ညီညွတ်မှု၊ ခွန်အားရှိမှု၊ ပတ်ဝန်းကျင်ဖြင့် တစ်သားတည်း ရှိမှုများကိုပါ မြင်ရပါသည်။ မီးသတ်၊ ကြက်ခြေနီ၊ အကောက်ခွန်၊ ရဲတပ်ဖွဲ့ စသည့် အဖွဲ့အစည်းများတွင်လည်း လက်နက်ကိုင်အဖွဲ့ဖြစ်စေ၊ မကိုင်သည့်အဖွဲ့ဖြစ်စေ ကွဲကွဲပြားပြား သိစေသည့်အပြင် အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကိုလည်း ထင်ဟပ်စေ ပါသည်။

ဤသို့ ဖြင့် ၁၉၈၈ ခုနှစ်တွင် တပ်မတော်အစိုးရ တက်လာပြီးနောက် ကျောင်းများတွင်လည်း အခြေခံပညာသာမက အဆင့်မြင့်ပညာကျောင်းများဖြစ်သော တက္ကသိုလ်ကောလိပ်များ၊ အင်စတီကျူများတွင်လည်း ကျောင်းသားများကို ယူနီဖောင်းဟူသော တူညီဝတ်စုံများ ဝတ်ခိုင်းလာကြပါသည်။ သို့သော် ယနေ့အထိ မြင်နေရသည်ကတော့ ဂျီတီစီများ၊ ယခင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်မှ ကောလိပ်များ၊ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများသည် အပေါ်ဝတ် ပုခုံးဒေါက်ပါ အင်္ကျီအဖြူရောင် (မည်သည့်အတွက်ကြောင့်ဒေါက်ထည့်သည်မသိ)နှင့် ယောကျ်ားလေးများအတွက် ပုဆိုးအပြာကွက်စိတ်၊ မိန်းကလေးများအတွက် အပြာပြောင်ထမီ၊ ဆရာမများအတွက် ဒူးနားချိတ်ပါ အပြာထမီတို့ သတ်မှတ်ချက်ထားပြီး ယင်းအတိုင်း မဝတ်ပါက ကြီးမားသော အရေးယူမှုများရှိကြောင်း ကြားရပါသည်။

ကျွန်တော့်အမြင်ကိုပြောရလျှင် တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားဆိုသည်မှာ တက်ကြွခြင်း၊ လွတ်လပ်စွာ တွေးခေါ်ခြင်း၊ လူကြီးဖြစ်ကြောင်း ဖော်ပြသော အယူအဆရှိခြင်း၊ လွတ်လပ်စွာ ပြောဆိုခြင်း စသည့် အယူအဆများဖြင့် နှစ်သက်ရာ ဝတ်စုံများ တိုင်း ရင်းသားဝတ်စုံများ၊ ရိုးရာမပျက်သော၊ နိုင်ငံတကာတွင် လူကြီးလူကောင်းဝတ်ဆင်ပုံဟု သတ်မှတ်သော အဝတ်အစားများ ဝတ်ဆင်ခြင်းကို ခွင့်ပြုသင့်သည်ဟု ထင်ပါသည်။

တပ်မတော်အစိုးရလက်ထက်တွင် -သား-သုံးမျိုးစလုံးမှာ ယူနီဖောင်းဆိုသော တူညီဝတ်စုံများဖြင့် ဖြစ်လာပါသည်။ မပြီး သေးပါ။ ဌာနဆိုင်ရာ ဝန်ထမ်းများတွင်လည်း တူညီဝတ်စုံများဖြင့် ဖြစ်လာစေပါသည်။ ယခင်က စက်ရုံများတွင်သာ အပြာရောင် ယူနီ ဖောင်းများ ဝတ်ဆင်ရာမှ ရုံးထိုင်စာရေးစာချီများ၊ အရာထမ်းများပါ အရောင်နှင့် ဘောင်းဘီများနှင့် ရှပ်အင်္ကျီများ ဖြစ်လာပါသည်။ တူညီ ဝတ်စုံများ အနက် ဌာနတစ်ခုကို ဥပမာပြရလျှင်-ဘောင်းဘီ အပြာရင့်ရောင်နှင့် အင်္ကျီမှာ ဒေါက်ပါအပြာနုရောင်တွင် တပ်မတော်မှစစ်သား များကဲ့



# ပုတ်သင်ညို ယူနီဖောင်း

|rs/pb l(u kefo G jr§h|

သို့ အိပ်ဖုံးပါ အိပ်နှစ်ဖက်နှင့် ဖြစ်ပါသည်။ အမျိုးသမီးများမှာ အစိမ်းနုရောင် လက်ရှည် သို့မဟုတ် လက်စကပါသော အင်္ကျီမှာ ရင်ဖုံး ဖြစ်ရပါသည်။ ဆံထုံးထုံးရပါမည်။ ထမီမှာ ကျောက်စိမ်းရောင်ဟု ထင်ပါသည်။ ဒူးနားချိတ်ပါပါသည်။ သို့ရာတွင် ကာလရွေ့လျော့သွားသဖြင့် ထမီအစိမ်းရောင်မှာ မူလကမည်သည့်အစိမ်းဖြစ်သည်ကို ကျွန်တော် မမှတ်မိတော့ပါ။ ယင်းယူနီဖောင်း တူညီဝတ်စုံကို ၂၀၀၅ သို့မဟုတ် ၂၀၀၆ တွင် စတင်ဝတ်ဆင်ခဲ့သဖြင့် ယခု ၁၀နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ကာလအနည်းငယ် ကြာရှည်လာသည့်အတွက်လည်းကောင်း၊ မူလစတင်တီထွင်ခဲ့သည့် ဝန်ကြီး၊ ဒုဝန်ကြီးများ မရှိတော့သည့် အတွက်ကြောင့်လားဟုတော့ ကွဲကွဲပြားပြား သေချာမသိပါ။ ပြောင်းလဲမှုများစွာသည် အထင်အရှား၊ အများအပြား မြင်လာနေရပြီဖြစ်ပါသည်။ တပ်မတော် ယူနီဖောင်းများပင် အရောင်အနည်းငယ် ပြောင်းလဲလာသည်။ သို့သော် တရားဝင် ပြောင်းလဲလာသည်ကို တွေ့ရပါသည်။

ယင်းဆယ်နှစ်တာ ကာလအတွင်း တူညီဝတ်စုံ၏ အားသာချက်၊ အားနည်းချက်များကို လေ့လာကြည့်ပါ။ ပထမဆုံး အားသာချက်များကို ပြောလိုပါသည်။ အသင်းအဖွဲ့ စိတ်ဓာတ်ကောင်းမွန်စေပါသည်။ မိမိကိုယ်ကို ယုံကြည်မှု တိုးစေပါသည်။ မိမိတို့သည် နိုင်ငံတော်၏ အရေးကြီးသော ဌာနကြီးတစ်ခု၏ အရေးကြီးသော ပုဂ္ဂိုလ်အဖြစ် ထင်မြင်စေပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် မိမိကို အရေးတယူ ပြုလုပ်ခံရသည်ဟု ထင်မြင်မိစေပါသည်။ အခြေခံ အကျဆုံး အားသာချက်မှာ Team work ဟူသော အဖွဲ့အစည်း အသင်းအဖွဲ့၏ ညီညွတ်သော ခံယူချက်၊ ညီညွတ်စွာဆောင်ရွက်မှု၊ အောင်မြင်မှုကို အတူတကွ ရယူမှု စသည်တို့ဖြစ်ပါသည်။ အခြား အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ကွဲကွဲပြားပြားဖြစ်ပြီး မိမိတို့အတွက် အသိအမှတ်ပြုခံရပါသည်။ ပုဆိုးထက်စာလျှင် နယ်စခန်းများ၊ ရွာများသို့ သွားလာသည့် အခါများတွင် လွယ်ကူစွာ လှုပ်ရှားနိုင်ပါသည်။

သို့ရာတွင် ယနေ့ ဆယ်နှစ်တာကာလ တွင် တူညီဝတ်စုံများသည် အရောင်အဆင်း ကွဲလွဲမှုများ၊ ထိပ်တန်းအရာရှိများမှ တိုက်ပုံနှင့် ပုဆိုးဝတ်နေကြသည်များ၊ နယ်များတွင် နေ့စဉ် ယူနီဖောင်းမဝတ်ခြင်းများ၊ အမျိုးသားယူနီဖောင်းတွင် ရှူးဖိနပ်နဲ့ ဖြစ်သော်လည်း ရာသီဥတုနှင့် ငွေကြေးအခြေအနေကြောင့် မဝတ်ခြင်းများ၊ အိပ်နှစ်ဖက်ဒေါက်နှင့် ယူနီဖောင်းအင်္ကျီအစား ဖောရိမ်းရှပ်ခေါ် ရိုးရိုး အပြာရောင် ရှပ်အင်္ကျီဝတ်ဆင်ခြင်းများ၊ အပြာမှာလည်း အမျိုးမျိုးသော အပြာရောင်များ၊ ဘောင်းဘီမှာလည်း နက်ပြာအစား အနက်ရောင် အမျိုးမျိုး ဝတ်ဆင်ခြင်းများကို နေ့စဉ် တွေ့မြင်ရပါသည်။ အမျိုးသမီးများဆိုလျှင် မည်သို့ပြောရမည်ကိုပင် မသိပါ။ အမျိုးမျိုးသော စိမ်းလျှင်ပြီးရော အင်္ကျီများ၊ ရင်ဖုံးရင်စိကျောစိများ၊ အစိမ်းရောင်ဖြစ်သော်လည်း ဒီဇိုင်းအမျိုးမျိုး ချုပ်လုပ်ထားသော အင်္ကျီများ၊ ရင်ဘတ်နေရာတွင် စီးကွင့်များ၊ ဘော်ကြယ်များ၊ ပန်းဖောက်ထားသော ဒီဇိုင်းများ၊ ဇာအစိမ်းရောင် အင်္ကျီများနှင့် ထမီများတွင်လည်း မည်သည့် ဒီဇိုင်းအမျိုးမျိုးဖြင့် ဒူးနားချိတ်ပါဝင်သော အစိမ်းရောင် ထမီ အမျိုးမျိုးကို ဝတ်ဆင်ကြ သည်ကို တွေ့နေရပါသည်။ ဆံပင်ဆိုလျှင် ဆံထုံးမထုံးရုံဆိုလျှင် တော်ပါသေးသည်၊ အရောင်အမျိုးမျိုးဆိုးခြင်း၊ ဟိုင်းလိုက်ဖောက်ခြင်းများပါ ဝန်ထမ်းအမျိုးသမီးများတွင် တွေ့နေရသည်ကအလွန်ပင် မျက်စိထဲ ဆံပင်မွေးဝင်သလို ထင်ရပါသည်။

ကိုယ်ပိုင်အမြင်ကို ပြောရလျှင် တူညီဝတ်စုံကို ဝတ်မည်ဆိုပါက ရာထူးအကြီးဆုံး ပုဂ္ဂိုလ်မှစ၍ အငယ်ဆုံးအထိ တစ်ပုံစံတည်းသော တူညီဝတ်စုံသာ ဖြစ်သင့်ပါသည်။ ရာထူးအဆင့် ခွဲခြားထားသော ရင်ထိုးတံဆိပ်များ၊ ပုခုံးပေါ်မှ ဒေါက်တွင် ရာထူးအဆင့်ခွဲခြား သတ်မှတ်ချက်အတိုင်း မြင်သာသော အမှတ်အသားများဖြင့်သာ ခွဲခြားသင့်ပါသည်။ အကယ်၍ယူနီဖောင်းကို မြန်မာဝတ်စုံနှင့် ဘောင်းဘီဝတ် ယူနီဖောင်း နှစ်မျိုးထားမည် ဆိုပါကလည်း စာဖြင့် သေချာထုတ်ပြန်ပြီး စနစ်တကျ ဆောင်ရွက်သင့်သည် ထင်ပါသည်။ ယခုလို ပုံစံအမျိုးမျိုးသော တူညီဝတ်စုံ မမည်သည့် တူညီဝတ်စုံ မျိုးဖြင့် ဆိုပါက မိမိတို့ဌာနသိက္ခာကိုပါ ထိခိုက်နိုင်သဖြင့် ပြုပြင်သင့်သော အလေးထား ဆောင်ရွက်သင့်သော ကိစ္စတစ်ခုဟု ထင်မြင်မိပါသည်။

အမျိုးသမီးများမှာ တူညီဝတ်စုံကို မတူညီအောင် ဖန်တီး ပြီး လှအောင် ဝတ်ဆင်နေသဖြင့် မူလတန်ဖိုးများ ပျောက်နေပြီဟု ပြောလိုပါသည်။ တူညီဝတ်စုံဟူသော ယူနီဖောင်းသည် ပုတ်သင်ညိုလို ပတ်ဝန်းကျင်နှင့်လိုက်ပြီး၊ မိမိ ပြောင်းချင်သလို ပြောင်းရင်း ပုတ်သင်ညို ယူနီဖောင်းဖြစ်နေပြီ ဖြစ်ပါသဖြင့် ဆုံးဖြတ်နိုင်သောအဆင့်မှ လူကြီးများအနေဖြင့် မအားလပ်သည့်ကြားမှ ဤကိစ္စကို အလေးအနက်ထား ပြုပြင်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။

# အရှေ့မြောက်တံခါးပေါက်တွင် ကျောက်စိမ်း၊ ကျောက်မျက်ကုန်ချောနှင့်

# ဒေသထွက်ကုန်ချော ဈေးကွက်ပေါ်ထွန်းလာရေး

|မိုင်းယုသား|

ယနေ့ကမ္ဘာတွင် နိုင်ငံတိုင်း နိုင်ငံတိုင်း၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင် ကြိုးပမ်းလုပ်ဆောင်ရာတွင် ကုန်သွယ်မှုကဏ္ဍသည် အထူးအရေးပါသော ကဏ္ဍဖြစ်ပြီး မြန်မာနိုင်ငံသည်လည်း ယနေ့အချိန်တွင် နိုင်ငံတိုင်းနှင့် ကုန်သွယ်ခွင့် ရရှိလာပြီ ဖြစ်သည့်အတွက် အာရှတွင် ကုန်သွယ်မှုပြုလုပ်ရန် အလားအလာ ကောင်းသော နိုင်ငံများထဲတွင် ပါဝင်လာပြီ ဖြစ်ပါသည်။ သို့ဖြစ်ရာ မိမိနိုင်ငံမှ ထွက်ရှိသည့် သဘာဝ သယံဇာတများကိုလည်း ကုန်ကြမ်းအတိုင်း ပို့ကုန်တင်ပို့ခြင်းအပြင် အရည်အသွေး ကောင်း ပို့ကုန်အမယ်စုံများဖြစ်အောင် ခေတ်မီနည်းပညာများဖြင့် တီထွင်ဆန်းသစ်မှုများပြုလုပ်ကာ အရည်အသွေးကောင်း၊ စွမ်းရည်များ ပေါင်းစပ်ပြီး တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းများ (Value Added Production) ပြုလုပ်၍ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ကမ္ဘာတွင် မြန်မာ ထွက်ကုန်များ နေရာယူနိုင်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိက နှစ်ဦးနှစ်ဖက် ပေါင်းစပ်ညှိနှိုင်းပြီး မြန်မာ့စီးပွားရေးတွင် အရေးပါသည့် ကုန်သွယ်မှုကဏ္ဍကို ရေရှည်တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါသည်။

မြန်မာ့ သဘာဝ သယံဇာတထဲတွင် ကျောက်စိမ်း၊ ကျောက်မျက် အချောထည်များလည်း ပါဝင်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၀၅ ဒသမ ၇၇၉ သန်းတန်ဖိုးရှိ ကျောက်စိမ်း (အရိုင်း) ၁၄၁၂ ဒသမ ၈၈၇ တန် ၊ နှင့် အမေရိကန်ဒေါ်လာ ၁၅ဒသမ ၅၁၄ သန်းတန်ဖိုးရှိ လက်ဝတ်ရတနာများကို တင်ပို့ထားပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီမှ ဇူလိုင်ကုန် အထိ အမေရိကန်ဒေါ်လာ ၅၃ဒသမ ၀၁၆ သန်းတန်ဖိုးရှိ ကျောက်စိမ်း(အရိုင်း) ၄၇၅ ဒသမ ၀၉၆ တန် နှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၄၇ သန်းတန်ဖိုးရှိလက်ဝတ်ရတနာများကို တင်ပို့ထားကြောင်း တွေ့ရှိရပါသည်။



မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် လစ်လပ်နေသော ပြပွဲပြုလုပ်ရန် နေရာ

ကျောက်စိမ်းကို (အရိုင်း)အတိုင်း တင်ပို့ခြင်းထက် အချောထည် လက်ဝတ်ရတနာများ ဖြစ်အောင် (Value Added) ပြုလုပ်ပြီး တင်ပို့နိုင်ရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၁၁ခုနှစ် နိုဝင်ဘာလ ၁၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၇/၂၀၁၁ ထုတ်ပြန်၍ ကျောက်စိမ်းအချောထည်များ၊ ပလွမ် (Albite) နှင့် သလင်းကျောက် (Quartzile)၊ အင်ကြင်းကျောက် (Petrified Wood) တို့ဖြင့် ပြုလုပ်ထားသော အချောထည်များကို နယ်စပ်ကုန်သွယ်ရေး (Border Trade) ဖြင့် ရောင်းချနိုင်ရန် ခွင့်ပြုခဲ့ပါသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ (One Stop Services Centre) များ ဖွင့်လှစ်ထားရှိပြီး ကုမ္ပဏီများ ၊ သမအသင်းအဖွဲ့များ၊ ပုဂ္ဂလိကများ၊ အရောင်းဆိုင်များတို့က သတ်မှတ်ထားသော အခွန်အခများကို ကျပ်ငွေဖြင့် ပေးဆောင်ပြီးပါက မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ သယ်ဆောင်ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်းများ ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။





ကုမ္ပဏီများ ၊ သမဝါယမအသင်းအဖွဲ့များ၊ ပုဂ္ဂလိကများ၊ အရောင်းဆိုင်များမှ မိမိတို့ ဝယ်ယူထားသော ကျောက်မျက်အချောထည်များ (ကျောက်စိမ်းပုတီးစေ့၊ ကျောက်စိမ်းလွှာချပ်၊ ကျောက်စိမ်းလက်ကောက်၊ ပလွမ်လက်ကောက်) ၏ အရေအတွက်၊ အလေးချိန်အပေါ် သတ်မှတ်ထားသည့် တန်ဖိုးပေါ်မှ သတ်မှတ်ထားသည့် အခွန်ငွေ ၁၀ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန် ၀ါး ရာခိုင်နှုန်း၊ ဝင်ငွေခွန် (ကြိုတင်ခွန် နှစ်ရာခိုင်နှုန်း) နှင့် ကျောက်မျက်ဝန်ဆောင်ခ (တစ်ရာခိုင်နှုန်း) တို့ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ တန်ဖိုးဖြတ်အဖွဲ့၊ မန္တလေးမြို့ရှိ ကျောက်စိမ်း၊ ကျောက်မျက် အချောထည် တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်ထားသည့်အခွန်လေးမျိုးကို ပေးဆောင်ပြီး သယ်ဆောင်ခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ရောင်းချခွင့်၊ လွှဲပြောင်းခွင့်များ ပြုလုပ်နိုင်ကြောင်း ကျောက်မျက် တင်ပို့သူများ၏ ပြောကြားချက်အရ သိရှိရပါသည်။

ထို့အပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ကြီးမှူးကျင်းပသည့် မြန်မာ့ကျောက်မျက် ရတနာပြပွဲများတွင် နိုင်ငံခြားငွေများဖြင့် ဝယ်ယူခဲ့သည့် ကျောက်စိမ်း (အရိုင်း) (Jade Rough) အတွဲများကိုလည်း အကောက်ခွန် ဦးစီးဌာနတွင် ကုန်တင်ပို့သူ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း အမည်ဖြင့် ED ဖွင့်လှစ်ပြီး တစ်ဖက်နိုင်ငံသို့ သယ်ယူတင်ပို့ခွင့်ပြုကြောင်း သိရှိရပါသည်။

ကျောက်စိမ်း၊ ကျောက်မျက်အချောထည်များအား တစ်ဖက်နိုင်ငံသို့ တင်ပို့မည်ဆိုပါက မန္တလေးမြို့ရှိ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ တန်ဖိုးဖြတ်အဖွဲ့က အခွန်များ သတ်မှတ်ပြီး တင်ပို့မည့်ကာယကံရှင်အနေဖြင့် အခွန်ငွေပေးသွင်း ပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အထူးစုံစမ်းရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပါဝင်သည့် ပူးပေါင်း OSS အဖွဲ့ (One Stop Service) မှ ED ဖွင့်ထားသည့် အမျိုးအစား ၊ အရေအတွက်၊ အလေးချိန် ကိုက်ညီမှု ရှိ/မရှိအား ( ၁၅ မိနစ်-မိနစ် ၂၀ ) အတွင်း စစ်ဆေးပေး၍ နေ့ချင်းပြီး ချိပ်ပိတ်သယ်ဆောင်ခွင့်ပြုနေကြောင်း၊ တစ်ဖက်နိုင်ငံရှိ ကျောက်မျက်ဆိုင်များနှင့် ကျောက်ဝိုင်းတို့သို့ တရားဝင် ပို့ဆောင်ရသည်မှာလွယ်ကူပြီး ထိုကဲ့သို့ ပြုလုပ်ပေးခြင်းကြောင့် မိမိတို့ ကျောက်မျက်ဆိုင်များမှ တရားဝင်လမ်းကြောင်းပေါ်မှ သွားလာရခြင်းကြောင့် လျှင်မြန်မှု၊ စိတ်ချရမှုရှိ၍ အမြတ်စွန်းများစွာရရှိကြောင်း ကျောက်မျက် အရောင်း ဆိုင်များ၏ ပြောကြားချက်အရ သိရှိရပါသည်။

ယခင်က မိမိတို့ ကျောက်စိမ်း၊ ကျောက်မျက်အချောထည် များအား တရားမဝင် မှောင်ခိုလမ်းမှ သွားလာနေသည့်အတွက် လမ်းခရီးကွေ့ပတ်၍ လျှင်မြန်မှု၊ စိတ်ချရမှု မရှိခြင်း၊ အဖမ်းအဆီးများနှင့်ကြုံပါက အမြတ်စွန်း မရရှိသည့်အပြင် မိမိတို့ရင်းနှီးထားသည့် အရင်းအနှီးများပါ ကုန်သွားကြောင်းနှင့် နောင်တွင် မိမိတို့နိုင်ငံရှိ နယ်စပ်မြို့တွင် တစ်ဖက်နိုင်ငံကဲ့သို့ ကျောက်မျက်ဈေးများ၊ ကျောက်ဝိုင်းများ ရှိပါက မိမိတို့ ကျောက်မျက်ရတနာ တင်ပို့သူများ ပိုမိုလုပ်သာကိုင်သာ ရှိလာမည်ဖြစ်ကြောင်း ကျောက်မျက်တင်ပို့သူများ၏ မျှော်လင့်ချက်များကိုလည်း ကြားသိရပါသည်။

ထို့အတူ တစ်ဖက်နိုင်ငံ ကျယ်ဂေါင်နှင့် ရွှေလီတွင်ရှိသည့် ကျောက်စိမ်း၊ ကျောက်မျက် အချောထည်၊ အင်ကြင်းကျောက် အချောထည်၊ စကျင်ကျောက် အချောထည်၊ သလင်းကျောက် အချောထည်၊ ပရိဘောဂ လုပ်ငန်းများ၊ သစ်သားပန်းပု လုပ်ငန်းများ၊ အခြားတွင်းထွက် လက်မှုကုန်ချောပစ္စည်း လုပ်ငန်းများသည် မြန်မာနိုင်ငံမှ ကျွမ်းကျင်လုပ်သားများ ၊ ပညာရှင်များနှင့် လုပ်ကိုင်နေကြပြီး တစ်ဖက်နိုင်ငံ ကျယ်ဂေါင်၌ နေ့စဉ်အလုပ် လုပ်ကိုင်မှုတွင် တစ်ဖက်နိုင်ငံ ဒေသန္တရ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များက မိမိနိုင်ငံလုပ်သားများအား အကြောင်းရှာ၍ မကြာခဏ စစ်ဆေးဖမ်းဆီးမှုများ ပြုလုပ်နေသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းများအရ



|ကျယ်ဂေါင်ရှိ ကျောက်ဝိုင်း|



|ကျယ်ဂေါင်ရှိ ကျောက်မျက်ရတနာအရောင်းဆိုင်|

မြန်မာနိုင်ငံဘက်တွင် ၎င်းတို့ကျွမ်းကျင်သည့် အချောထည်လုပ်ငန်းများ လုပ်ကိုင်ခွင့် ရရှိစေရန် နိုင်ငံတော်အနေဖြင့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ကျောက်မျက်အချောထည် လုပ်ငန်းများ၊ ကျောက်မျက်ဈေးကွက်များ၊ ပြည်တွင်းလက်မှုလုပ်ငန်း၊ အချောထည်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုပါက မိမိနိုင်ငံဘက်အခြမ်းမှာပင် လာရောက် လုပ်ကိုင်လိုစိတ်များ ပြင်းပြနေကြောင်း၊ တစ်ဖက်နိုင်ငံရောက် မိမိနိုင်ငံသား လုပ်ငန်းရှင်များကလည်း မူဆယ်ဘက်တွင် ကျောက်မျက်ဈေးကွက်တစ်ခု ဖြစ်စေလိုကြောင်း ကြားသိရပါသည်။

➲ စာမျက်နှာ ၂၆ သို့










WCL

# WIN

## CONSULTING LIMITED

**We provide the following services designed to support your business objectives, manage your resources and improve your profitability and competitiveness.**

### Business Advisory

- *Due Diligence Review*
- *Financial Management*

### Tax and Legal Services

*Tax Advisory*
*Coporate Tax Services*
*Tax Reporting Services*
*Tax Compliance Services*
*Legal Advisory*
*Secretarial Services*
*Agreements and Contract Advisory*
*Liquidation and Closing Down Services*
*Payroll Tax Services*
*Company Formation Services*
*Compilation of Finanical Statements*
*Representation before Tax & Other Government Authorities*
*Applying for Investment/ SEZ Permit*

### Economic and Financial Consulting

☐ *Share and Asset Valuation*
☐ *Corporate Finance*

### Business Consulting

*New Investors Advisory*
*Business Planning and Review*
*Project Preparation and Packaging*

**Contact us:** *U Win Thin (Chairman), U Win Aung (Vice Chairman)*
*U Myo Min Htwe (Managing Director)*

**Office Address :** #2D, Rose Condominium, No.182/194, 1st Floor, Botahtaung Pagoda Road, Between Anawyahta St & Mahabandoola St, Pazundaung Township, Yangon Region , Myanmar.

**Tel** :(951) 245671, 9010343 , 9010549 (Direct)
:(951) 201798, 296164

**E-mail** :winconsult@myanmar.com.mm, winthin9@myanmar.com.mm

**Website** :www.winthin-associate.com

## ပြောင်း

### ပြောင်းတန်ချိန် တစ်သောင်းကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းများမှ ဇူလိုင်နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၃၂ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၃၁၆၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၀၃၉၀ တန်၊ လွယ်ဂျယ်မှ ၇၇၉ တန်ကျော်၊ ချင်းရွှေဟော်မှ ၁၈၆၂ တန်ခွဲနဲ့ ကန်ပိုက်တီးမှ ၁၃၅ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ကန်ပိုက်တီးကုန်သွယ်ရေးမှ ပြောင်းတင်ပို့မှုမရှိခဲ့ဘဲ ကျန်စခန်းသုံးခုမှသာ ၇၄၀၁ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ဇူလိုင်လအတွင်း တရုတ်နယ်စပ်စခန်းများမှ ပြောင်းတန်ချိန်လေးသောင်းခွဲကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

သယ်ယူစရိတ်မှာ ယခုတစ်ပတ်တွင် တစ်ပိဿာကို ၅၀-၅၅ ကျပ်ရှိပြီး ကားဝင်ရောက်မှုမှာ ၄၀၉ စီးဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် ၂၂ ရက်က ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၂၈၀၂၆၁ ကျပ်ရှိခဲ့ရာမှ ဇူလိုင် ၂၉ ရက်တွင် ၂၇၁၁၂၇ ကျပ်သို့ ဈေးဆက်လက် လျော့ကျသွားကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်မှ သကြားပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ် ရေးဇုန်မှ ဇူလိုင်နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၀၁၂ သန်းတန်ဖိုးရှိ သကြား ၂၃၆၅၈ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ၂၂၀၃၇ တန်ခွဲတင်ပို့ခဲ့တဲ့အတွက် မူဆယ်မှ သကြားပုံမှန်တင်ပို့လျက်ရှိနေပါတယ်။ ယခုတစ်ပတ်တွင် ပြည်တွင်းသကြားဈေးမှာ တစ်တန်လျှင် ရှစ်သိန်းလေးသောင်းကျပ်အထိ ဝယ်ယူရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်လျှင် ၂၃၉-၂၄၀ ယွမ် အထိ ဈေးရှိနေတယ်လို့ သိရပါတယ်။ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၁၁၁၆၂ တန်ဖိုးရှိ သကြား ၅၆၅ တန်ကျော်ကို ယခုသီတင်းပတ်မှာ တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၅၇၆၆၂ တန်ဖိုးရှိသကြား ၁၁၉၅ တန် ကျော် တင်သွင်းခဲ့ပါတယ်။ ဇူလိုင်လနောက်ဆုံးပတ်တွင် သကြားလက်လီဈေးမှာ တစ်ပိဿာကိုကျပ် ၁၃၀၀ မှ ၁၄၀၀ ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## တစ်သျှူးငှက်ပျော

### တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၅၉၆၂၀ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၀၆၃ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ ကန်ပိုက်တီးမှ တန် ၁၀၀၀ နဲ့ လွယ်ဂျယ်မှ ၆၃ တန်ဖြစ်ပါတယ်။ ဇူလိုင်လ တစ်လလုံး ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော တန်ချိန် ၂၈၀၀ ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးမှ တန် ၄၀၀ နီးပါးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တစ်သျှူးငှက်ပျောကို Shan Yin Chu၊ လွယ်ငူးဆွမ်၊ မြောက်ပိုင်းတော်ဝင်နဲ့ မြန်မာအကယ်ဒမီကုမ္ပဏီများမှ ဝိုင်းမော်ဒေသတစ်ဝိုက်မှာ မြေဝယ်ပြီး ဘိန်းအစားထိုးသီးနှံအဖြစ် လာရောက်စိုက်ပျိုးကြောင်း၊ တစ်ပင်နဲ့တစ်ပင် ခုနစ်ပေခြားပြီး စိုက်ရကြောင်း၊ ငှက်ပျောတစ်ခိုင်ကို အဖီး ၂၅-၃၀ခန့်သီးကြောင်း၊ ငှက်ပျောတစ်ဖီးကို ၂၄ လုံး-၂၅ လုံးပါကြောင်း၊ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှတစ်ဆင့် သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ဝါ

### ငွေချည်-၆ ချည်မျှင်ဝါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ် ရေးဇုန်မှ ဇူလိုင်နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၄၂၄၆၀၀ တန်ဖိုးရှိ ငွေချည်-၆ ဝါဂွမ်း ၁၉၃ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၄၈ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဝါဂွမ်းတင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ ဇူလိုင်လ တစ်လလုံးတင်ပို့ခဲ့တဲ့ ဝါဂွမ်း ၃၅၃ တန်ရှိပါတယ်။

ငွေချည်-၆ ဝါသည် ဒေသနှင့်ကိုက်ညီပြီး သီးလုံးဖောက်ပိုးဒဏ်ကို ကာကွယ်နိုင်ခြင်း၊ ဝါအထွက်နှုန်းကောင်း မွန်ခြင်း၊ ရေဝပ်/ရေငတ်ဒဏ်ခံနိုင်ရည်ရှိခြင်း၊ မြေဩဇာတုံ့ပြန်မှုရှိခြင်းတို့ကြောင့် တောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်ကြောင်း မကွေးမြို့မှ ဝါစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ကုန်သွယ်ရေးစခန်းများမှ ဇူလိုင်လတွင် အနီးစပ်ဆုံးကာလထက် ရော်ဘာပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများမှ ဇူလိုင်နောက်ဆုံးပတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄၈ သန်းတန်ဖိုးရှိ ရော်ဘာ ၁၀၂၀ တန် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 ၂၅၇ တန်ကျော်၊ MSR 20 ၂၆၂ တန်ခန့် RSS 5 ၃၂ တန်ကျော်၊ RSS 1 ၁၅၅တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 ၁၄၁တန်ကျော်၊ RSS5 ၃၃တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ RSS 3 တန် ၉၀ နဲ့ ရော်ဘာသစ်ခွဲသား ၄၉ တန်တင်ပို့ခဲ့ပါတယ်။ ဇူလိုင်လတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၀၆ သန်းတန်ဖိုးရှိ ရော်ဘာဆိုဒ်စုံ ၃၉၇၂ တန်ခန့် တင်ပို့ခဲ့ပြီး၊ အနီးစပ်ဆုံးဇွန်လတင်ပို့မှုထက် ၅၆၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှာ ရော်ဘာဈေး RSS 3 တစ်တန် ၁၃၈၇၃၂၄ ကျပ်ဈေးရှိပြီး ယခင်တစ်ပတ်တင်ပို့ မှုထက် တစ်တန်ကို ၄၄၅၄ ကျပ်ဈေးတက်လာတာ တွေ့ရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇူလိုင်လနောက်ဆုံးပတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၇ သန်းတန်ဖိုးရှိရော်ဘာ ၉၃၁ တန်တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS3 တန် ၂၀၀၊ စင်ကာပူနိုင်ငံသို့ MSR20TSR ၂၄၇ တန်ခန့်၊ တောင်ကိုရီးယားနိုင်ငံသို့ MSR 20 TSR ၁၀၁ တန်၊ အိန္ဒိယနိုင်ငံသို့ MSR 20 TSR ၁၀၁ တန်နဲ့ MSR 10 တန် ၂၀ ကျော်၊ တရုတ်နိုင်ငံသို့ MSR 10 ၂၆၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ဇူလိုင်လတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅၁ သန်းတန်ဖိုးရှိရော်ဘာ ၂၃၆၇ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဇွန်လတင်ပို့နှုန်းနဲ့ နှိုင်းယှဉ်ပါက ၂၇၁ တန်ခန့်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးတစ်တန်လျှင် ဒေါ်လာ ၅၀ ကျော်ဈေးတက်လာကြောင်း သိရှိရပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့်မြန်မာ့ရော်ဘာဈေးကိုလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ တိုး၍ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၄၅၀-၁၅၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၄၀၀-၁၅၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၅၀-၁၄၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၀၀-၁၄၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၅၀-၁၃၅၀** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၆၀၀-၁၇၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၅၀-၁၄၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၀၀-၁၄၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၀၀-၁၃၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၅၀-၁၂၅၀** |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၄၀၀ -၁၅၀၀** |
| **Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၇၀၀ -၁၈၀၀** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၁၀ - ၁၀၆၀** |

**ယဉ်ယဉ်အေး**

## ထန်းလျှော်တောင်းလုပ်ငန်းဖြင့် တလိုင်းကျွန်း ကျေးရွာမှ တောင်သူများအပိုဝင်ငွေများရရှိနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တလိုင်းကျွန်းကျေးရွာမှ တောင်သူများဟာ ထန်းလျှော်တောင်းလုပ်ငန်းဖြင့် အပိုဝင်ငွေများရရှိနေကြောင်း သိရပါတယ်။

တလိုင်းကျွန်းကျေးရွာပတ်ဝန်းကျင်မှာ ထန်းပင်များ အများအပြားရှိတဲ့အတွက် ကုန်ကြမ်းကိုလိုသလောက် ရရှိနေပါတယ်။ ထန်းလက်အတိုအရှည်ပေါ်မူတည်ကာ ထန်းလက်အချောင်းအစီး ၁၀၀ တစ်စီးလျှင် ကျပ် ၃၀၀၀ မှ ကျပ် ၄၅၀၀ အထိဝယ်ယူရပါတယ်။ ဝယ်ယူထားတဲ့ ထန်းလက်တွေကို ကျောဘက်နဲ့ ဗိုက်ဘက်မှ လျှော်ချရပါတယ်။ လျှော်ချခအဖြစ် ထန်းလက်အစီး ၁၀၀ လျှင် ကျပ်နှစ်ထောင်ပေးရပါတယ်။

ရက်လုပ်တဲ့အခါမှာ ထန်းလက်အစီး ၁၀၀ တစ်စီးမှာ ခွဲတောင်းဆိုဒ်ဖြစ်ပါက ရှစ်ပြည်ဝင်တောင်း ၁၆ လုံး၊ စိတ်တောင်းဆိုဒ်ဖြစ်ပါက လေးပြည်ဝင်အလုံး ၂၀ ခန့် ရရှိမှာဖြစ်ပါတယ်။ တစ်ရက်လျှင် ခွဲတောင်းရက်လုပ်ပါက ခြောက်လုံးပြီးစီးနိုင်ပြီး စိတ်တောင်းရက်လုပ်ပါက ရှစ်လုံးအထိ ပြီးစီးနိုင်တယ်လို့ သိရပါတယ်။

ရက်လုပ်ပြီးစီးတဲ့ ထန်းလျှော်တောင်းများကို တလိုင်းကျွန်းကျေးရွာမှာရှိတဲ့ ပွဲစားများထံသို့ ခွဲတောင်းတစ်လုံးလျှင်ကျပ် ၉၀၀၊ စိတ်တောင်းတစ်လုံးလျှင်ကျပ် ၇၀၀ နှုန်းနဲ့ ပေးသွင်းရတယ်လို့ သိရပါတယ်။

တလိုင်းကျွန်းရွာမှ ရက်လုပ်တဲ့ ထန်းလျှော်တောင်းများဟာ အောက်ပိုင်းရှူး (ဇလား) ပုံတောင်းများဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့် စစ်ကိုင်း၊ ရွှေဘို၊ မုံရွာနဲ့ မန္တလေးမြို့သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ထန်းလျှော်တောင်းလုပ်ငန်းကို တောင်သူလုပ်ငန်းနဲ့တွဲပြီး တစ်နှစ်ပတ်လုံးတွင်ကျယ်စွာ ရက်လုပ်နေကြတဲ့အတွက် အိမ်တွင်းအသေးစားကုန်ထုတ်လုပ်ငန်းအဖြစ် မိသားစုအပိုဝင်ငွေများ ရရှိနေကြောင်း တလိုင်းကျွန်းကျေးရွာမှ တောင်သူတစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

**ပို့သွင်းရုံး(မန္တလေး)**

# စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု

စားသုံးသူဆိုသည်မှာ တစ်ဆင့် ပြန်လည်ရောင်းချရန် မဟုတ်ဘဲ မိမိနှင့် မိသားစုကိုယ်တိုင် စားသောက် သုံးစွဲသူများဟု နားလည် သဘောပေါက်မိပါသည်။ တစ်နည်းအားဖြင့်ဆိုသော် တစ်ကမ္ဘာလုံးရှိ နေ့စဉ်စားသောက် သုံးစွဲနေသူများအပြင် ယင်းတို့ကို ထုတ်လုပ်ကိုင်တွယ်ရောင်းချ တင်ပို့သယ်ယူ ဖြန့်ဖြူးပေးသူများလည်း ပါဝင်ကြောင်း တွေ့ရှိနိုင်ပါသည်။ လက်ညှိုးထိုးမလွဲ စားသုံးသူများပင်. . .

သူတို့ကို ဘယ်လိုဘေးအန္တရာယ်များမှနေ၍ အကာအကွယ်ပေးမှာပါလဲဟု အမေးရှိပါလျှင် သူတို့ နေ့စဉ်နှင့်အမျှ စားသောက်သုံးစွဲနေကြသည့် အစားအသောက်၊ အသုံးအဆောင်၊ ဆေးဝါး၊ အလှကုန် ဝန်ဆောင်မှု စသည်တို့ထံမှ ကျရောက်မည့် ဘေး အန္တရာယ်များမှ အကာအကွယ်ပေးမည် ဖြစ်ပါသည်။ အစား အစာ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေပြီး ကျန်းမာရေး အာမခံချက် ပေးမည့် သဘောပင်. . . .

ဤသို့ဆိုလျှင် စားသုံးသူများကို ဘေးအန္တရာယ် ပြုနိုင်သည့် ဘေးမကင်းသည့် အစားအသောက်များထဲတွင် မည်သည့်အရာများ ပါဝင်နေသနည်း၊ အစားအသောက်အတွင်းမှ မည်သည့် ပစ္စည်းများက စားသုံးသူများကို ဒုက္ခပေးနေပါသနည်း၊ ခွဲခြမ်းစိတ်ဖြာကြည့်ကြရအောင်. . . .

အစားအသောက် စားသောက်ပြီဆိုကတည်းက မိမိတို့ ကိုယ်စီ၏ ကောင်းသောလိုအင်ဆန္ဒ၊ လိုချင်ဆန္ဒ၊ တပ်မက်မှု၊ လိုချင်သော လောဘများနှင့် စားသောက်ခြင်း ဖြစ်ပါသည်။ သို့သော်လည်း မရည်ရွယ်သော အရာများနှင့် ဘေးထွက်ဆိုးကျိုး ဖြစ်စေမည့် အစားအစာများကိုလည်း တစ်ပါတည်း စားမိတတ်ပေမည်။ ယင်းပစ္စည်းမှာ-

မျက်စိနဲ့ မမြင်နိုင်တဲ့ အဏုဇီဝပိုးများတွင် Bateria/Yeast/ Protozoa/Molds/Virus တို့အပြင် ဓာတုဆေးကြွင်းများအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်း၊ မွေးမြူကုသဆေးဓာတ်ကြွင်း၊ ခွင့်မပြုဓာတုဆိုးဆေး များ၊ ခွင့်ပြုပိုလျှံ ဆိုးဆေးများ၊ ကြီးထွားဆေးများ၊ ချွတ်ဆေးများ စသည်ဖြင့် စားသုံးသူများ ရွေးချယ် ရှောင်တိမ်းရခက်လောက်အောင် အစားအသောက်များတွင် ပျံ့နှံ့နေရာယူလျက်ရှိကြပေသည်။ စီးပွားရေး လုပ်ငန်းရှင် အချို့ကလည်း ဥပဒေများကို လက်တစ်လုံးခြား အကာအကွယ်ယူကာ ဝိသမ ကိုယ်ကျိုးကြည့် စီးပွားရေး စနစ်ဖြင့် ဘယ်သူသေသေ ငတေမာရင်ပြီးရော ထုံးကိုနှလုံးမူပြီး စားသောက်ကုန်များ ထုတ်လုပ်တင်သွင်းနေကြသည်။

ယင်း ဘေးအန္တရာယ်ရှိသော အရာများမှာ မည်သည့် အစားအသောက်များတွင် ပါဝင် နေကြပါသနည်း၊ ပြောရလျှင်



|armifarmifa t ;(Nidf)|

မုန့်လုံးစက္ကူကပ်သလို ဖြစ်နေပေရော့မည်။ တိုင်းပြည်က ဆင်းရဲသည်၊ ပြည်သူ ပြည်သားများ၏ တစ်နေ့ လုပ်ခဝင်ငွေနည်းတာလည်းပါသည်။ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ဆင်းရဲပြီး တိုးတက်မှုနည်းသော ကျေးလက်နေ ပြည်သူများ ဖြစ်ကြသည်။ ဝင်ငွေနည်းသဖြင့် ရသည့်ဝင်ငွေထဲမှ ခြိုးခြံချွေတာကာ ဈေးပေါတာကိုပင် ဝယ်ယူစားသုံးနိုင်ကြသည်။

ဈေးကွက်၏ တောင်းဆိုမှုအရ ဝယ်လိုစွမ်းအားနည်းပြီး ဝယ်ယူနိုင်မှု ပမာဏလျော့နည်းပြီ ဆိုပါက ကုန်ထုတ်လုပ်ငန်းရှင်များက ပေါပေါသီသီ၊ များများစားစား၊ ရောင်းချနိုင်စေရန် လက်လီ ၅၀ ကျပ်တန်၊ ၁၀၀ ကျပ်တန်ကအစ ခွဲဝေထုပ်ပိုး ရောင်းချကြရသည်။ ယင်းသို့ အခြေခံမှ ပြည်သူအများ ဝယ်ယူစားသုံးနိုင်သည့်အဆင့်သို့ ရောက်အောင် လျှော့ချထုပ်ပိုး ပြုပြင်ပြီး ရောင်းချရာတွင် ကုန်ပစ္စည်း အရည်အသွေးကလည်း တန်ရာတန်ဖိုးဖြစ်အောင် အဘက်ဘက်မှ လျှော့ချလာကြသည်။

ဤနေရာမှာ ဖြတ်လမ်းနည်းပေါင်းစုံ သုံးလာကြသည်။ သဘာဝ ပစ္စည်းများအစား ဓာတုပစ္စည်းများက နေရာယူလာသည်။ ကြာရှည်ခံအောင် ပြုပြင်စီမံ လာကြသည်။ မြန်မြန်စားသုံးနိုင်အောင် ဈေးကွက် လက်ဦးမှုရရှိအောင် အမြန်ဆုံးနည်းနဲ့ ထုတ်လုပ်စီမံလာကြသည်။ မျက်စိပသာဒ လှရုံ၊ ဆွဲဆောင်မှုရှိရုံ၊ ပါးစပ်ထဲမှာ လျှာမှာ အရသာရှိရုံ၊ သွားဖြင့် စားသုံးကောင်းရုံသာ တီထွင်ပြုပြင် ထုတ်လုပ် လာကြသည်။ ခံတွင်းဝ၏ နောက်ပိုင်း ဝမ်းဗိုက်ထဲအရောက်မှာ ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဘေးထွက်ဆိုးကျိုးများကို လျစ်လျူရှုလာကြသည်။

သို့နှင့် လူအများ၊ ဆင်းရဲသော စားသုံးသူများ၊ ကျန်းမာရေး ဗဟုသုတ နည်းပါးသူများ၊ အသိပညာ ကွာဝေးသူများ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားသူများတွင် ရောဂါဘယများ တိုးတက် ကျရောက်လာသည်။ ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့လာရသည်။ လူနာအရေအတွက်နှင့် ခုတင်အရေအတွက် မမျှမတဖြစ်ကာ ကျန်းမာရေး စိန်ခေါ်မှုများ တိုးပွားလျက်ရှိနေကြသည်။ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအား အရင်းအမြစ်များ၊ ဒေါင်ဒေါင်မည် လုပ်သားပြည်သူများ ဖြစ်ထွန်းပေါ်ပေါက်လာရေးကို အဓိက ဟန့်အတားဖြစ်စေသည်။

အဆိုပါ စားသုံးသူ အကာအကွယ်ပေးရေးကိစ္စနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ စားသုံးသူရေးရာဦးစီးဌာနကို တာဝန်ခံဌာနအဖြစ် နိုင်ငံတော်မှ တာဝန်ပေးထားသော်လည်း အတွေ့အကြုံရင့်ကျက်ပြီး အစားအသောက်များနှင့် ပတ်သက်၍ ဥပဒေများ ပြဋ္ဌာန်း ကျင့်သုံးနေပြီဖြစ်သည့် ပညာရေးဌာန၊ ကျန်းမာရေး ဦးစီးဌာန၊ စည်ပင်သာယာဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေရုံးများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေး/ကုဦးစီးဌာန စသည်တို့လည်း ရှိကြသည်။

ဤလုပ်ငန်းသည် ပြည်သူတစ်ရပ်လုံး အများနှင့်ဆိုင်သော လုပ်ငန်းဖြစ်သဖြင့် သက်ဆိုင်သော ဌာန များက ဝိုင်းဝန်းပြီး အတူပူးပေါင်း ဆောင်ရွက်မှသာ ပြည်သူများ ဘေးဒုက္ခအန္တရာယ်မှ အမြန်ဆုံး ကင်းဝေးပေမည်။

စက်ပစ္စည်းတို့တွင် ပင်နီယံခွေးသွားစိပ်တို့မှာ ဖုထွက်စရာရှိက ဖုထွက်ပြီး၊ ထွင်းထုကာ လှိုက်အစား ခံကာ အခြားပင်နီယံသွားများနှင့် ချိတ်ဆက်နိုင်အောင် စွန့်လွှတ်တန်တာ စွန့်လွှတ်ရပေမည်။ သို့မှသာ ကိုယ့်ပင်နီယံမှ အဖုနှင့် ဟိုဘက်ကအချိုင့်၊ ကိုယ့်ဘက်ကအချိုင့်နှင့် ဟိုဘက်က ပင်နီယံက အဖုတို့ ချိတ်ဆက်ရင်း စက်ယန္တရားတို့ လည်ပတ် နိုင်ပေသည်။ ရည်ရွယ်ချက်တူသော အလုပ်များ အောင်မြင်လိုပါက စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းများကလည်း အလွန်အရေးပါပါသည်။

သို့ဖြစ်ပါ၍ ယနေ့ စားသုံးသူများအားလုံး ဆင်းရဲနွမ်းပါးခြင်း အကြောင်းများနှင့်အတူ အစား အသောက် အသုံးအဆောင် ပစ္စည်းများကြောင့် ကျန်းမာရေးချို့တဲ့ခြင်း၊ အသက်ဘေးအန္တရာယ်ကျရောက်ခြင်း၊ ရောဂါဘယများ၊ ကပ်ဆိုးများအတွက် စိုးရိမ်ရသည့် ကာလတွင် စားသုံးသူအကာအကွယ်ပေးရေး ကိစ္စနှင့် ပတ်သက်သည့် ဌာနဆိုင်ရာ အသီးသီးအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ် ကင်းစင်ရေး၊ အစားအသောက် လုံခြုံသန့်ရှင်းရေးအတွက် တူညီသော ဦးတည်ချက်၊ ခံယူချက်များ တစ်ညီတည်း ဦးထိပ်ပန်ဆင်လျက် ကောင်းမြတ်သော ရည်မှန်းချက်ထားကာ အတူပူးပေါင်း ဆောင်ရွက်သွားကြစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်း အထက(၁)နှင့် အထက(၂) တို့တွင် စားသုံးသူ အကာအကွယ် ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲများကျင်းပခဲ့

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်း နှင့် တာဝန်ရှိ သူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် တိုင်းကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂ ရက်တွင် အထက(၁) ပန်းဘဲတန်း၌ လည်းကောင်း၊ ဩဂုတ် ၄ ရက်တွင် အထက (၂) ပန်းဘဲတန်းတွင်လည်းကောင်း ကျင်းပခဲ့ပါသည်။

ယင်းဟောပြောဆွေးနွေးပွဲတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာရဲမင်းထိုက်က စားသုံးသူအကာအကွယ်ပေးရေးအတွက် FDA ၏ လုပ်ငန်းစဉ်အကျဉ်းချုပ်၊ ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းသော အစားအသောက်များ ရွေးချယ်ဝယ်ယူစားသုံးရန်၊ သက်တမ်းလွန် အစားအစာများ၊ ဆေးဝါးများကို ရှောင်ကြဉ်ကြရန်တို့ကို ဟောပြောဆွေးနွေးပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်က စားသုံးသူကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်များ၊ စားသုံးသူ အခွင့်အရေးနဲ့ တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူ ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်ဝယ်ယူစားသောက်သုံးစွဲနေသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရွေးချယ်ဝယ်ယူအသုံးပြုနိုင်သည့် နည်းလမ်းများ၊ စပ်ဆေးအန္တရာယ်များအကြောင်းကို ပါဝါပွိုင့်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပန်းဘဲတန်းမြို့နယ် ကျောင်းကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာစုစုခိုင်က မိုးရာသီတွင် အဖြစ်များသော ရောဂါများမဖြစ်ပွားစေရန် လိုက်နာရမည့် အချက်များကို ကျောင်းသား၊ ကျောင်းသူများအား အမေး၊ အဖြေများဖြင့် ဆွေးနွေးသွားပါသည်။ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ဝယ်ယူစားသောက်၊ သုံးစွဲမည့် အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများကို ဦးနှောက်နှင့် ဝယ်ယူသုံးစွဲရမည်ဖြစ်ကြောင်း၊ မိမိတို့ကျန်းမာရေးအတွက် ဈေးဖိုးနှင့် ဆေးဖိုး ဘယ်ဟာကိုချွေတာရမည်ကို အသိဖြင့်ဆုံးဖြတ်၍ မိဘများကို ပြန်လည် ပြောကြားရမည်ဖြစ်ကြောင်း၊ ဟောပြောဆွေးနွေးသွားခဲ့သည့် အချက်များကို မှတ်သားပြီး ယနေ့မှစ၍ မိမိတို့ စားသောက်နေထိုင်မှုပုံစံများကို ပြောင်းလဲသွားရမှာဖြစ်ကြောင်း ပြောကြားသွားပါသည်။

ဩဂုတ်လ ပထမပတ်အတွင်း၌ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိ အရှေ့ပိုင်းခရိုင် ၃ နေရာ၊ အနောက်ပိုင်းခရိုင် ၂ နေရာ၊ တောင်ပိုင်းခရိုင် ၉ နေရာ၊ မြောက်ပိုင်းခရိုင် ၇ နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်း စစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိပါသည်။

အထက (၁) ပန်းဘဲတန်းတွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ခဲ့ပြီး အထက(၂) ပန်းဘဲတန်းတွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲသို့ မြို့နယ် ပညာရေး မှူးနှင့် တာဝန်ရှိသူများ ဆရာ၊ဆရာမများ ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၈၄ ဦး တက်ရောက် ခဲ့ကြသည်။

**မြင့်မြင့်ဇော်(စားသုံးသူ)ရန်ကုန်**

# အစိုးရသစ်လက်ထက်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း ၁၃ ခုခွင့်ပြုပေးခဲ့

အစိုးရသစ်လက်ထက်တွင်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် စုစုပေါင်း ၁၃ ခုခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၂၄ ဒသမ ၁၅၆ ရရှိခဲ့ပြီး အလုပ်အကိုင်စုစုပေါင်း ၉၆၅၁ ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်း ကိုးခုကို ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၄ ဒသမ ၉၀၄ နှင့် ကျပ်သန်းပေါင်း ၇၉၃၇၈ ဒသမ ၆၅၂ ရရှိခဲ့ပြီး အလုပ်အကိုင်ပေါင်း ၁၇၅၄ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာ စာအမှတ်(၄၃/၂၀၁၆)ဖြင့် ၂၀၁၆ခုနှစ် ဇွန် ၇ ရက်တွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။

အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေး အမှတ်စဉ်(၁၂/၂၀၁၆)ကို ဇွန်၂၇ရက်တွင်လည်းကောင်း၊ အစည်းအဝေး အမှတ်စဉ်(၁၃/၂၀၁၆)ကို ဇူလိုင်၈ ရက်တွင်လည်းကောင်း၊ အစည်းအဝေး အမှတ်(၁၄/၂၀၁၆)ကို ဇူလိုင်လ ၃၁ ရက်တွင်လည်းကောင်း ကျင်းပခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးအမှတ်(၁၂/၂၀၁၆) တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် လေးခုခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၃ ဒသမ ၁၃၆ နှင့် အလုပ်အကိုင်ပေါင်း ၁၅၆ခုကိုလည်းကောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခု ခွင့် ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၁ ဒသမ ၁၇၄၊ ကျပ်သန်းပေါင်း ၁၉၂၄၁ ဒသမ ၁၇၉ နှင့် အလုပ်အကိုင်ပေါင်း ၇၆၈ ခု ကို ဖန်တီးပေးနိုင်ခဲ့သည်။

အစည်းအဝေးအမှတ်(၁၃/၂၀၁၆) တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် ခုနစ်ခုခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၉၂ ဒသမ ၀၁၀ နှင့် အလုပ်အကိုင်ပေါင်း ၇၆၆၉ ခုကိုလည်းကောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၁၄၅၀၇ ဒသမ ၇၀၉ နှင့် အလုပ်အကိုင်ပေါင်း ၄၈၉ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

အစည်းအဝေးအမှတ် (၁၄/၂၀၁၆)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အရေအတွက် နှစ်ခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၉ ဒသမ ၀၁၀နှင့် အလုပ်အကိုင်ပေါင်း ၁၈၂၆ ခုကိုလည်းကောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာသန်း ပေါင်း ၃၃ ဒသမ ၇၃၀၊ ကျပ်သန်း ပေါင်း ၄၅၆၂၉ ဒသမ ၇၇၀ နှင့် အလုပ်အကိုင်ပေါင်း ၄၉၇ ခုကို ဖန်တီး ပေးနိုင်ခဲ့သည်။

ခွင့်ပြုပေးခဲ့သည့်နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ၁၃ ခုတွင် စက်မှုလုပ်ငန်း ခုနစ်ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းသုံးခုနှင့် အခြားလုပ်ငန်း သုံးခုတို့ကို ခွင့်ပြုပေးခဲ့သည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခုတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း တစ်ခု၊ စက်မှုလုပ်ငန်း သုံးခု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း နှစ်ခု၊ လယ်ယာလုပ်ငန်း တစ် ခုနှင့် အခြားလုပ်ငန်း တစ်ခုတို့ကို ခွင့်ပြုပေးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုပေးရာတွင် လုပ်ငန်း၏ စီးပွားရေးတွက်ခြေကိုက်မှု၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှု၊ အမျိုးသားဝင်ငွေနှင့်အခွန်တိုးတက်ရရှိနိုင်မှု၊ ပြည်တွင်းပြည်ပဈေးကွက်အခြေအနေ၊ ပြည်တွင်းစားသုံးရန် လိုအပ်ချက်၊ နည်းပညာဆီလျော်မှု၊ တီထွင်ဆန်းသစ်မှု၊ နည်းပညာလွှဲပြောင်းရရှိမှု၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုထိန်းသိမ်းကာကွယ်ရေးဆောင်ရွက်မှုအစီအမံများ၊ တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းနှင့် တည်ဆဲဥပဒေများကိုလိုက်နာခြင်းစသည့် အချက်များကို အခြေခံ၍ စိစစ်ခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ပြည်-ရန်ကုန်အသွားကုန်ရှား၍ ကုန်စည်ပို့ဆောင်ခများလျှော့ချကောက်ခံ

ပြည်-ရန်ကုန် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းများတွင် အသွားကုန်ရှားပါး၍ ကုန်စည်ပို့ဆောင်ခများကို လျှော့ချကောက်ခံလျက်ရှိကြောင်း သိရသည်။ ယခင်က ပြည်မှ ရန်ကုန်သို့ ကုန်စည်ပို့ဆောင်ခမှာ တစ်ပိဿာလျှင်ကျပ် ၂၀ ကောက်ခံခဲ့သော်လည်း ယခုအခါတွင် ၁၅ ကျပ်သာ ကောက်ခံလျက်ရှိသည်ဟုဆိုသည်။

သို့သော် ရန်ကုန်-ပြည် အပြန်ခရီးစဉ်တွင်မူ ကုန်ပေါများ လာသဖြင့် ကုန်စည်ပို့ဆောင်ခများကို တိုးမြှင့် ကောက်ခံလျက်ရှိရာ ကုန်စည် တစ်ပိဿာလျှင် ယခင်က ၂၅ ကျပ် ကောက်ခံခဲ့ရာမှာ ယခုအခါတွင် ကျပ် ၃၀ သို့ တိုးမြှင့်ကောက်ခံခဲ့ကြောင်းသိရသည်။

ပြည်၊ ပေါင်းတည်၊ နတ္တလင်းနှင့် ကြို့ပင်ကောက်မြို့နယ်တို့မှ ရန်ကုန်မြို့သို့ ဆန်တင်ပို့ရောင်းချမှုနည်းပါးသကဲ့သို့ မတ်ပဲ ဈေးနှုန်း ကျဆင်း၍ ပဲအရောင်းအဝယ် နည်းနေသဖြင့် ကုန်တင်ပို့မှု နည်းပါးနေခြင်းဖြစ်သည်။

ထို့ကြောင့် ပြည်၊ ပေါင်းတည်၊ နတ္တလင်း၊ ကြို့ပင်ကောက်တို့မှ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများအနေဖြင့် ယခင် ကုန်စည်ပို့ဆောင်နေသည့် ကားများမှာ ပုံမှန် အတိုင်း မထွက်ရှိနိုင်သဖြင့် အပြန်ကားစီးရေမှာ နည်းပါးသွားရကြောင်း၊ ကားစီးရေနည်းပါးသွားသဖြင့် တင်ပို့မည့် ကုန်ပစ္စည်းများ များပြားနေရခြင်းဖြစ်ကြောင်း ကုန်စည်ပို့ဆောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

**ထွန်းမင်းထွန်း(ပြည်)**

# ဇူလိုင်လအတွင်းမန္တလေး - မူဆယ် ကုန်စည်သယ်ယူခများဈေးကျ

၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း မန္တလေး-လားရှိုး-မူဆယ် သို့ ကုန်သယ်ယူခနှုန်းထားများမှာ ပို့ကုန်ရော သွင်းကုန်ပစ္စည်းများပါ ပထမပတ်ကတည်းက တဖြည်းဖြည်း ကျဆင်းလာတာ တွေ့ရပါတယ်။ "ကားခတွေဈေးကျလာတော့ ခြောက်ဘီးကားတွေ၊ ၁၀ ဘီးကားတွေ ရပ်သလောက်ရှိနေပြီး ၁၂ ဘီးကားလောက်သာ အတက်အဆင်း ပုံမှန်ရှိနေတယ်"ဟု မန္တလေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများကို အဓိကတင်ပို့နေရပြီး တရုတ်နိုင်ငံမှ အိမ်ဆောက်ပစ္စည်းများနဲ့ စားသောက်ကုန်အချို့၊ အိမ်သုံး လူသုံး ပစ္စည်းအမျိုးမျိုးစီးဆင်းမှုရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။ ဇူလိုင်လရဲ့ ကုန်စည်သယ်ယူခနှုန်းများကို အပတ်စဉ်အလိုက် အောက်ပါဇယားတွင် ဖော်ပြပေးလိုက်ပါတယ်။

**မော်မော်အောင်**

| ပို့ကုန် | ၂-၇-၂၀၁၆ မှ ၈-၇-၂၀၁၆ အထိ | ၉-၇-၂၀၁၆ မှ ၁၅-၇-၂၀၁၆ အထိ | ၁၆-၇-၂၀၁၆ မှ ၂၂-၇-၂၀၁၆ အထိ | ၂၃-၇-၂၀၁၆ မှ ၂၉-၇-၂၀၁၆ အထိ |
|---|---|---|---|---|
| ပြောင်း | ၆၄-၆၅ | ၅၅-၅၈ | ၅၂-၅၃ | ၅၀-၅၅ |
| ဆန် | ၆၅-၆၆ | ၅၅-၆၁ | ၅၈-၆၀ | ၅၀-၅၃ |
| ပဲတီစိမ်း | ၆၆-၆၇ | ၅၈-၆၂ | ၅၇-၅၈ | ၅၅-၅၈ |
| နှမ်း | ၇၃-၇၅ | ၅၈-၆၂ | ၆၀-၆၃ | ၅၈-၆၀ |
| ရော်ဘာ | ၇၃-၇၅ | ၆၈ | ၆၀-၆၂ | ၆၀-၆၂ |
| သွင်းကုန်/ မြေပဲဆီ | ၃၂ | ၃၂ | ၃၂ | ၃၀ |

# စလစ်ဈေးတန်း မြင့်တက်ကာ ကျပ်သိန်း ၁၀၀ ကျော်သို့ ရောက်ရှိ

ယခု ရက်သတ္တပတ် ဩဂုတ်လဆန်းပိုင်းက ရန်ကုန်မြို့ ကားဈေးကွက်၏ အခြေအနေမှာ မိုးရွာသွန်းမှုများပြားလာမှုနှင့်အတူ အရောင်းအဝယ်များနည်းပါးသွားကာ ဈေးကွက် အေးသွားကြောင်း သိရသည်။

ဇူလိုင်နောက်ဆုံးပတ်က သတ်မှတ်ခဲ့သော ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ကြေညာချက်ကြောင့် လိုက်ထရပ်ကုန်တင်ယာဉ်အုပ်စု အကျပ်အတည်း တွေ့သွားပြီး စလစ်ဈေးတန်း တစ်ဟုန်ထိုးတက်ကာ သိန်း ၁၀၀ အထက် ၁၀၃ သိန်းမှ ၁၀၅ သိန်းသို့ရောက်ရှိသွားကြောင်း သိရသည်။

အဆိုပါကြေညာချက်ကြောင့် လက်ထဲစလစ်ရှိသူများ ဈေးတင်ရောင်းသလို အို/ဟောင်း အပ်ကားများလည်း ဈေးမြင့်တက်လာကာ စလစ်ကပ်ကားများ အရောင်းအဝယ် အေးစက်သွားကြောင်း လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းမှ ဝါရင့်အကျိုးဆောင်ကိုမြင့်ကျော်က ပြောသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရန်ကုန်မြို့၏ မော်တော်ယာဉ် မူဝါဒနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ပြန်ပေးခြင်း မရှိသေးသဖြင့် ဖရီးပါမစ်ကားလေးများ၏ ဈေးတန်းများလည်း ပိုမိုမြင့်တက်လာကာ နယ်လိုင်စင်ဖြင့် လတ်တလော ဝယ်ယူစီးနင်းသူများလည်း မူဝါဒအပြောင်းအလဲအကြား သတင်းများကြောင့် ထပ်မံ၍ဝယ်ယူမှု အားနည်းပါးသွားကြောင်း ၎င်းက ပြောသည်။

ကားလောက၏ အဓိကဈေးကွက်ဖြစ်သော ရန်ကုန်ဈေးကွက်တွင် ယခုကဲ့သို့ မတင်မကျအနေအထားရှိနေ၍ ဈေးကွက်အေးစက်သွားကာ စလစ်ကပ်ကားများဆိုလျှင် ၂၅ သိန်းခန့် ဖရီးပါမစ်ယခင်ကားလေးများ (ရန်ကုန်လိုင်စင်) မှာ ယခင်ကထက် ၁၀ သိန်းကျော် ထပ်မံဈေးမြင့်တက်လာကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၁၄၅ သိန်း | နယ်လိုင်စင် 1.3 ဓာတ်ဆီ |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၂၅ သိန်း | နယ်လိုင်စင် 1.3 ဓာတ်ဆီ |
| ၃။ | မတ်(စ်) II(၂၀၀၃) | ယာယီ | ၂၉၅ သိန်း | နယ်လိုင်စင် 2.4 ဓာတ်ဆီ |
| ၄။ | နီဆန်းမတ်(ရှ်) | ယာယီ | ၁၁၅ သိန်း | နယ်လိုင်စင် 1.3 ဓာတ်ဆီ |
| ၅။ | မတ်(စ်) အိပ်(စ်)(၂၀၀၄) | ယာယီ | ၂၇၀ သိန်း | 2.5 ဓာတ်ဆီ |
| ၆။ | ပရီမီယို (၂၀၁၀) | ယာယီ | ၂၆၀ သိန်း | 1.5 ဓာတ်ဆီ |
| ၇။ | ကလူဂျာ (၂၀၀၄) | 5H | ၂၆၀ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | ကယ်လ်ဒီးနား(၂၀၀၃) | ယာယီ | ၂၀၀ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | အပ်ကား(၂၀ နှစ်) | ယာယီ | ၉၀ သိန်း | |

# စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ်လ ၅ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃) ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းကိုဆောင်ရွက်ရာတွင် စားသုံးသူများက တိုင်ကြားမှုရှိမှဆောင်ရွက်ရန်မဟုတ်ကြောင်း၊ ပြည်သူများမှ ကုန်စည်နှင့်ဝန်ဆောင်မှုများကို စားသုံး/သုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းစေရန် လုပ်ငန်းကိုဆောင်ရွက်ပေးရမည့် အခြေအနေများကို တက်ရောက်လာကြသူများမှ ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားခဲ့ပါတယ်။

စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ချိုက အဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အခြေအနေ၊ ဌာနမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲနဲ့ ကွင်းဆင်းပညာပေးမှုများ၊ စားသုံးသူများရဲ့ တိုင်ကြားမှုကို ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

ယင်းနောက် တက်ရောက်လာကြသည့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နိုင်ငံအတွင်း လုံခြုံစိတ်ချရသည့် စားသောက်ကုန်များရရှိနိုင်ရန် နားလည်တတ်ကျွမ်းသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်လျက်ရှိသည့် အခြေအနေ၊ စားသုံးသူများ၏တိုင်ကြားမှုများကို မြန်ဆန်စွာဖြေရှင်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်နိုင်မည့် အစိုးရမဟုတ်သော အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်မည့် အခြေအနေ၊ စားသုံးသူများရရှိနိုင်မည့် အခွင့်အရေးများနှင့် ထုတ်လုပ်ရောင်းချသူ စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များကို ပြည်သူအများစုသိရှိနိုင်ရန် ဗီနိုင်းများ ချိတ်ဆွဲဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယခုအစည်းအဝေးသည် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နဲ့ လုပ်ငန်းကော်မတီနှစ်ရပ်တို့ရဲ့ ပထမဆုံးအကြိမ် အစည်းအဝေးဖြစ်ပြီး အစည်းအဝေးမှာ ဆွေးနွေးချက်များကို သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်မည့်အခြေအနေများကို ချမှတ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

## ရောဝတီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေး အသင်းအဖွဲ့များနဲ့ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးတို့ တွေ့ဆုံဆွေးနွေး

ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ အစည်းအဝေးခန်းမ (၂) တွင် တိုင်းဒေသကြီး စီးပွားရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌ၊ အမှုဆောင်များ၊ အလုပ်အမှုဆောင်များနဲ့ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင်၊ ဩဂုတ်လတို့တွင် ပြုလုပ်လျက်ရှိရာ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်းခွဲ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်းခွဲ၊ မြန်မာနိုင်ငံ စိုက်ပျိုးထုတ်လုပ်သူများ အသင်းခွဲနှင့် ဇူလိုင် ၂၀ ရက်တွင်လည်းကောင်း၊ ဆောက်လုပ်ရေး လုပ်ငန်းရှင် များအသင်း၊ ဆားလုပ်ငန်းရှင်များအသင်းတို့နှင့် ဇူလိုင် ၂၂ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်း ဖြန့်ဖြူးရောင်းချရေးအသင်း၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင် အသင်းခွဲ၊ မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှု အသင်းခွဲနှင့် ဇူလိုင် ၂၇ ရက်တွင် လည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ ပုစွန်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်းနှင့် ဇူလိုင် ၂၈ ရက် တွင်လည်းကောင်း၊ ကုန်တင် ယာဉ်ပိုင်ရှင်အသင်း၊ ဆံပင်ရောင်းဝယ်ရေး လုပ်ငန်းရှင် များအသင်း၊ ရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး ကြီး ကြပ်မှုကော်မတီနှင့် ဇူလိုင် ၂၉ ရက်တွင်လည်းကောင်း၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ ကွန်ပျူတာပညာရှင်များအသင်း၊ သီဟိုဠ်လုပ်ငန်းရှင်များ အသင်းနှင့် ဩဂုတ်လ ၁ ရက်တွင် လည်းကောင်း၊ ကြိမ်၊ဝါး၊ ဖေဒါ၊ သင် လက်မှုလုပ်ငန်းရှင်များအသင်း ၊ ပီလောပီနံ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ဩဂုတ် ၂ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဆားစက်ပိုင်ရှင်များအသင်း၊ ဆားတောင်သူများအသင်းနှင့် ဩဂုတ် ၃ ရက်တွင် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

ထိုသို့တွေ့ဆုံခဲ့ရာတွင် တိုင်းဒေသကြီး ညွှန်ကြားရေး မှူး ဦးခင်မောင်လှိုင်က မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကလိုအပ်ကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက အဓိကဦးဆောင်နေတယ်လို့ သိရှိရသည့်အတွက် ပုဂ္ဂလိက ကဏ္ဍမှာ အရေးပါလျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာလျှင် မိမိတို့မှ အသင်း အဖွဲ့များနဲ့ ချိတ်ဆက်ပေးပြီး ဒေသအာဏာပိုင်၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ ပူးပေါင်း ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ပြည်ပဈေးကွက်ဝေစု ပိုမိုရရှိစေရန် နဲ့ ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် ပြောင်းလဲလာသော ခေတ်နဲ့အညီ စီးပွားရေးလုပ်ငန်းများကို တစ်ဦးတည်း ပြုလုပ်ခြင်းထက် အသင်းကိုခိုင်ခိုင်မာမာ ဖွဲ့စည်းပြီး အသင်းနဲ့ လုပ်ငန်းရှင်အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

**ကျော်ဌေး ( ဟသ်ာတ )**

## မွန်ပြည်နယ်၌ ကုန်စည်ဒိုင်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးခန်းမှာ မွန်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင် များအသင်းမှ အသင်းဝင်ကုန်သည်လုပ်ငန်းရှင်များ၊ ကုန်စည်ဒိုင်အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များတွေ့ဆုံကာ ကုန်စည်ဒိုင်ဖွံ့ဖြိုးတိုးတက်ရေး၊ အသင်းအဖွဲ့များရဲ့ ပေါင်းစည်းအင်အားဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်၍ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၁ ရက်နေ့က ကျင်းပခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက မွန်ပြည်နယ်အသင်းအဖွဲ့များ ကျစ်လျစ်ခိုင်မာရေး၊ ဒေသစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ပေါင်းစည်းပြီး ဟန်ချက်ညီညီနဲ့ ဆောင်ရွက်နိုင်ရေး၊ မော်လမြိုင်ကုန်စည်ဒိုင် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် ပြည်ပပို့ကုန်သီးနှံဖြစ်တဲ့ ရော်ဘာအား ယခုထက် အရည်အသွေး ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ပြီး ဈေးကွက်ချဲ့ထွင် ထိုးဖောက်ရန်လိုအပ်ကြောင်း၊ မော်လမြိုင်ကုန်စည်ဒိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရေး အကြံကောင်း ဉာဏ်ကောင်းများပေးကြပါရန် ဆွေးနွေးပြောကြားခဲ့ပြီး မွန်CCI အတွင်းရေးမှူး ဦးထင်အောင်ကျော်နဲ့ အစည်းအဝေးတက် ရောက်လာသူများက ကုန်စည်ဒိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု အစီအမံများနဲ့ အသင်းအဖွဲ့များ ကျစ်လျစ်ခိုင်မာမှုရှိစေရေး ဆောင်ရွက်ထားရှိမှုများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**Nyein Myat Kyaw (Mon)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၈-၈-၂၀၁၆ မှ ၁၅-၈-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းတစ်ခုအတွက် အကောင်းအဆိုးကို ရွေးချယ်ပြီးမှ လုပ်ငန်းဆောင်ရွက်တတ်သည်။ ပိုးထည်၊ ချည်ထည်၊ အထည်အလိပ်နှင့်ပတ်သက်သော စီးပွားရေးသင့်တင့်မှုရှိနေမည်။ ပညာရေးတွင် တွေဝေမှုများရှိနေတတ်သည်။ ကျန်းမာရေးတွင် အပူခဲ၍ပေါင်တွင်း၌ အကျိတ်အဖုအနာစိမ်းပေါက်ခြင်းတို့ကို သတိထားသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိမိချစ်ရသောချစ်သူက သံသယအမြင်များနှင့် အပြစ်ဖို့ကာ လမ်းခွဲသွားတတ်သည့် သဘောရှိသည်။

**ယတြာ။ ။ ငှက်ပျောကောက်ညှင်းထုပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင်လုပ်မည်လုပ်မည်နှင့် အချိန်ကုန်တတ်သည်။ အကြီးအကဲတို့၏ မစကူညီမှုကို ရရှိလိမ့်မည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ဝင်ငွေသင့်တင့်နေမည်။ ပညာရေးတွင် ထင်ပေါ်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်။ ဝမ်းဖော ဝမ်းရောင်ဖြစ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သိုသိပ်မှုရှိနေမည်။

**ယတြာ။ ။ ဖာလူဒါရေခဲမုန့်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးတွင် အဆိုးအကောင်း ရောထွေးနေမှုရှိနေမည်။ လုပ်ငန်းကြီးကျယ်စွာ လုပ်ရတတ်သည်။ ဟိုတယ်၊ မိုတယ်လုပ်ငန်းဖြစ်ထွန်းမှုရှိလိမ့်မည်။ ပညာသင်ကြားရေးကောင်းမွန်နေမည်။ ကျန်းမာရေးအနေဖြင့် ထိခိုက်ရှနာဖြစ်တတ်သည်။ ဒဏ်ရာကျန်သောအနာများ ရရှိတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် လက်တွေ့ထက် စိတ်ကူးယဉ်မှုများနေတတ်သောကြောင့် အကောင်အထည်ဖော်ရန် နှေးကွေးနေမည်။

**ယတြာ။ ။ ဆီထမင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးတွင် အနုပညာနှင့်ပတ်သက်သောလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေလိမ့်မည်။ ဂီတ၊ တေးရေး၊ တေးဆိုပို၍ အားသန်နေတတ်သည်။ ပညာရေးပိုင်းတွင် တီထွင်မှုပိုမိုလာလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အရေပြား နှင့်ပတ်သက်သော ထိခိုက်ဒဏ်ရာရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိမိအားယုယမှုနှင့်ချစ်ခင်ကြင်နာမှုကို ပြနေတတ်ပါသည်။ စိတ်ချမ်းသာမှုရနေမည်။

**ယတြာ။ ။ သက်ကြီးရွယ်အိုဆရာသမားမိဘများကို လှူဖွယ်ပစ္စည်းဖြင့် ကန်တော့ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အတက်အကျရှိနေမည်။ အပြောင်းအလဲကြုံနေမည်။ အခက်အခဲဟူသမျှကို ကျော်လွှားနိုင်စွမ်းရှိနေလိမ့်မည်။ ရင်းနှီးမြှုပ်နှံမှုများမှ အဆင်ပြေလာနိုင်လိမ့်မည်။ ပြည်ပဆက်ဆံရေးအားကောင်းနေမည်။ ပညာရေးထူးချွန်မှုအားကောင်းနေမည်။ ကျန်းမာရေးအဖျားကြီးသော ဝေဒနာခံစားရတတ်သည်။ ဆိုးရွားသောကျန်းမာရေးမရှိပါ။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ စိတ်ပျော်ရွှင်မှုရရှိနေတတ်ပါသည်။

**ယတြာ။ ။မြေပဲအမျိုးမျိုးလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် ကံကောင်းလာမည့်အချိန်ကာလဖြစ်နေတတ်ပါသည်။ ရတနာပစ္စည်းများနှင့်ပတ်သက်သော ပန်းတိမ်လုပ်ငန်း၊ ရွှေ၊ စိန်ရတနာ၊ ကျောက်မျက်များနှင့်ပတ်သက်ပြီး အကျိုးဖြစ်ထွန်းမှုရှိနေလိမ့်မည်။ ပညာရေးတွင်ကြိုးစားမှုအပေါ် မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် သွေးတိုး၊ ဆီးချိုဝေဒနာခံစားရမှုသတိထားသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် တူညီမှုများရရှိပြီး တစ်ဦးအပေါ် တစ်ဦး ကြင်နာမှုများ ရရှိနေလိမ့်မည်။

**ယတြာ။ ။ သာကူဆနွင်းမကင်းလှူပါ။**



**စနေသားသမီးများအတွက်** အလုပ်ရှင်၊ စက်ရုံအကျိုးပေးမှုအားကောင်းနေသည်။ ဝင်ငွေအားကောင်းလာမည့်ကာလ ဖြစ်သည်။ ဘာသာရေးဆိုင်ရာ လုပ်ငန်းများအလှူဒါနများပြုရတတ်သည်။ ထိုးထွင်းပညာဉာဏ်အားကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် လေရောဂါ၊ အဆစ်အမြစ်နာကျင်ကိုက်ခဲသောရောဂါတို့ဖြစ်တတ်သည်။ အနေအစားဆင်ခြင်မှ ဝေဒနာရှောင်ကွင်းမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် နားလည်မှုတူညီပြီး ပျော်ရွှင်စရာများကြုံရတတ်ပါသည်။

**ယတြာ။ ။ ဒံပေါက်ထမင်းလှူပါ။**

# Myanmar Hospitality and Tourism ဆွေးနွေးပွဲ ကျင်းပ

Sphere Conferences နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ်မြောက် Myanmar Hospitality and Tourism ဆွေးနွေးပွဲကို ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ရန်ကုန်မြို့၊ Park Royal ဟိုတယ်၌ကျင်းပခဲ့သည်။



အဆိုပါဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ Hospitality ကဏ္ဍတွင် တိုးတက်ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မြိတ်ကျွန်းစုကဲ့သို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းမရှိသေးသည့် နေရာဒေသအများအပြား ရှိနေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အလားအလာရှိသည့် အခွင့်အလမ်းသစ်များကို ရင်းနှီးမြှုပ်နှံသူများအား ဆက်လက်ဆွဲဆောင်နိုင်ဆဲဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် အနာဂတ်ကာလ၌ ဖြစ်ပေါ်လာနိုင်မည့် ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်းသစ်များနှင့်ပတ်သက်၍လည်းကောင်း၊ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည့် နေရာသစ်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မတူညီသည့် စျေးကွက်အမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး Hospitality လုပ်ငန်းကိုမြှင့်တင်ခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ အကျိုးအမြတ် များသည့်ဟိုတယ်စီးပွားရေးလုပ်ငန်းကို တည်ထောင်လုပ်ကိုင်ခြင်းနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မယ်သီတာ**

# ပုသိမ်မြို့နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့တွင် Social Media နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲ ပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ကွန်ပျူတာပညာရှင်များအသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်များ အသင်းမှ ဦးဆောင်၍ အနာဂတ်တွင် ထူးချွန်ထက်မြက်သော အင်ဂျင်နီယာများနဲ့ ကွန်ပျူတာပညာရှင်များ ထွက်ပေါ်လာစေရန် နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၃၀၀ဦးနဲ့ ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဦးခန့်အား ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ တိုးတက်လာတဲ့ လူမှုကွန်ရက် Social Media နဲ့ ပတ်သက်ပြီး အသိပညာပေး ဟောပြောပွဲကို ဇူလိုင်နောက်ဆုံးပတ်တွင် ပြုလုပ်ခဲ့ကြောင်း ကွန်ပျူတာပညာရှင်များ အသင်းမှ သိရပါတယ်။



အဆိုပါ ဟောပြောပွဲမှာ ကွန်ပျူတာ ပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးက အသိပညာပေး ဟောပြောရာတွင် Social Media နဲ့ ပတ်သက်သော အမျိုးအစားများကို သိဖို့လိုအပ်ကြောင်း၊ Social Media မှာ အရေးအကြီးဆုံးက Social Network ဖြစ်ကြောင်း၊ Social Media နဲ့ ပတ်သက်၍ လူမှုကွန်ရက်တစ်ခုမှာ ပါဝင်တဲ့ Facebook, Viber, Messenger, Twitter, G-Talk Application များ အကြောင်း နှင့် Blog တစ်ခု တည်ဆောက်ပုံ၊ Blog တစ်ခုမှာ ပါဝင်တဲ့ အချက်တွေ၊ အကျိုးကျေးဇူးတွေ၊ မိမိလေ့လာလို့ရတဲ့ အကြောင်းအရာတွေ အပြင် ငွေကြေးကုန်ကျမှု နည်းပါးစွာဖြင့် အင်တာနက် စာမျက်နှာတွင် ကိုယ်ပိုင် Home Page တည်ဆောက်ပုံ၊ You Tube အသုံးပြုပုံ၊ You Tube Account ဖွင့်နည်း၊ Video ၊ ဓါတ်ပုံ၊ အသံဖိုင်တွေကို ထိန်းသိမ်းပုံ၊ You Tube Account မှာ မိမိရဲ့ သင်ခန်းစာ လေ့လာ တွေ့ရှိချက်များကို မှတ်တမ်းပြုစုပုံ၊ လေ့လာလိုသော ဘာသာရပ်များကို လေ့လာနိုင်မှုနဲ့ Comment ရေးသားခြင်း၊ မိမိရဲ့ဖန်တီးမှု၊ လေ့လာတွေ့ရှိချက်များ၊ အခြားသူများ၏ အကြံပြုချက်များကိုလည်း အင်တာနက် စာမျက်နှာပေါ်တွင် ဆွေးနွေးနိုင်မှာ ဖြစ်ကြောင်း၊ ကျောင်းသင်ခန်းစာနှင့် ပတ်သက်၍ လေ့လာမှုအပိုင်းများနှင့် သုတေသန ပြုလုပ်ရာတွင် ၎င်းပညာရပ်များကို အသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ အပြင် Social Media ပညာရပ်နှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ ဆွေးနွေးဟောပြော ခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး**

# သဲကုန်းမြို့မှ ဟင်းသီးဟင်းရွက်များအား ရန်ကုန်သို့တင်ပို့

သဲကုန်းမြို့နယ်၊ ဝက်ပုတ်၊ ဆင်မြီးဆွဲနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ထွက်ရှိတဲ့ ရွှေဖရုံသီး၊ ကျောက် ဖရုံသီး၊ ရုံးပတီသီး၊ ပဲတောင့်ရှည်သီး၊ ပဲလင်းမြွေသီး (ဗုံလုံသီး)၊ သခွားသီး၊ ကြက်ဟင်းခါးသီး၊ ခရမ်းသီး၊ ပဲဇောင်း ငါးသီး၊ ငရုတ်သီးစိမ်း၊ ပြောင်းဖူး၊ မုန်လာဥ၊ မြင်းခွာရွက်၊ ဆလပ်ရွက်၊ မုန်ညင်းရွက်စသော ဟင်းသီးဟင်းရွက်မျိုးစုံကို ရန်ကုန်မြို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပါတယ်။

အဆိုပါ သီးနှံများကို ကုန်စိမ်းဒိုင်များမှ ရွှေဖရုံသီးချော တစ်လုံးလျှင် ၈၀၀ ကျပ်၊ ကျောက်ဖရုံသီး တစ်လုံးလျှင် ၁၀၀၀ ကျပ်၊ သခွားသီးချော တစ် လုံးလျှင် ၃၀ ကျပ်၊ ရုံးပတီသီးချော တစ်တောင့်လျှင် ၈ကျပ်၊ မုန်လာဥ အလုံး ၂၀တစ်တွဲလျှင် ၈၀၀ ကျပ်၊ ခရမ်းသီးချော တစ်လုံးလျှင် ၄၀ကျပ်၊ ကြက်ဟင်းခါးသီး တစ်လုံးလျှင် ၂၀ ကျပ်၊ ပဲတောင့်ရှည် အတောင့် ၁၀၀တစ်စီးလျှင် ၃၀၀ ကျပ် ငရုတ်သီး တစ်ပိဿာလျှင် ၁၃၀၀ကျပ်၊ မြင်းခွာရွက် ပေဝက်ခန့် တစ်စီးလျှင် ငါးကျပ်နှုန်းဖြင့် သီးနှံစိုက် တောင်သူများထံမှ ဝယ်ယူပြီး၊ ရန်ကုန်မြို့သို့ ရထား၊ ကားတို့ဖြင့် တင်ပို့ရောင်းချလျက်ရှိရာ ကားခအနေဖြင့် ဝက်ပုတ်မှ ရန်ကုန်သို့ ကုန်ချိန် တစ်ပိဿာ ၄၀ ကျပ်နှုန်းဖြင့် တစ်နေ့လျှင် ၁၂ ဘီးကား ငါးစီးခန့်တင်ပို့ရောင်းချကြောင်း ကုန်စိမ်းရောင်း ဝယ်သည့်ကုန်သည်များ၏ပြောကြားချက်အရ သိရှိရပါသည်။

ထို့အပြင် အဆိုပါ ဟင်းသီးဟင်းရွက်များကို အောင်လံနှင့် မြန်အောင်မြို့သို့လည်း ခရီးသည်တင်ကားများဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။ **ပပရွှေ (ပခုက္ကူ)**



## မြို့ကြီးများ၏ ၈-၈- ၂၀၁၆ မှ ၁၂-၈- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၈-၈-၂၀၁၆) | အင်္ဂါ(၉-၈-၂၀၁၆) | ဗုဒ္ဓဟူး(၁၀-၈-၂၀၁၆) | ကြာသပတေး(၁၁-၈-၂၀၁၆) | သောကြာ(၁၂-၈-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၅°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| မန္တလေးမြို့ | ၈၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်ထူထပ် ၃၂°C/၉၀°F | တိမ်ထူထပ် ၃၃°C/၉၁°F | ၃၀% ၃၃°C/၉၁°F |
| မြစ်ကြီးနား | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F |
| လားရှိုး | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၅၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၀°F |
| ကျိုင်းတုံ | ၈၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၅°F | ၄၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F |
| လှိုင်ကော် | ၇၀% ၂၆°C/၇၉°F | ၅၀% ၂၇°C/၈၀°F | ၄၀% ၂၇°C/၈၀°F | ၄၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၇၀% ၂၃°C/၇၄°F | ၆၀% ၂၄°C/၇၅°F | ၆၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၅°F |
| မော်လမြိုင် | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F |
| ဘားအံ | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F |
| တောင်ငူ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| မုံရွာ | တိမ်ထူထပ် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၂°F | ၄၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၂°F |
| ပုသိမ် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| မြိတ် | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F |
| စစ်တွေ | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| မကွေး | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F |
| ဖလမ်း | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၅°F |



# တိုင်ဖွန်းနီဒါကြောင့် ဗီယက်နမ်နိုင်ငံတွင် ရေလွှမ်းမိုးမှုများဖြစ်ပွား လူလေးဦး သေဆုံး

တိုင်ဖွန်းနီဒါ ဝင်ရောက်တိုက်ခတ်မှုကြောင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားကာ လူလေးဦး သေဆုံးခဲ့ရကြောင်း Thanh Nien Daily သတင်းတွင် ဖော်ပြထားသည်။

အဆိုပါဗီယက်နမ်မြောက်ပိုင်းဒေသရှိ တောင်ထူထပ်သည့် Sa Pa တွင် အနည်းဆုံးတစ်ဦးသေဆုံးပြီး Bat Xat ခရိုင်တွင် သုံးဦးသေဆုံးခဲ့ရကြောင်း၊ အခြားခုနစ်ဦးမှာ ပျောက်ဆုံးလျက်ရှိနေပြီး ပျောက်ဆုံးသူများအား လိုက်လံရှာဖွေလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

Sa Pa ဒေသသည် နိုင်ငံခြားသား ခရီးသွားများ အများဆုံး လာရောက်လည်ပတ်သည့်ဒေသဖြစ်ပြီး ဗီယက်နမ်လူမျိုးတို့၏ အထင်ကရဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နှင့် တရုတ်နိုင်ငံ၏ နယ်စပ်ဒေသဖြစ်သည့် Lao Cai ပြည်နယ်တွင် ပြီးခဲ့သည့် ဩဂုတ် ၂ ရက်မှ ယနေ့အထိ ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ပြည်သူများအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အိမ်ထောင်စုပေါင်း ၁၆ စုကို ရေဘေးလွတ်ရာသို့ ကယ်ဆယ်ပေးခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တိုင်ဖွန်းနီဒါသည် ဗီယက်နမ်နိုင်ငံသို့ တိုက်ရိုက်ဝင်ရောက်တိုက်ခတ်ခြင်း မဟုတ်သော်လည်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေများ ပြင်းထန်စွာ တိုက်ခတ်ခြင်းတို့ကို ရင်ဆိုင်ခဲ့ရသည်ဟုဆိုသည်။

တိုင်ဖွန်းနီဒါသည် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဟောင်ကောင်မှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် တရုတ်နိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခတ်ကာ အားပျော့ပျက်ပြယ်သွားခဲ့သည်။

အဆိုပါမုန်တိုင်းကြောင့် ဟောင်ကောင်တွင် သေဆုံးမှုများမရှိသော်လည်း တစ်နာရီလျှင် မိုင် ၁၀၀ ခန့်တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် သစ်ပင်များပြိုလဲခြင်း၊ နေအိမ်များပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ရသည်။ ဖိလစ်ပိုင်နိုင်ငံတွင်မူ အဆိုပါမုန်တိုင်းကို ကာရီနာမုန်တိုင်းဟုခေါ်ဆိုခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းကို တစ်နာရီလျှင် ၁၅၀ ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အင်အားပိုမိုကောင်းမွန်ခဲ့ကာ ဟောင်ကောင်နှင့် ဗီယက်နမ်နိုင်ငံတို့ကို ဝင်ရောက်တိုက်ခတ်ခဲ့သည်။ **မယ်သီတာ**

# တရုတ်နိုင်ငံတွင် ဇူလိုင်လအတွင်း ရေလွှမ်းမိုးမှုများကြောင့် အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံခန့် ပျက်စီးဆုံးရှုံး

တရုတ်နိုင်ငံတွင် ဇူလိုင်လအတွင်း ရေလွှမ်းမိုးမှုများကြောင့် အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဘလွမ်းဘတ်သတင်းတွင် ဖော်ပြထားသည်။

ယန်စီမြစ်ရေမြင့်တက်လာမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရသည့်အပြင် မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်မှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရသဖြင့် ယခုကဲ့သို့ ပျက်စီးဆုံးရှုံးမှုများ များပြားခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ဇူလိုင်လတစ်လအတွင်း မိုးရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများဖြစ်ပွားခဲ့ရပြီး လူပေါင်း ၇၆၀ ခန့် သေဆုံးခဲ့ရသည်။ ထို့ပြင် လူပေါင်းရှစ်သိန်းနီးပါးခန့်မှာ အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု လန်ဒန်အခြေစိုက် အာမခံကိုယ်စားလှယ်တစ်ဦးက ဘလွမ်းဘတ်သတင်းဌာနသို့ ပြောကြားခဲ့သည်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုနှင့် ရေလွှမ်းမိုးမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ဘီလီယံသာရှိသဖြင့် တရုတ်နိုင်ငံ၏ပျက်စီးဆုံးရှုံးမှုပမာဏမှာ များပြားလွန်းသည်ဟုဆိုသည်။

တိုင်ဖွန်းနီပါတက် ဝင်ရောက်တိုက်ခတ်မှုကြောင် တရုတ်(တိုင်ပေ)၊ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့တွင်ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိခဲ့သည်။

ယခုလ ဩဂုတ်လအတွင်းတွင်လည်း တရုတ်နိုင်ငံအတွင်းသို့ မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်လျက်ရှိရာ ဩဂုတ် ၃ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်းသို့ တိုင်ဖွန်းနီဒါ ဝင်ရောက်တိုက်ခတ်ခဲ့သည်။

တိုင်ဖွန်းနီဒါကိုစတင်ခန့်မှန်းစဉ်က တစ်နာရီလျှင် ၁၃၅ ကီလိုမီတာဖြင့် ဝင်ရောက်တိုက်ခတ်မည်ဟု ခန့်မှန်းထားခဲ့သော်လည်း အမှန်တကယ် ဝင်ရောက် တိုက်ခတ်သည့်အခါတွင် တစ်နာရီ လျှင် ၁၆၅ ကီလိုမီတာဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့သည်ဟုဆိုသည်။ တိုင်ဖွန်းနီဒါကြောင့် တရုတ်နိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုများ၊ ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

**မယ်သီတာ**

Vol: 16, No.29 Monday August 8 2016

# Re-export နဲ့ ဘယ်လိုကုန်သွယ်ကြမလဲ

မယ်သီတာ

**ယခင်တစ်ပတ်မှ အဆက်**

(၆) Re-export လုပ်ငန်းစဉ်ပါ ပြန်လည်ထုပ်ပိုးဆောင်ရွက်မည်ဆိုပါက ပြုပြင်ဆောင်ရွက်မည့် နေရာ၊ လိပ်စာအပြည့်အစုံ ဖော်ပြပေးရမည်။

(၇) ပြည်တွင်း၌ ပြန်လည်ဖြန့်ဖြူး ရောင်းချခြင်းမပြုပါကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကုန်ဝယ်သူနိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ခြင်းမရှိပါက မူလကုန်ရောင်းသူ(နိုင်ငံ) ထံသို့ ကုမ္ပဏီအစီအစဉ်ဖြင့်ပြန်လည်တင်ပို့မည်ဖြစ်ကြောင်း ကတိဝန်ခံချက်ပါရှိရမည်။

(၈) Re-export လုပ်ငန်းစဉ်တစ်ခုလုံးပြီးမြောက်ပါက တင်သွင်းတင်ပို့ခြင်းဆိုင်ရာ အထောက်အထားများအား ပြန်လည်တင်ပြမည်ဖြစ်ကြောင်း ဝန်ခံချက်။

(၉) ပထမခွင့်ပြုလိုင်စင်ပါ တန်ချိန်၊ အရေအတွက်အားအမှန်တင်ပို့ပြီးစီးကြောင်း အထောက်အထားများ တင်ပြစစ်ဆေးပြီးမှသာ နောက်တစ်ကြိမ် Re-export လိုင်စင်ကို ခွင့်ပြုပေးမည်ဖြစ်ပါသည်။

(၁၀) Re-export စနစ်ဖြင့် တင်သွင်းပြီး ပို့ကုန်ပြန်လည်တင်ပို့ တင်ပို့ရာတွင် LC/TT စနစ် ဖြင့် ဗဟိုဘဏ်မှသတ်မှတ် ခွင့်ပြုထားသည့် နိုင်ငံခြားငွေကြေးဖြင့်သာ ဆောင်ရွက်ရမည်။

(၁၁) Re-export စနစ်ဖြင့် ခွင့် ပြုရာတွင် မူလလိုင်စင်သက်တမ်းအား သုံးလ ခွင့်ပြုပြီး ပထမအကြိမ်သက်တမ်းတိုး တစ်လ၊ ဒုတိယအကြိမ်သက်တမ်းတိုး တစ်လ၊ ခွင့်ပြုပါ မည်။(အစားအသောက်နှင့်ဆေးဝါးများအား သက်တမ်းတိုးခွင့်မပြုပါ။) ခွင့်ပြုသက်တမ်းအတွင်း တင်သွင်းတင်ပို့ဆောင်ရွက်နိုင်ခြင်းမရှိသည့်ကုမ္ပဏီများကို လိုင်စင်သက်တမ်းတိုးခွင့်မပြုဘဲ သက်တမ်းကုန်လိုင်စင်အား ပြန်လည်အပ်နှံရမည်ဖြစ်သည်။

## Re-export သကြားအတွက် ဘယ်လိုသတ်မှတ်ထားသလဲ

သကြားကိုRe-export စနစ် ဖြင့် တင်သွင်းတင်ပို့ရာမှာ တန်ချိန် ခွင့် ပြုချက်ကို သတ်မှတ်ထားရှိတဲ့အပြင် တင်ပို့တင်သွင်းရာမှာလည်း သတ်မှတ်ထားတဲ့စည်းကမ်းချက်များအတိုင်း လိုက်နာရမှာဖြစ်ပါတယ်။

Re-export စနစ်နဲ့ သကြားတင်သွင်းမယ့် ကုမ္ပဏီအနေနဲ့ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်(ယခင်ပြီးခဲ့သည့်ဘဏ္ဍာနှစ်) ပို့ကုန်သွင်းကုန်ဆောင်ရွက်ထားရှိသည့် တန်ဖိုးကိုကြည့်၍ ခွင့်ပြုတန်ချိန်သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်းက ကုန်သွယ်ခဲ့သည့် ပမာဏမှာ အမေရိကန် ဒေါ်လာ တစ်သိန်းအောက်ဖြစ်ပါက ပင်လယ်ရေကြောင်းမှ တန်ချိန် ၁၀၀၀၊ နယ်စပ်မှ တန်ချိန် ၅၀၀တင်ပို့တင်သွင်း ခွင့်ပြုမည်ဖြစ်သည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်းက ကုန်သွယ်ခဲ့သည့်ပမာဏမှာ အမေရိကန်ဒေါ်လာ တစ်သိန်းအထက်ဖြစ်ပါက ပင်လယ်ရေကြောင်းမှ တန်ချိန် ၂၀၀၀၊ နယ်စပ်မှ တန်ချိန် ၁၀၀၀ တင်သွင်းခွင့်ပြုမှာ ဖြစ်ပါတယ်။

သို့သော် Re-export စနစ်ဖြင့် သကြားတင်ပို့တင်သွင်းမည့် ကုမ္ပဏီသည် ကုမ္ပဏီအသစ်ဖြစ်ပါက ယခင်ဘဏ္ဍာ နှစ်အတွင်းက ကုန်သွယ်မှုဆောင်ရွက် ထားခြင်းမရှိသော်လည်းအဆိုပါကုမ္ပဏီတွင် ပါဝင်သည့် ဒါရိုက်တာတစ်ဦးဦး သည် အခြားကုမ္ပဏီတစ်ခုတွင် ဒါရိုက်တာအဖြစ်ပါဝင်နေပါကအဆိုပါကုမ္ပဏီ မှ ပို့ကုန်သွင်းကုန်ဆောင်ရွက်ထားရှိသည့် တန်ဖိုးအပေါ်တွင် အထက်ပါအတိုင်း တန်ချိန် သတ်မှတ်ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။

ထို့ပြင် ပို့ကုန်သွင်းကုန်လုပ်ငန်း လုံးဝဆောင်ရွက်ထားခြင်း မရှိသေးသည့် ကုမ္ပဏီအသစ်များအတွက်ကိုမူ ပင် လယ်ရေကြောင်းမှ တင်သွင်းပါက တန်ချိန် ၃၀၀ နှင့် နယ်စပ်မှတင်သွင်း ပါက တန်ချိန် ၁၀၀ စမ်းသပ်ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လက်ဖော်ပြပါမည်။**

## စာမျက်နှာ ၁၂ - Myanmar-Japan Joint··· မှ အဆက်

စာမျက်နှာ ၁၂ - Myanmar-Japan Joint··· မှ အဆက်

အနေနှင့် အခြေအနေပေါ် မူတည်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ အပိုင်းမှလည်း လိုအပ်သလို ကြပ်မတ်စိစစ်ဆောင်ရွက်ရပါကြောင်း၊ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် မော်တော်ယာဉ်များ လွယ်ကူစွာဝယ် ယူနိုင်ရေး ကားအရောင်းပြခန်းများ၊ အရောင်းစင်တာများကို ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း၊ ယင်းကဲ့သို့ ခွင့်ပြုခဲ့ခြင်းကြောင့် လက်ရှိကာလအထိ ကား ၅ သိန်း ၆ သိန်းခန့်အထိ တင်သွင်းခွင့်ပြုခဲ့ရာ ဂျပန်နိုင်ငံမှ ၉၀ ရာခိုင်နှုန်းခန့်ပါဝင်ခဲ့ကြောင်း၊ ယင်းသို့ တင်သွင်းခွင့်ပြုခဲ့သဖြင့် ရန်ကုန်အပါအဝင် အချို့ဒေသများတွင် ယာဉ်ကြောကျပ်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း၊ အဓိကအကြောင်းရင်းများတွင် နိုင်ငံ၏ ဖွံ့ဖြိုးမှုပေါ် မူတည်ပြီး အခြေခံအဆောက်အအုံများကို လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ခြင်းမရှိခြင်းလည်း ပါဝင်ကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာလမှစ၍ Trade Deficit နှင့် ပတ်သက်၍ ဖြေလျှော့နိုင်မည့် မော်တော်ယာဉ်တင်သွင်းမှုအပါအဝင် အမယ်များကို စိစစ်သုံးသပ်ခဲ့ကြောင်း၊ ဒီဇင်ဘာလမှစတင်၍ Show Room နှင့် Sale Center များနှင့်ပတ်သက်၍ Stock Ceiling များကို သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ သတ်မှတ်ခြင်းရခြင်းမှာ နိုင်ငံတော်လိုအပ်ချက်အရ မော်တော်ယာဉ် ကြီးကြပ်မှုကော်မတီက ယာယီသတ်မှတ်ခြင်းဖြစ်ကြောင်း၊ ပုံသေသတ်မှတ်ထားခြင်း မဟုတ်၍ လိုအပ်ချိန်တွင် ပြောင်းလဲပြင်ဆင်သွားမည် ဖြစ်ကြောင်းပြောကြားပါသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန့်က Transaction value နှင့်ပတ်သက်၍စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လိုင်စင်မလိုသော ကုန်စည်HS Code လိုင်း ၅၀၀၀ ကျော်အတွက် Invoiceပါဈေးနှုန်းကို စိစစ်ပြီး စည်းကြပ်ကောက်ခံခြင်းဖြစ်ကြောင်း၊ WTO ၏ Valuation နှင့်ပတ်သက်၍ ဆောင်ရွက်ရန်အတွက် မူဝါဒကို ရှေ့နေချုပ်ရုံးသို့ တင်ပြထားပြီးဖြစ်၍ ပြန်ကျလာပါက လုပ်ဆောင်ရမည့်အချက်ခြောက်ချက်အရ လုပ်ထုံးလုပ်နည်းထုတ်ပြန်ပြီး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ မကြာမီအကောင် အထည်ဖော်မည့် MACCS စနစ်တွင် Valuation စနစ်နှင့် ပတ်သက်၍ တင်ပို့တင်သွင်းမည့် ပစ္စည်းတန်ဖိုးများသည် Minimum တန်ဖိုးနှင့် Maximum တန်ဖိုးအကြား အကျုံးဝင်ပါက လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး WTO Valuation Agreement အရ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် နှောင်းစာရင်းစစ်ဆေးခြင်း(Post Clearance Audit-PCA) စနစ်ဖြင့် တင်သွင်းသူ၏ ပရဝုဏ်အတွင်းသွားရောက်စစ်ဆေးပြီး မှန်ကန်သည့်အခွန် ရရှိရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံအချင်းချင်းအကြား Form D တွင် ပါရှိသည့် အခွန်နှုန်းထားများကို လျှော့ချရန် ဖြစ်ပါကြောင်း၊ ကုန်းပေါ် ရောက်ပစ္စည်း တန်ဖိုး (Free On Board) အပေါ် ၂၀ ရာခိုင်နှုန်းတင်ရသည့် အကြောင်းအရင်းသည် မိမိတို့နိုင်ငံတွင် CIF နှင့် ကြီးကြပ်ရသည့်အတွက် FOB အပေါ် ၂၀ ရာခိုင်နှုန်း ထပ်ပေါင်းရခြင်းဖြစ်ပါကြောင်း၊ Freight Charges Insurance (ကုန်သယ်ယူခနှင့်အာမခံ) ကို အမှန်တင်ပြနိုင်ခြင်း မရှိ၍ ဤနည်းလမ်းကို ကျင့်သုံးရခြင်းဖြစ်ပြီး Burma Appraiser Manual (BAM 200) တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ကုန်သွယ်ရေးမူဝါဒအရ Incoterms မှ CIF ကို သုံးခြင်းဖြစ်၍ ၂၀ ရာခိုင်နှုန်းထပ်ပေါင်းတွက်ချက်သည့်နည်းကို သုံးရခြင်းဖြစ်ပါကြောင်း၊ Bonded warehouse များတည်ဆောက်ရန် မိမိတို့အနေဖြင့် အချိန်ယူရမည်ဖြစ်ပြီး နိုင်ငံတကာမှ အလေ့အကျင့်ကောင်းများကို ရယူရန်လိုအပ်လျက်ရှိသောကြောင့် နိုင်ငံတကာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးလျက်ရှိပါကြောင်း၊ Transit Trade ကိစ္စနှင့်ပတ်သက်၍ ၎င်းသဘောတရားအရ အကောက်ခွန်ဌာနကပင် စစ်ဆေးပြီး တစ်ဆက်တည်း တစ်ဘက်နယ်စပ်အထိ ချိပ်ပိတ်၍သွားရပါကြောင်း၊ Transit trade တွင် တစ်ဖက်က အကောက်ခွန်နှင့် နှစ်ဖက်ပူးပေါင်းပြီး စစ်ဆေးရမည့် ကိစ္စရပ်များရှိပါကြောင်းတို့ကို ရှင်းလင်းတင်ပြပါသည်။

ဂျပန်ဘက်မှ အဆိုပြုတင်ပြချက်များနှင့်ပတ်သက်၍ တချို့ကိစ္စများမှာ ရေတိုရေရှည်ဆောင်ရွက်ရမည်ဖြစ်၍ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ဌာနဆိုင်ရာအချင်းချင်း အပြန်အလှန်ဖြေရှင်းခြင်း၊ အစိုးရအဖွဲ့ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တတ်နိုင်သမျှ ပူးပေါင်းပါဝင်ခြင်း၊ ဂျပန်နိုင်ငံဘက်မှ နည်းပညာအကူအညီများပေးခြင်းများဖြင့် ထပ်မံ ဆွေးနွေးဖြေရှင်းကြမည်ဖြစ်ကြောင်း သိရပါသည်။

## ➲ စာမျက်နှာ - ၁၈ အရှေ့မြောက်တံခါးပေါက် ··· မှ အဆက်

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာ ၂၀၀၆ ခုနှစ်စဖွင့်ကတည်းက ကုန်သွယ်ရေးဇုန်ကို ဖော်ဆောင်ခဲ့သည့် ရည်ရွယ်ချက်များအနက်“ မိမိနိုင်ငံ ဘက်တွင် ဈေးကွက်ဖြစ်ပေါ်စေရေး၊ မိမိနိုင်ငံထွက်ပစ္စည်းများအား ပြည်ပသို့ ကြိုက်ဈေးဖြင့် တင်ပို့ ရောင်းချနိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ စနစ်တကျ ကူးပြောင်းနိုင်ရေး၊ မိမိနိုင်ငံထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့် (Value Added) ပြုပြင်၍ တင်ပို့ခြင်းဖြင့် နိုင်ငံတော် ဝင်ငွေ ပိုမိုရရှိစေရေး ”ဟူသည့်အချက်များ ပါဝင်နေသော်လည်း စတင် ဖွင့်လှစ်သည့် ၂၀၀၆ ခုနှစ်မှ ၂၀၁၆ခုနှစ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာသော်လည်း ဆောင်ရွက်နေသည့် ဂိုထောင်တင်/ချ လုပ်ငန်း၊ ပို့ကုန်သွင်းကုန် လိုင်စင်ထုတ်ပေးခြင်း၊ တင်ပို့တင်သွင်းသည့် ကုန်ပစ္စည်းများကို စစ်ဆေးခြင်း အဆင့်သာ ဆောင်ရွက်နေပြီး ကုန်သွယ်ရေးဇုန် ဖွံ့ဖြိုးရေးအတွက် သစ်သီးကုန်စည်ဒိုင်၊ ပဲပြောင်းနှမ်း ကုန်စည်ဒိုင်၊ ကဏန်းငါးရှဉ့် ကုန်စည်ဒိုင်၊ ဆန်စပါး ကုန်စည်ဒိုင် အဆင့်မှာပင်ရှိနေပြီး ဖွံ့ဖြိုးတိုးတက်လာမှု မရှိတော့ဘဲ မိမိဘက် ဈေးကွက်ဖြစ်ရမည့် ကုန်ချောထုတ်လုပ်မှုနှင့် ဈေးကွက်တွေက တရုတ်နိုင်ငံ ကျယ်ဂေါင်နှင့် ရွှေလီဘက် ရောက်သွားသည့်အတွက် မူလရည်ရွယ်ချက် မပျောက်ပျက်ရအောင် ကုန်သွယ်ရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့ ကုန်သွယ်ရေးဇုန် စီမံခန့်ခွဲရေး ကော်မတီ၊ ကုန်သွယ်ရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရေး ကော်မတီများ ဖွဲ့စည်းပြီး လုပ်ပိုင်ခွင့်များကို တာဝန်ယူသူများက လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်များရအောင် ဆောင်ရွက်နေပြီဖြစ်သည်။

တစ်ဖက် တရုတ်နိုင်ငံ ကျယ်ဂေါင်၊ ရွှေလီတို့တွင်ရှိသည့် ကျောက်မျက်အရောင်းဆိုင်များ ၊ ကျောက်မျက်ဝိုင်းများ နည်းတူ မိမိနိုင်ငံရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ကျောက်စိမ်း၊ ကျောက်မျက် အချောထည်ဆိုင်များ၊ Show Room များ၊ လက်ကားဈေးကွက်များ၊ မြန်မာ့ပုလဲများ၊ ကနုကမာဖြင့် ပြုလုပ်ထားသော ပစ္စည်းများ ရောင်းချသည့်ဆိုင်များ၊ လက်မှုအနုပညာ ပစ္စည်းဆိုင်များ၊ သစ်သား ပန်းပုရုပ် (ရော်ဘာ၊ ကုက္ကို၊ ထန်း၊ အုန်း) စသည်တို့ဖြင့် ပြုလုပ်သည့် အချောထည်ဆိုင်များ၊ ပရိဘောဂနှင့် ပန်းပုရုပ် အရောင်းဆိုင်များကို ခိုင်မာစွာ ဖွင့်လှစ်ခွင့်ပြုမည်ဆိုပါက တစ်ဖက်နိုင်ငံမှ ခရီးသွားများနှင့် ပြည်တွင်း လုပ်ငန်းရှင်များအား မြန်မာနိုင်ငံဘက်အရောင်းဆိုင်များတွင် ရောင်းချစေပါက အရည်အသွေး ပိုစိတ်ချရပြီး ယုံကြည်မှုပိုရှိသဖြင့် ပိုမို လာရောက်ဝယ်ယူလာမည်ဖြစ်သကဲ့သို့ မိမိနိုင်ငံဘက်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ကျောက်စိမ်းဈေးကွက်တစ်ခု ထပ်မံဖြစ်ပေါ်လာကာ ခရီးသွားလုပ်ငန်းနှင့်အတူ ဆက်စပ်နေသော အခြားလုပ်ငန်းများပါ ဖွံ့ဖြိုးလာပြီး မူဆယ်နယ်စပ်ဒေသ ဖွံ့ဖြိုးရေးကို များစွာအထောက်အကူဖြစ်သွားမည်ဖြစ်ပါသည်။ ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုများ တိုးတက်လာပြီး မိမိ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်းနှင့် ဆင်းရဲမှုလျော့ကျပြီး နိုင်ငံသားများ၏အလုပ်လုပ်နိုင်စွမ်းအားများတိုးမြှင့်လာကာ မိမိနိုင်ငံသူ၊ နိုင်ငံသားများ တစ်ဖက်နိုင်ငံတွင် သွားရောက် အလုပ် လုပ်ကိုင်ရန် မလိုတော့သကဲ့သို့ တစ်ဖက်နိုင်ငံ၏ မတရားအဖမ်းအဆီး၊ အနှိပ်အစက်ခံရမှုမှ လွတ်မြောက်သွားမည်ဖြစ်ပါသည်။

ပြည်တွင်း စီးပွားရေး အလားအလာကောင်းများ ဖန်တီးနိုင်ရေးအတွက် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အား ကျောက်စိမ်း၊ ကျောက်မျက်စသည့် လက်ဝတ်ရတနာပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများအား နိုင်ငံအတွင်းမှာပင် ကုန်ချောများ၊ ထွက်ကုန်များ အဖြစ်ဖန်တီးပြီး တရုတ်နိုင်ငံအတွက် ဈေးကွက်ကြီးအဖြစ် အမြန်ပေါ် ထွန်းလာပါစေလို့ ဆုတောင်းရေးသားလိုက်ရပါသည်။

# ဆူဇူကီးဖလားအုပ်စုခွဲဝေမှုတွင် မြန်မာအသင်း အုပ်စုကျပ်အတွင်းကျရောက် အဖွင့်ပွဲတွင် ဗီယက်နမ်အသင်းနှင့်ယှဉ်ပြိုင်ရမည်

၂၀၁၆ခုနှစ် ဆူဇူကီးဖလားပြိုင်ပွဲအတွက် အုပ်စုခွဲဝေမှုကို ဩဂုတ် ၂ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်မက်စ်တွင် ပြုလုပ်ခဲ့ရာ အိမ်ရှင် မြန်မာအသင်းသည် အုပ်စုကျပ်ထဲတွင် ကျရောက်နေကြောင်း သိရသည်။

၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲကို ခြေစစ်ပွဲအောင်အသင်း တစ်သင်းအပါအဝင် အသင်းပေါင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယင်းအသင်းများကို လေးသင်းစီ နှစ်အုပ်စုခွဲခြားကာ အုပ်စုတစ်စုစီကို နိုင်ငံတစ်နိုင်ငံစီတွင် ကျင်းပသွားမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် အုပ်စု(က)ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် အုပ်စု(ခ)ပွဲစဉ်များကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များအတွက် အုပ်စုခွဲဝေမှုကို မဲနှိုက်ဆုံးဖြတ်ခဲ့ရာ အုပ်စု(က)တွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် စင်ကာပူတို့ပါဝင်နေပြီး အုပ်စု(ခ)တွင် မြန်မာ၊ ဗီယက်နမ်၊ မလေးရှားနှင့်ခြေစစ်ပွဲအောင် အသင်းများ ပါဝင်နေကြောင်း သိရသည်။

ဆူဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စု(က)ပွဲစဉ်များကို နိုဝင်ဘာ ၁၉ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်ပြီး အဖွင့်ပွဲစဉ်အဖြစ် ထိုင်းနှင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူတို့ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။




အုပ်စု(ခ)ပွဲစဉ်များကို နိုဝင်ဘာ ၂၀ ရက်တွင် မြန်မာနိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်ရာ အဖွင့်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊ မလေးရှားအသင်းနှင့် ခြေစစ်ပွဲအောင်မည့်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ခြေစစ်ပွဲစဉ်များကို အောက်တိုဘာ ၁၅ ရက်မှ ၂၁ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ လာအို၊တီမောလက်စ်လေနှင့် ဘရူနိုင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အောက်တိုဘာ ၁၅ ရက်တွင် ဘရူနိုင်းနှင့် တီမော၊ ကမ္ဘောဒီးယားနှင့် လာအို၊ အောက်တိုဘာ ၁၈ ရက်တွင် တီမောနှင့် လာအို၊ ကမ္ဘောဒီးယားနှင့် ဘရူနိုင်း၊ အောက်တိုဘာ ၂၁ရက်တွင် လာအိုနှင့် ဘရူနိုင်း၊ တီမောနှင့် ကမ္ဘောဒီးယားတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါခြေစစ်ပွဲစဉ်များ၌ ခြေစစ်ပွဲအောင်သည့်အသင်းတစ်သင်းသည် အုပ်စု(ခ)တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

**ဆူဇူကီးဖလား ခြေစစ်ပွဲ ပွဲစဉ်များ**

| | |
|---|---|
| ၁၉-၁၁-၁၆ | ထိုင်းနှင့် အင်ဒိုနီးရှား |
| | ဖိလစ်ပိုင်နှင့် စင်ကာပူ |
| ၂၀-၁၁-၁၆ | မလေးရှားနှင့် ခြေစစ်ပွဲအောင်အသင်း |
| | မြန်မာနှင့် ဗီယက်နမ် |
| ၂၂-၁၁-၁၆ | ထိုင်းနှင့် စင်ကာပူ |
| | အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် |
| ၂၃-၁၁-၁၆ | မလေးရှားနှင့် ဗီယက်နမ် |
| | မြန်မာနှင့် ခြေစစ်ပွဲအောင်အသင်း |
| ၂၅-၁၁-၁၆ | စင်ကာပူနှင့် အင်ဒိုနီးရှား |
| | ဖိလစ်ပိုင်နှင့် ထိုင်း |
| ၂၆-၁၁-၁၆ | ဗီယက်နမ်နှင့် ခြေစစ်ပွဲအောင်အသင်း |
| | မြန်မာနှင့်မလေးရှား |

## တတိယဆုရ မြန်မာအမျိုးသမီးအသင်း ကျပ်သိန်း ၇၀၀ ချီးမြှင့်ခံရ

အာဆီယံအမျိုးသမီးချန်ပီယံရှစ် (AFF MYANMAR Women's Championship 2016) ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် မြန်မာ့ လက်ရွေးစင်အမျိုးသမီးအသင်းသည် ဩစတြေးလျနှင့်ပွဲစဉ်အပြီးတွင် ဆုကြေး ကျပ်သိန်း ၇၀၀ ချီးမြှင့်ခြင်းခံခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီမီးဖိုင်နယ်ဖြစ်သည့် ဗီယက်နမ်အသင်းအား ပယ်နယ်တီဖြင့် အရေးနိမ့်ခဲ့ရသည့် ပွဲစဉ်မှလွဲပြီး ကျန်ပွဲများတွင် အရှုံးမရှိဘဲ ငါးပွဲကစား၊ သုံးပွဲနိုင်၊ တစ်ပွဲပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် တတိယနေရာရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းကို MFF ဥက္ကဋ္ဌ ဦးဇော်ဇော် က ကျပ်သိန်း ၃၀၀၊ အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌနှင့် ဇွဲကပင်ယူနိုက်တက်အသင်းပိုင်ရှင် ဦးလှဋ္ဌေးက ကျပ်သိန်း ၂၀၀၊ UAB Bank က ကျပ်သိန်း ၁၀၀ ၊ MFF အမျိုးသမီးဘောလုံးကော်မတီက ကျပ်သိန်း ၁၀၀ စုစုပေါင်း ကျပ်သိန်း ၇၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



### အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ၏ လက်ရှိချန်ပီယံဘွဲ့ကို အကောင်းဆုံးကာကွယ်သွားမည်ဟု ထိုင်းအသင်းနည်းပြချုပ် ကိုင်တီဆတ်ပြောကြား

ထိုင်းလက်ရွေးစင် ဘောလုံးအသင်းအနေဖြင့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ၏ လက်ရှိချန်ပီယံဘွဲ့ကို အကောင်းဆုံးကာကွယ်သွားမည်ဖြစ်ကြောင်း ထိုင်းအသင်း၏ နည်းပြချုပ်ဖြစ်သူ ကိုင်တီဆတ်က ဆူဇူကီးဖလားပြိုင်ပွဲ၏ အုပ်စုအဆင့်မဲခွဲပွဲတွင် ပြောကြားခဲ့သည်။

၂၀၁၆ အာဆီယံဆူဇူကီးဖလား မဲခွဲပွဲကို ဩဂုတ် ၂ရက်က နိုဗိုတယ်ဟိုတယ်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ထိုင်းလက်ရွေးစင်ဘောလုံး အသင်းသည် အုပ်စု(က)တွင် အိမ်ရှင်ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

"ဖိလစ်ပိုင်အသင်းက အခုချိန်မှာ အရမ်းကောင်းနေပါတယ်။ အင်ဒိုနီးရှားအသင်းကလည်း ပုံစံကောင်းတစ်ခုပြန်ရလာပြီ။ စင်ကာပူအသင်းကလည်း အသင်းကောင်းပါ။ ဒါပေမယ့် ထိုင်းအသင်းအနေနဲ့ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်သွားနိုင်ဖို့ အကောင်းဆုံးကြိုးစား ကစားသွားမှာပါ" ဟု ထိုင်းလက်ရွေးစင်အသင်းနည်းပြချုပ် ကိုင်တီဆတ်က ပြောကြားခဲ့သည်။

ထိုင်းလက်ရွေးစင်အသင်းသည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်ပြီး အရှေ့တောင်အာရှ နိုင်ငံများအနက် အအောင်မြင်ဆုံးအသင်းတစ်သင်းဖြစ်သည်။ ထိုင်းအသင်းသည် အာဆီယံဆူဇူကီးဖလားအုပ်စုအဆင့် ပြိုင်ပွဲများ ကစားနေစဉ်အတွင်း ၂၀၁၈ ကမ္ဘာ့ဖလားဝင်ခွင့် ခြေစစ်ပွဲစဉ်များလည်း ကစားရန်ရှိနေကြောင်း သိရသည်။

## ဝက်စ်ဘရွန်းဝစ်ချ်အသင်းကို တရုတ်ရင်းနှီးမြှုပ်နှံမှုအုပ်စုထံရောင်းချ



ဝက်စ်ဘရွန်းဝစ်ချ်အသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဂျရယ်မီပီးယာ့စ်သည် ၎င်း၏အသင်းအား တရုတ်ရင်းနှီးမြှုပ်နှံမှုအုပ်စုတစ်ခု၏ ဦးဆောင်သူဖြစ်သည့် Guochuan Lai ထံ ရောင်းချလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျရယ်မီပီးယာ့စ်သည် ဝက်စ်ဘရွန်းဝစ်ချ်အသင်း၏ ဥက္ကဋ္ဌအဖြစ် ၁၄ နှစ်တာ တာဝန်ယူခဲ့ပြီးနောက် ယခုအခါတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုအုပ်စုတစ်ခုထံသို့ အသင်းကို ရောင်းချလိုက်ခြင်းဖြစ်သည်။

အသင်း၏ပိုင်ရှင်အသစ်ဖြစ်လာသည့် Guochuan Lai က "ကျွန်တော်တို့အနေနဲ့ ပထမဦးဆုံးလုပ်ရမယ့် အလုပ်က အသင်းရဲ့အခြေခံအဆောက်အဦတွေကို တည်ငြိမ်အောင်လုပ်ရပါမယ်။ အသင်းရဲ့လက်ရှိသွားနေတဲ့ အနေအထားကိုတော့ ပြောင်းလဲပစ်ဖို့ ရည်ရွယ်မထားပါဘူး။ အသင်းမှာပြောင်းလဲဖို့လိုအပ်နေတာတွေကိုတော့ ပြောင်းလဲပစ်ရမှာပါ"ဟု ပြောကြားခဲ့သည်။

အသက် ၄၂ နှစ်အရွယ်သာရှိသေးသည့် Guochuan Lai သည် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကြီးတစ်ခုကို ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ပြီး တရုတ်နိုင်ငံအစုရှယ်ယာဈေးကွက်တွင် အစုရှယ်ယာတန်ဖိုး ၁ ဒသမ ၈ ဘီလီယံကို ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်သည်ဟု ဆိုသည်။

Guochuan Lai သည် အဆိုပါအသင်းကို ဝယ်ယူရန်ပြီးခဲ့သည့် ဇွန်လကတည်းက သဘောတူညီထားခဲ့ပြီး ပရီးမီးယားလိဂ်နှင့် ငွေကြေးဆိုင်ရာဥပဒေအရသဘောတူညီမှုရရှိပြီးနောက် ယခုကဲ့သို့ သတင်းထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ဝက်စ်ဘရွန်းဝစ်ချ်အသင်းကို ဂျရယ်မီပီးယာ့စ်မရောက်ရှိမီကပင် တရုတ်ဘဏ်လုပ်ငန်းရှင်များထံ ရောင်းချရန်နီးစပ်ခဲ့သော်လည်း သဘောတူညီမှုမရရှိခဲ့သဖြင့် ပျက်ပြယ်ခဲ့ရသည်။ ထိုအချိန်က ပီးယာ့စ်သည်အသင်း၏ရှယ်ယာ ၈၈ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။

ပီးယာ့စ်သည် အသင်းအတွက် ပေါင်သန်း ၁၅၀ ကို ရှာဖွေပေးနိုင်ခဲ့ပြီး ၎င်းတာဝန်ယူသည့်အချိန်အတွင်း အမြတ်ငွေ ပေါင် ၇ ဒသမ ၆သန်းရရှိခဲ့သည်။

ဝက်စ်ဘရွန်းဝစ်ချ်အသင်းသည် ပြီးခဲ့သည့် ပရီးမီးယားလိဂ်ဘောလုံးရာသီတွင် ဇယားတိုင်၏ အဆင့် ၁၄ နေရာတွင် ရပ်တည်နိုင်ခဲ့သည့်အသင်းတစ်သင်းဖြစ်သည်။

# နေပြည်တော်ရုံးချုပ် စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ အ-ထ-က (၇) ဇမ္ဗူသီရိမြို့နယ်နှင့် အ-ထ-က (၁၄) ဇမ္ဗူသီရိမြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပ

နေပြည်တော်ရုံးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာ ဌာနခွဲနှင့် နေပြည်တော်၊ ပျဉ်းမနားခရိုင် စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်း၍ ဇူလိုင် လ ၂၀ရက်နေ့တွင် ဇမ္ဗူသီရိမြို့နယ်၊ အထက(၇)၌ လည်းကောင်း၊ ဇူလိုင် ၂၆ ရက်နေ့တွင် ဇမ္ဗူသီရိမြို့နယ် အထက(၁၄)တို့ တွင်လည်းကောင်း ရောင်းချလျက်ရှိသည့် ကျောင်းမုန့်ဈေးတန်းတို့အားသွား ရောက်ကြည့်ရှုစစ်ဆေးရာ အန္တရာယ် ရှိပြီး စားသုံးရန်မသင့်သည့် အစားအသောက်များအား ရောင်းချခြင်းမပြုရန် အသိပညာပေးဆောင်ရွက်ခဲ့ပြီး စုဝေးခန်းမ၌ စားသုံးသူအကာအကွယ် ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲများကို ကျင်းပခဲ့ကြ ပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် နေပြည်တော် ရုံးချုပ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ် ပေါက်လာပုံ၊ ဥပဒေပါစားသုံးသူနှင့် စားသုံးသူအကာအကွယ်ပေးရေးအဓိပ္ပါယ်၊ စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များပြောကြားကာ ထိခိုက်နစ်နာမှုများရှိလာခဲ့ပါက ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း တိုင်ကြားနိုင်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အလိုက် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များအား ဖွဲ့စည်းထားရှိပါကြောင်း၊ ကျန်းမာအသက်ရှည်ရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းမည့် အစားအသောက်များကို ရွေးချယ်စားသုံးခြင်းဖြင့် နေထိုင်စားသောက်မှုပုံစံကို ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ဆိုးဆေးများအန္တရာယ်၊ တာရှည်ခံဆေးများအန္တရာယ်၊ ပဋိဇီဝဆေးများအန္တရာယ်ရှိမှုအကြောင်း၊ ရွေးချယ်စားသောက်ရမည့် အစားအသောက်များ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းသည် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်၍ အားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ စားသုံးသူများအားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည် ဖြစ်ပါကြောင်း၊စားသောက်ကုန်ပစ္စည်းများဝယ်ယူပါက အနည်းဆုံး အမည်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ကုန်ဆုံးရက်စွဲဆိုသည့် အချက်လေးချက်မပါရှိပါက စားသုံးရန် မသင့်ပါကြောင်း၊ မိမိဖတ်ရှု၍ နားမလည်သော စာသားများဖြစ်ပါက ဝယ်ယူစားသုံးခြင်း မပြုရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်၍ အန္တရာယ်ကင်းသော အစားအသောက်များ ရွေးချယ်စားသုံးရေး အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။ အထက(၇) တွင် ပြုလုပ်ခဲ့သည့် ဟောပြောပွဲသို့ ဆရာ၊ ဆရာမ ၂၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၈၀ ဦးနှင့် ကျောင်းမုန့်ဈေးတန်း ဈေးသည် ၅ ဦး တက်ရောက်ခဲ့ကြပြီး အထက (၁၄) ဇမ္ဗူသီရိမြို့နယ်တွင် ကျင်းပခဲ့သည့်ပွဲသို့ ဆရာ၊ ဆရာမ ၂၃ ဦး၊ ကျောင်း သား၊ ကျောင်းသူ ၅၇၅ ဦး၊ မုန့်ဈေးသည် ၁၁ ဦး တက်ရောက်ခဲ့ကြသည်။

နေပြည်တော် ရုံးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာ ဌာနခွဲ၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ဒေါ်မြင့်မြင့်ချိုနှင့် နေပြည်တော်၊ ပျဉ်းမနားခရိုင် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ ဇမ္ဗူသီရိမြို့နယ်၊ အထက(၈)၊ (၉)၊ (၁၀) (၁၁) တို့တွင်လည်းကောင်း၊ ဥတ္တရသီရိမြို့နယ် အထက(ငန်းစပ်)နှင့် အထက (မင်းကုန်း) တို့တွင် လည်းကောင်း ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေး၍ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြော ဆွေး နွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။

နေပြည်တော်ရုံးချုပ်၊ စားသုံးသူရေးရာ ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နေပြည်တော်ကောင်စီ နယ်မြေအတွင်း စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲနှင့် ကွင်းဆင်း စစ်ဆေး အသိပညာပေးခြင်း လုပ်ငန်းများကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ တတိယပတ်အတွင်း ဒက္ခိဏသီရိခရိုင်၊ ဇမ္ဗူသီရိ မြို့နယ်အတွင်း လေးနေရာ၊ ဥတ္တရသီရိခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်း လေးနေရာ၊ စုစုပေါင်း ရှစ်နေရာတို့တွင် ဆောင်ရွက်ခဲ့ရာ တက်ရောက်သူဦးရေ ၂၂၃၅ ဦး ရှိကြောင်း သတင်းရရှိပါသည်။

**ဖြူဖြူလတ်**

# မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ချောင်းကောက်ကျေးရွာတို့တွင် စားသုံးသူအကာအကွယ် ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်း ဦးစီး၍ စားသုံးသူ ရေးရာဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်လျက် ဩဂုတ်၁ရက် နေ့လယ်က မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ် ပေးရေး အသိပညာပေး ဆွေးနွေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ရာ ကျောင်းအုပ် ဆရာကြီးနှင့် ဆရာ၊ ဆရာမ ၃၅ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၀၀ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ထိုအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက စားသုံးသူအကာအ ကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အကြောင်းကို ပါဝါပွိုင့်များဖြင့် ကလေးများ နားလည်သဘောပေါက်အောင် သေချာစွာရှင်း လင်းပြီး ကလေးငယ်များအား မေးခွန်းများ မေးကာ အဖြေမှန်သော ကလေးများအား ဆုလက်ဆောင်များ ပေးအပ်ခဲ့ပါသည်။ ထို့နောက် မင်းလှမြို့နယ် စားသုံးသူတာဝန်ခံက ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များအား လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက မစားသင့်သော အစားအစာများ စားပါက လတ်တလော ကြုံတွေ့ရမည့် ရောဂါများနှင့် ရေရှည်ကြုံတွေ့ရမည့် ရောဂါများအကြောင်းကို ပါဝါပွိုင့်များဖြင့် ရှင်းလင်းခဲ့ပြီး အဖြေမှန်သည့် ကလေးငယ်များအား ဆုများ ချီးမြှင့်ခဲ့ပါသည်။ စားသုံးသူရေးရာ ဝန်ထမ်းများကလည်း အဖွဲ့များခွဲကာ စာသင်ခန်း များသို့ မစားသင့်သော မုန့်များအကြောင်းနှင့် လုံခြုံစိတ်ချရမှုရှိသည့် မုန့်များသာ စားသုံးကြရန် မုန့်များအား နမူနာများအား တစ်ခန်းဝင် တစ်ခန်းထွက် ပြသ၍ ရှင်းလင်းခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသော ကလေးငယ် များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသည့် သဘာဝဇီးဖျော်ရည်များ တိုက်ကျွေးပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြကြောင်း သတင်းရရှိပါသည်။

အလားတူ မင်းလှမြို့နယ်၊ ချောင်းကောက်ကျေးရွာတွင် ဩဂုတ် ၁ရက်က စားသုံးသူရေးရာ ဟောပြောပွဲကို ကျင်းပ ခဲ့ရာ ကျေးရွာသူ၊ ရွာသားစုစုပေါင်း ၁၅၀ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များ မုံရွာမြို့ မြသလ္လာဈေးအတွင်းရှိ စားသောက်ကုန်များကို ပူးပေါင်းစစ်ဆေး

စစ်ကိုင်းတိုင်း ဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနဝန်ကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဒေသကြီး ဦးစီးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော် ဦးဆောင်ပြီး တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်း ရေးအဖွဲ့ အဖွဲ့ဝင်ဌာနများဖြစ်တဲ့ တိုင်းဥပဒေချုပ်၊ တိုင်းစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းအသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ တိုင်းကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ဈေးကော်မတီဥက္ကဋ္ဌနဲ့ ကော်မတီဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ စုစုပေါင်း ၂၀ ဦး ပါဝင်တဲ့ အဖွဲ့က ဇူလိုင် ၂၉ ရက်မှာ မုံရွာ မြို့ပေါ်ရှိ မြသလ္လာ ဈေးအတွင်း ရောင်းချနေတဲ့ စားသောက်ကုန် ပစ္စည်းများအနက် FDA က စားသုံးရန်မသင့်ဟု တရားဝင် ထုတ်ပြန်ထားတဲ့ စားသောက်ကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ/မရှိ သွားရောက်စစ်ဆေး ခဲ့ကြပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာ နှစ်အတွင်းက ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အ စားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ မုံရွာမြို့ မြသလ္လာဈေးအတွင်းရှိ စားသောက်ကုန်ပစ္စည်းများကို Mobile Labဖြင့်စစ်ဆေးစဉ်က အစားအသောက်များတွင် သုံးစွဲရန် ခွင့်မပြုသော တားမြစ်ဆိုးဆေးများ (Auramine, Rhodamine–B, Sudan-III, Orange-II) သုံးစွဲထားသည့် စားသောက်ကုန်ပစ္စည်းများအား ပိတ်ပင်ထားခဲ့ပြီးဖြစ်ရာ ဆက်လက်ရောင်းချခြင်း ရှိ/မရှိကို သက်ဆိုင်ရာဌာန အသီးသီးမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။

ထိုသို့ စ စ်ဆေးရာတွင် ဈေးအတွင်း ရောင်းချနေသော ဆိုင်များ အနက်မှ ငါးပိ၊ ငါးခြောက်ဆိုင် ရှစ်ဆိုင်၊ နနွင်း၊ ငရုတ်အရောင်းဆိုင် တစ်ဆိုင်၊ ကွမ်းသီး၊ ကွမ်းရွက်နဲ့ ကွမ်းယာပစ္စည်းဆိုင် ၁ဆိုင်၊ ကုန်မျိုးစုံဆိုင် ၂ဆိုင်၊ ပဲကြီးလှော်ဆိုင် ၂ဆိုင်၊ စုစု ပေါင်း ၁၄ဆိုင်ကို အစားအသောက်များတွင် သုံးစွဲရန် ခွင့်မပြုသော တားမြစ်ဆိုးဆေးများ၊ ယင်မနားဆေးများ သုံးစွဲထားသည့် အစားအသောက် ကုန်ပစ္စည်းများကို ရောင်းချခြင်း မပြုကြရန်နှင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ အကြောင်းကို ဆိုင်ပိုင်ရှင်များနှင့် ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**စန်းစန်းဝေ (Monywa)**

# ဖါပွန်မြို့နှင့် လှိုင်းဘွဲ့မြို့တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်

ကရင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ပြည်နယ် ဦးစီးမှူး ဦးတင့်ဆန်း ဦးဆောင်တဲ့ ဝန်ထမ်းများသည် ဇူလိုင် ၂၂ရက်က ဖါပွန်မြို့ ခရိုင်ရုံးနဲ့ အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ ဇူလိုင် ၂၃ရက်တွင် လှိုင်းဘွဲ့မြို့၊ ဂျိုချောင်းကျေးရွာ၊ ရွှေဂွန်းကျေးရွာ၊ တခွက်ဖိုကျေးရွာတို့၌ လည်းကောင်း၊ ဇူလိုင် ၂၄ရက်တွင် တဝန်ဖန်ရ ကျေးရွာ၊ ကျုံပကိုကျေးရွာ၊ တခင်းလုံ ကျေးရွာတို့၌ လည်း ကောင်း စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများကို ကျင်းပခဲ့ပါတယ်။ အဆိုပါ ဟောပြောပွဲသို့ စုစုပေါင်း ၁၂၂၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

အဆိုပါ ဟောပြောပွဲမှာ စားသုံးသူ အကာအကွယ် ပေးရေးနှင့် ပတ်သက်တဲ့ ဥပဒေအကြောင်း သိကောင်းစရာများ၊ စားသုံးသူတို့ အခွင့်အရေးနဲ့ တာဝန်များအကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တို့ရဲ့ အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်တို့ အကြောင်း၊ အန္တရာယ်ရှိသော အစားအသောက်ပစ္စည်းများ အကြောင်း၊ ဥပဒေပါ ပြစ်မှုနဲ့ ပြစ်ဒဏ်များ အကြောင်း၊ ဦးစီးဌာနရဲ့ လုပ်ဆောင်ချက်များ နောင်ဆက်လက် ပြုလုပ်မယ့် လုပ်ငန်းများ အကြောင်း စသည်တို့ကို အသေးစိတ် ရှင်းလင်း ပြောကြားပါတယ်။

ဟောပြောပွဲ သို့ တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများက ဘာသာစကား နားလည်မှု အခက်အခဲများကို ကရင်ဘာသာ စကားဖြင့်လည်း ဟောပြောခြင်း၊ ပြန်လည် ဖြေကြားခြင်း၊ လက်ကမ်း စာစောင် ဖြန့်ဝေပေးခြင်း တို့ကို ပြုလုပ်ခဲ့သည့်အပြင် စားသုံးသူ အကာအကွယ်ပေးရေး စာအုပ်များကိုလည်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည် (ကရင်)**

# ဘားအံမြို့ ဘားအံတက္ကသိုလ်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ



ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနသည် ဩဂုတ် ၄ရက်က ဘားအံတက္ကသိုလ်၌ စားသုံးသူ အကာအကွယ်ပေး ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သတင်းရရှိပါတယ်။ ဆွေးနွေးပွဲသို့ ဒုတိယ ပါမောက္ခချုပ်နဲ့ ဆရာ၊ ဆရာမများနဲ့ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၃၀ ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူး ဦးတင့်ဆန်းက "ကုန်သွယ်မှုကဏ္ဍနှင့် စားသုံးသူ အကာအကွယ်ပေးရေး"အကြောင်း၊ ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်းက "စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ" အကြောင်း၊ ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်က "အာဆီယံ နိုင်ငံများ၏ စားသုံးသူ အကာအကွယ်ပေးရေး နှင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေမှု အခြေအနေ" အကြောင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးလှဝင်းက "စားသုံးရန် မသင့်သော တရားမဝင် အေးခဲအသား၊ ငါးများနဲ့ ကွမ်းစားသုံးမှု၊ စည်းကမ်းမဲ့ ကွမ်းတံတွေး ထွေးမှုများ လျှော့နည်းပပျောက်ရေး"အကြောင်းနဲ့ ကရင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာ မောင်မောင်သီဟထွေးက စားသုံးရန် မသင့်တဲ့ အစားအသောက် များတွင် ဆိုးဆေးများ ပါဝင်မှု၊ ဓါတု ပစ္စည်းများ အန္တရာယ်နဲ့ ဆေးဝါးအတုများ၊ စံမညီ ဆေးဝါးများနဲ့ အလှကုန် ပစ္စည်းများ အကြောင်း အသီးသီး ဆွေးနွေးခဲ့ပါတယ်။

**ခင်ကြည် (ကရင်)**

# မုံရွာတွင်စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးသင်တန်းဖွင့်လှစ်

စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး မုံရွာမြို့၌ ဇူလိုင် ၂၁ နဲ့ ၂၂ ရက်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး သင်တန်းဖွင့်လှစ်ခဲ့ရာ မုံရွာ၊ ဘုတလင်၊ ချောင်းဦး၊ အရာတော်မြို့နယ်များရှိ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်မှ ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၂၀ ဦး တက် ရောက်ခဲ့ပါတယ်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားမှာ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က မိမိတို့ဝန်ထမ်းများ မြို့နယ်/ ကျေးရွာများရှိ ရပ်ကွက်များ၊ ကျောင်းများ၊ ဌာနဆိုင်ရာများ သို့ ကွင်းဆင်းပြီး စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြောပွဲများဆောင်ရွက်ခြင်း၊ ကျောင်းမုန့်ဈေးတန်းနဲ့ဈေးများသို့ စစ်ဆေးခြင်းများကို စစ်ဆေးရာတွင် အဖွဲ့လိုက်သွားရန်၊ FDA၊ စိုက်ပျိုးရေး ဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ ဟောပြောသူများအနေဖြင့် ဗဟုသုတများကို လေ့လာရှာဖွေစုဆောင်းကြရန် ပြောကြားခဲ့ပါတယ်။

ထို့နောက် သင်တန်းဆရာများက စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေ၊ အန္တရာယ်ရှိအစားအသောက်များ၊ ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာ၊ ကွမ်းတို့ရဲ့ ဆိုးကျိုးနဲ့ အန္တရာယ်၊ ဟင်းချက်ဆီနှင့် ဆိုးဆေးများ အကြောင်း သိကောင်းစရာ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနဲ့ စားသုံးသူအကာအကွယ်ပေးရေး ဆက်နွယ်မှုများ၊ ဉာဏပစ္စည်းနဲ့ ကုန်အမှတ်တံဆိပ်များအကြောင်း သိကောင်းစရာ၊ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများတွင် လိုက်နာရမည့်အချက်များ၊ လက်တွေ့ဟောပြောပွဲများတွင် တွေ့ကြုံရသော အတွေ့အကြုံများနဲ့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များစတဲ့ ခေါင်းစဉ်အသီးသီးနဲ့ သင်ကြားပို့ချခဲ့ကြောင်း သိရှိရပါတယ်။

**သန်းသန်းတင်(မုံရွာ)**

# လွိုင်ကော်မြို့ နောင်ယားဈေးနှင့် ဖရူဆိုမြို့ ထီးပေါ်ဆိုအထကတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး ဆွေးနွေးပွဲများ ကျင်းပ



ကယားပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ကြီးမှူး၍ ပြည်နယ် ဦးစီးမှူး ဦးခမ်လျန်စွမ်းဦးစီးတဲ့ တာဝန်ရှိသူများသည် လွိုင်ကော်မြို့နောင်ယားဈေး၌ ဇူလိုင် ၂၆ ရက်တွင်လည်းကောင်း၊ ဖရူဆိုမြို့ ထီးပေါ်ဆို အထကတွင် ဩဂုတ်လ ၁ ရက်တွင် လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပပြီး၊ နောင်ယားဈေးအတွင်း ရောင်းချနေတဲ့ အမဲသား၊ ငါးနဲ့ ကြက်သားများအား စစ်ဆေးခြင်းတို့ကို ပြုလုပ်ခဲ့ကြပါတယ်။

အဆိုပါ ဟောပြော ဆွေးနွေးပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက စားသောက်ကုန်များတွင် တာရှည်ခံအောင် ဖော်မလင်ဓာတု ဆေးများ အသုံးပြု ထုတ်လုပ်ထားသော မုန့်များနှင့် အစားအသောက်များ အကြောင်း၊ စားသုံးရန်မသင့် ခွင့်မပြု ဓာတုဆိုးဆေးများဖြင့် အရောင်၊ အနံ့အရသာ ထည့်သွင်းထားသည့် အစားအသောက်များ အကြောင်း၊ Ready made အစားအစာများကို အတတ်နိုင်ဆုံး မစားသုံးရန်နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ထောက်ခံချက်ပါမှသာလျှင် စားသုံးကြရန်၊ အစားအသောက် အပူများကို ဖော့ဘူး၊ ကြွပ်ကြွပ်အိတ်များဖြင့် ထုပ်ပိုးမှုမပြုရန်၊ ပြန်ကြော် ဆီများကို ပြန်လည် အသုံးမပြုကြရန်၊ နေ့စဉ် စားသုံးနေသော အစားအစာနှင့် ကင်ဆာရောဂါ ဆက်စပ်မှုရှိပုံများ အကြောင်းကို အကျယ်တဝင့် ဟောပြော ဆွေးနွေးခဲ့ပါတယ်။ အဲဒီနောက် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြို့ရီနဲ့ ဝန်ထမ်းများက သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဟောပြော ဆွေးနွေးခဲ့ကြပါတယ်။

အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃၈၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါတယ်။

ထုတ်ကုန် လုံခြုံစိတ်ချရမှု ဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအေးညိုညိုနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူး ဦးခမ်လျန်စွမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကယားပြည်နယ်၊ လွိုင်ကော်မြို့ နောင်ယား (က) ရပ်ကွက်ရှိ နောင်ယား ဈေး (ငါးရက် တစ်ဈေး)မှာ ရောင်းချနေတဲ့ အမဲသားဆိုင်၊ ငါးဆိုင်များနှင့် ကြက်သားဆိုင်များရှိ အသား၊ ငါးများ သန့်ရှင်းလတ်ဆတ်မှု ရှိမရှိနဲ့ ထုတ်ကုန် လုံခြုံ စိတ်ချရမှု ရှိ၊မရှိ ကွင်းဆင်း စစ်ဆေး ခဲ့ပါတယ်။

ကွင်းဆင်း စစ်ဆေးရာမှာ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးအေးညိုညိုက စားသုံးသူပြည်သူများရဲ့ ကျန်းမာရေးအတွက် လတ်ဆတ်တဲ့ အသားများကိုသာ ရောင်းချကြရန်နဲ့ ရက်လွန်အသားများကိုသာ တိရစ္ဆာန် အစာအဖြစ် ရောင်းချလျှင်လည်း သီးသန့်ထားရှိရန် လိုကြောင်း ပြောကြားပါတယ်။ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးခမ်လျန်စွမ်းက အသားငါး ရောင်းချသူများ အနေဖြင့် အစားအစာများကို ရောင်းချရာတွင် နေ့ချင်း ပေါ်သည့် အသားများကိုသာ ရောင်းချစေလိုကြောင်း၊ နောက်ရက် ဈေးနေ့များတွင်လည်း အမြဲမပြတ် စောင့်ကြည့် စစ်ဆေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**လွင်ကိုအောင်(လွိုင်ကော်)**

# လုပ်ငန်းဖွံ့ဖြိုးမှု မြှင့်တင်ရေးနေ့ဆွေးနွေးပွဲ အခမ်းအနားတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် ထုတ်လုပ်သူများ၏ အခန်းကဏ္ဍအကြောင်း ဆွေးနွေးဟောပြော

EDNA Myanmar မှ လုပ်ငန်း ဖွံ့ဖြိုးမှု မြှင့်တင်ရေးနေ့ ဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၂၄ရက်က မုံရွာမြို့ ပေါ်ဦး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမောင်မောင် သိန်း၊ EDNA Myanmar မှ ဒါရိုက်တာ ဒေါ်ဝင့်ဝင့်လင်း၊ သံပန်းသံတံခါး လုပ်ငန်းရှင် ဦးမြင့်ကို၊ ရွှေအိမ်စည် ရှင်ပြု နားသပစ္စည်းနှင့် တိုင်းရင်းသား ဝတ်စုံများ ငှားရမ်းသည့် လုပ်ငန်းရှင် ဒေါ်ခင်အုန်းမြင့်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ EDNA Myanmar မှ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၃၅၀ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် စားသုံးသူ အကာအကွယ်ပေးရေး ဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမောင်မောင်သိန်းက စစ်ကိုင်းတိုင်း ဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့် အမှန်တကယ် နစ်နာဆုံးရှုံးမှုများ ရှိပါက စာဖြင့်သော် လည်းကောင်း၊ ဖုန်းဖြင့်သော် လည်းကောင်း တိုင်ကြားနိုင်ပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေတွင် ပါရှိသော ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ စီးပွားရေးကျင့်ဝတ်နှင့် မညီ ညွတ်သော ရောင်းဝယ်သည့် အလေ့အကျင့်များ၊ နိုင်ငံသား အခွင့်အရေးအတွက် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း အသေးစိတ် ရှင်းလင်း ဆွေးနွေး ခဲ့ပါသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် သံပန်းသံတံခါး လုပ်ငန်းရှင် ဦးမြင့်ကိုနဲ့ ရွှေအိမ်စည် ရှင်ပြုနားသ ပစ္စည်းနဲ့ တိုင်းရင်းသား ဝတ်စုံ ငှားရမ်းတဲ့ လုပ်ငန်းရှင် ဒေါ်ခင်အုန်းမြင့်တို့ကလည်း မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများကို တင်ပြ ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

**တင်တင်မိုး (မုံရွာ)**

■

# အင်္ဂလန်နိုင်ငံမှ ကမ္ဘာ့အကောင်းဆုံး Twinings လက်ဖက်ခြောက်ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်

ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် Twinings လက်ဖက်ခြောက်ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။ အဆိုပါလက်ဖက်ခြောက် မိတ်ဆက်ပွဲကို ဩဂုတ် ၅ ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်မက်စ်တွင် ကျင်းပခဲ့သည်။

Twinings လက်ဖက်ခြောက်လုပ်ငန်း၏ ၁၀ ဆက်မြောက်မျိုးဆက် ဖြစ်သည့် စတီဖင်တွင်းနင်းသည် ၎င်း၏ မိသားစုလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်နီးပါးရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် လက်ဖက်ရည်ကြမ်းသောက်သုံးသူဦးရေ များစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အလျင်အမြန်ဖွံ့ဖြိုးကြီးထွားလာသည့် စားသုံးသူဈေးကွက်များအနက် တစ်ခုဖြစ်သည်ဟု ဆိုသည်။



"လက်ဖက်ကို မြန်မာနိုင်ငံမှာ အတော်လေး ကြိုက်နှစ်သက်ကြတဲ့အတွက် Twinings အနေနဲ့ မြန်မာနိုင်ငံကို ရောက်ရှိလာတာဟာ အလွန်ပဲ အဓိပ္ပာယ်ရှိပါတယ်။ မြန်မာတို့ရဲ့ သူမတူတဲ့ ယဉ်ကျေးမှုဓလေ့စရိုက်နဲ့ ကျွန်တော်တို့ ဝေမျှပေးမယ့်လက်ဖက်အပေါ် စိတ်ထက်သန်ပြင်းပြမှုကိုပေါင်းစပ်ခံစားရတာ ကျွန်တော့်အနေနဲ့ များစွာဝမ်းမြောက်မိပါတယ်။Twinings က ကောင်းမွန်ပြည့်စုံမှုမရှိတဲ့ ကုန်ပစ္စည်းတွေကို ဘယ်တော့မှ လက်မခံပါဘူး။ ၁၇၀၆ခုနှစ်ကတည်းက Twinings ဟာ အကောင်းဆုံးဆိုတဲ့လက်ဖက်ခြောက်တွေကို ထုတ်လုပ်ပြီး အားလုံးသောက်သုံးနိုင်တဲ့ အနေအထားတစ်ခုဖြစ်ဖို့ အစဉ်တစ်စိုက် လုပ်ဆောင်ခဲ့ပါတယ်။ ယခုအချိန်အခါမှာတော့ Twinings လက်ဖက်ခြောက်ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၁၆နိုင်ငံမှာ သောက်သုံးနေကြပါပြီ"ဟု စတီဖင်တွင်းနင်းက ပြောကြားခဲ့သည်။

Twinings မှ ရောစပ်သော လက်ဖက်ခြောက်နှင့် အရသာပိုကဲထားသော အကြမ်းခြောက် အမျိုးအစားပေါင်း ၆၀၀ ကျော်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင်ဝယ်ယူရရှိနိုင်သည့် Twinings ၏ လူကြိုက်အများဆုံးနှင့် အကျော်ကြားဆုံးသော လက်ဖက်ခြောက်များမှာ Earl Grey, English Breakfast, Jasmine Green Tea, Pure Camomile နှင့် Pure Peppermint တို့ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# မြန်မာနိုင်ငံတွင်အွန်လိုင်းမှတစ်ဆင့် ချိတ်ဆက်ပြီးခရီးသွားလာသူ များပြားလာ ၂၀၁၆ ခုနှစ် ပထမခြောက်လအတွင်း Jovago မှတစ်ဆင့် ဟိုတယ်အခန်းငှားရမ်းသူများ၏ ထက်ဝက်ခန့်မှာ ပြည်တွင်းခရီးသွားများဖြစ်နေ

မြန်မာနိုင်ငံတွင် အွန်လိုင်းမှတစ်ဆင့်ချိတ်ဆက်ပြီး ခရီးသွားလာသူ များပြားလျက်ရှိနေပြီး ခရီးသွားရန်ကြိုတင်လက်မှတ်ဝယ်ယူခြင်းအတွက် online ဝန်ဆောင်မှုကို အသုံးပြုလျက်ရှိရာ ယခင်ကထက် ပိုမိုများပြားလျက်ရှိနေကြောင်း၊ အွန်လိုင်းမှတစ်ဆင့်ဟိုတယ် အခန်းငှားရမ်းသူများ၏ ထက်ဝက်ခန့်မှာ ပြည်တွင်းခရီးသွားများဖြစ်နေကြောင်း Jovago မှ Managing Director Mr.Hugo Schleicher က သုံးသပ်ပြောကြားသည်။

ပြင်သစ်အခြေစိုက် အွန်လိုင်း ဟိုတယ်အခန်းငှားဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် Jovago သည် မြန်မာနိုင်ငံရှိ ခရီးသွားများအနေဖြင့် ခရီးသွားလာရာတွင် အွန်လိုင်းကို အသုံးပြုပြီး ပိုမိုလွယ်ကူ၍အချိန်ကုန်သက်သာသော ဝန်ဆောင်မှုများကိုရရှိစေရန်ရည်ရွယ်ပြီး လုပ်ငန်းစတင်ခဲ့ခြင်းဖြစ်သည်။ Jovago စတင်ခဲ့သည့် ၂၀၁၅ဒီဇင်ဘာမှ လက်ရှိအချိန်အထိ Jovago တွင် အွန်လိုင်းမှတစ်ဆင့် ဟိုတယ်အခန်းငှားရမ်းကြသူများမှာ အပတ်စဉ်တိုးလာပြီး ၂၀၁၆ ခုနှစ်၏ပထမခြောက်လအတွင်း Jovago မှတစ်ဆင့် အွန်လိုင်းအသုံးပြုပြီး အခန်းငှားရမ်းသူများ၏ ၅၀ ရာခိုင်နှုန်းမှာ ပြည်တွင်းခရီးသွားများဖြစ်နေကြောင်း သိရသည်။

"Jovago application ကနေတစ်ဆင့် အခန်းငှားတဲ့သူတွေ တဖြည်းဖြည်း တိုးလာပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် မြန်မာနိုင်ငံမှာ နည်းပညာတွေကို အသုံးပြုပြီးခရီးသွားလာခြင်းကို လုပ်ဆောင်လာတာ အရင်ကထက်တိုးလာတယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဘွတ်ကင်လုပ်တဲ့ခရီးသည်တွေရဲ့ ၅၀ ရာခိုင်နှုန်းဟာ ပြည်တွင်းခရီးသွားတွေဖြစ်နေတာကို တွေ့ရပါတယ်။ နောက်လာမယ့်လတွေမှာ ၈၀ ရာခိုင်နှုန်းအထိ တိုးလာဖို့ ကျွန်တော်တို့ ကြိုးပမ်းနေပါတယ်" ဟု Jovago မှ Managing Director Mr.Hugo Schleicher က ပြောကြားသည်။

နိုင်ငံတကာတွင် အွန်လိုင်းမှတစ်ဆင့် ဟိုတယ်အခန်းငှားရမ်းခြင်းလုပ်ငန်းများမှာ လွန်ခဲ့သည့်နှစ်များကတည်းကတွင်ကျယ်ခဲ့သော်လည်း မြန်မာအာရှပစိဖိတ်ဒေသများတွင်မူ ယခုနောက်ပိုင်းမှသာ ပိုမိုတွင်ကျယ်လာကြောင်း၊ ဥရောပနိုင်ငံများတွင် အွန်လိုင်းမှဟိုတယ်အခန်းငှားရမ်းမှုမှာ ၅၀ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံအပါအဝင် အာရှပစိဖိတ်ဒေသများတွင် အွန်လိုင်းမှတစ်ဆင့် ဟိုတယ်အခန်း ငှားရမ်းခြင်းမှာ ၃၅ရာခိုင်နှုန်းရှိကြောင်း၊ Jovago အနေဖြင့်လည်း မြန်မာနိုင်ငံတွင်လည်း အွန်လိုင်းမှတစ်ဆင့်ဘွတ်ကင်တင်ခြင်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်စေရန်နှင့် အွန်လိုင်းစနစ်ကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

Jovago သည်အခန်းဟိုတယ်ငှားရမ်းရာတွင် ကြိုတင်ငွေပေးချေသည့်စနစ်နှင့် ဟိုတယ်ရောက်မှ ပေးချေသည့်စနစ်ဟူ၍ နှစ်မျိုးရှိသည့်အတွက် ခရီးသွားများအနေဖြင့် မိမိနှစ်သက်ရာအစီအစဉ်ကို ရွေးချယ်အသုံးပြုနိုင်မည်ဖြစ်သည်။ မိမိခရီးစဉ်အတွင်း ခရီးသွားဝန်ဆောင်မှုများနှင့်ပတ်သက်၍အခက်အခဲတစ်စုံတစ်ရာရှိခဲ့ပါက Jovago ၏ customer service သို့ အချိန်မရွေး ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မယ်သီတာ**



# မြန်မာနိုင်ငံတွင် Rolls-Royce ကားဆားဗစ်စင်တာ ဖွင့်လှစ်မည်

Rolls-Royce Motors သည် မြန်မာနိုင်ငံတွင် ကားအရောင်းစင်တာ ဖွင့်လှစ်ထားသည့် Prestige Automobiles Co., Ltd. အား မြန်မာနိုင်ငံ၏ တရားဝင် Rolls-Royce ဝန်ဆောင်မှုကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် Roll-Royce ကားများကို ပိုင်ဆိုင်ထားသည့် ကားပိုင်ရှင်များအနေဖြင့် မိမိတို့၏အဖိုးတန် ရိုးလ်ရွိုက်စ်ကားများကို အကောင်းဆုံးပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်နိုင်ရန် ၃၆၀ ဒီဂရီပြည့်စုံသော စစ်ဆေးမှုများကို ပြုလုပ်နိုင်ပြီဖြစ်သည်။

အဆိုပါ ကားဆားဗစ်စင်တာတွင် ရိုးလ်ရွိုက်စ်ကားကုမ္ပဏီမှ စနစ်တကျသင်ကြားပေးထားသော အရည်အချင်း ပြည့်ဝသည့် ပညာရှင်များက အဆင့်မြင့်ရိုးလ်ရွိုက်စ်ကားများကို ပြုပြင်ထိန်းသိမ်းမှုအတွက် နည်းပညာနှင့် အရည်အသွေးကောင်းမွန်သော ပစ္စည်းကိရိယာများ၊ Diagonstics စက်ကိရိယာ အပြည့်အစုံများဖြင့် ရိုးလ်ရွိုက်စ်ကား၏ မော်ဒယ်များဖြစ်သည့် Phantom, Ghost, Wraith နှင့် Dawn အစရှိ သည့်မော်ဒယ်များအားလုံးကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး အပိုပစ္စည်းအစုံအလင်ကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ရိုးလ်ရွိုက်စ်မော်တော်ကားပိုင်ရှင်တွေအတွက် ထိုက်တန်တဲ့ဝန်ဆောင်မှုအဆင့်အတန်းကို အပြည့်အဝ ပေးစွမ်းပေးနိုင်မယ့် တရားဝင်ကိုယ်စားလှယ်ကို တွေ့ရှိခဲ့ရတဲ့အတွက် ကျေနပ်မိပါတယ်။ ဒီနိုင်ငံမှာရှိတဲ့ ရိုးလ်ရွိုက်စ်ကားတော်တော်များများဟာ သင့်တော်တဲ့ After Sale Service ဝန်ဆောင်မှုကို မရရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တရားဝင်ရောက်ရှိလာတဲ့အခါမှာ ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့အတူ ရိုးလ်ရွိုက်စ်ရဲ့ အစစ်အမှန် အပိုပစ္စည်းများနဲ့သာ ပြုပြင်ထိန်းသိမ်းမှာဖြစ်တဲ့အတွက် ဒီကားတွေကို လမ်းပေါ်မှာ စိတ်ချယုံကြည်စွာ မောင်းနှင်နိုင်ရုံသာမက ပိုမိုကောင်းမွန်တဲ့အလုပ်အကိုင်အခွင့်အလမ်းကိုပါ ရရှိစေမှာ သေချာပါတယ်"ဟု ရိုးလ်ရွိုက်စ်မော်တော်ကား၏ Asia Pacific Regional ၏ ဒါရိုက်တာပေါလ်ဟာရစ်စ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ရိုးလ်ရွိုက်စ်ကားပိုင်ရှင်ပေါင်း ၁၀၀ ခန့်ရှိနိုင်ကြောင်း Prestige Automobile ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးချမ်းမြက ပြောကြားခဲ့သည်။ အဆိုပါ ရိုးလ်ရွိုက်စ်ကားကုမ္ပဏီ၏ ဆားဗစ်စင်တာကို ရန်ကုန်မြို့၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်ရှိ Prestige Automobile တွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**မယ်သီတာ**

## Shunji Matsuo ဆံပင်ညှပ်ဆိုင် စတင်ဖွင့်လှစ်

ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ဂျပန်နိုင်ငံမှ နာမည်ကျော်ကြား လူသိများသည့် Shunji Matsuo ဆံပင်ညှပ်ဆိုင်ကို ဩဂုတ် ၁ ရက်မှစတင်ကာဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ဆိုင်ဖွင့်ပွဲအခမ်းအနားနှင့်အတူ ဆံကေသာဖက်ရှင်ပြပွဲကိုပါ ထည့်သွင်းပြသခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် အဆိုပါ ဆံပင်ညှပ်ဆိုင်၏ပိုင်ရှင်ဖြစ်သူ Mr.Matsuo က "လူတိုင်း ကောင်းမွန်တဲ့ဆံကေသာကို ပိုင်ဆိုင်သင့်တယ်လို့ ကျွန်တော်တို့ယုံကြည်တဲ့အတွက်ကြောင့် ကောင်းမွန်တဲ့ဝန်ဆောင်မှုတွေနဲ့ နည်းပညာတွေကို သင့်လျော်တဲ့ဈေးနှုန်းတွေနဲ့ လူတစ်ယောက်ကို အကောင်းဆုံး ပုံစံတစ်ခုအထိ ရောက်ရှိလာအောင် ပြောင်းလဲပေးဖို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

Shunji Matsuo ဆံပင်ညှပ်ဆိုင်သည် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဆိုင်ခွဲပေါင်း ၁၅ ခုဖွင့်လှစ်ထားရှိသည်။ အဆိုပါဆိုင်ခွဲပေါင်း ၁၅ ခုတွင် နိုင်ငံပေါင်း ၈၀ ကျော်မှ လိုင်စင်ရဆံကေသာပညာရှင်များက စီမံအုပ်ချုပ်လျက်ရှိကြောင်းသိရသည်။

ဆံပင်ညှပ်ခြင်း၊ ခေါင်းလျှော်ခြင်း၊ ဆံပင်ကောက်ခြင်း၊ ဆံပင်ဖြောင့်ခြင်း၊ ဆံပင်ဆေးဆိုးခြင်း၊ ဟိုက်လိုက်ဖောက်ခြင်းနှင့် ဆံပင်ပေါင်းတင်ခြင်းတို့ကို Shunji Matsuo ဆံပင်ညှပ်ဆိုင်တွင် ပြုလုပ်ပေးလျက်ရှိပြီး ဆံပင်ဆေးဆိုးခြင်း၊ ဆံပင်ကောက်ခြင်း၊ ဆံပင်ဖြောင့်ခြင်းနှင့် ဆံပင်ပေါင်းတင်ခြင်းတို့အတွက် အသိအမှတ်ပြုထားသည့် နာနိုနည်းပညာနှင့်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

# ရွှေ့ပြောင်းလုပ်သားဆိုင်ရာ မူဘောင်ကို မလေးရှားနိုင်ငံက အတည်မပြုသေး

ရွှေ့ပြောင်းလုပ်သားဆိုင်ရာ မူဘောင်ကို အပြည့်အဝ အတည်ပြုလက်မှတ်ရေးထိုးခြင်း မပြုရသေးတဲ့ အာဆီယံနိုင်ငံများထဲမှာ မလေးရှားနိုင်ငံလည်းပါဝင်တယ်လို့ ကျွမ်းကျင်သူတွေကပြောကြောင်း ဆန်းဒေးလီးသတင်းမှာ ဖော်ပြပါတယ်။

၂၀၀၇ ခုနှစ် ရွှေ့ပြောင်းလုပ်သားများရဲ့ ရပိုင်ခွင့် ကာကွယ်ရေးဆိုင်ရာ ကြေညာချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြု လက်မှတ်ရေးထိုးခဲ့တာ ကိုးနှစ်ရှိပြီဖြစ်ပါတယ်။ ဥပဒေကြောင်းအရ တာဝန်အပြည့်အဝရှိတဲ့ လက်နက်ကိရိယာတစ်ခုအဖြစ် မူဘောင်တစ်ခုကို အာဆီယံဒေသက ရေးဆွဲနိုင်ဖို့အတွက် အဖွဲ့ဝင်အားလုံးက ဒီမူဘောင်ကို သဘောတူ လက်ခံဖို့လိုကြောင်း မလေးရှား ရှေ့နေကောင်စီရဲ့ ရွှေ့ပြောင်းဒုက္ခသည်များနဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒါတွတ်အမ်ရာမာချယ်လ်ဗမ်က ပြောပါတယ်။

"အာဆီယံ အဖွဲ့ဝင်နိုင်ငံအများစုက လက်မှတ်ရေးထိုးပြီးပါပြီ။ ဒါပေမယ့် အာဆီယံက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တညီတညွတ်တည်း သဘောတူညီချက်အရ ဆောင်ရွက်ရတာဖြစ်လို့ ခုချိန်ထိမူဘောင်ကို မရေးဆွဲနိုင်သေးတာဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရွှေ့ပြောင်းလုပ်သားများနဲ့ သူတို့မိသားစုတွေရဲ့ ရပိုင်ခွင့်တွေနဲ့ လူမှုဖူလုံရေးတွေ တိုးတက်ကောင်းမွန်လာအောင် အကာအကွယ်ပေးဖို့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွေမှာလည်း လက်မှတ်ရေးထိုးဖို့ လိုအပ်ပါတယ်"လို့ ဇူလိုင် ၃၀ ရက်က ကျင်းပတဲ့ သတင်းစာရှင်း လင်းပွဲမှာ ပြောပါတယ်။

အာဆီယံ ရှေ့နေများအသင်းက ကွာလာလမ်ပူမြို့မှာ အာဆီယံဒေသတွင်းရှိ ရွှေ့ပြောင်းလုပ်သားများနဲ့ မိသားစုဝင်များ ရပိုင်ခွင့်များ တိုးမြှင့်ရေးနဲ့ ကာကွယ်ရေးဆိုင်ရာကွန်ဖရင့်ကို နှစ်ရက်ကြာ ကျင်းပခဲ့ပါတယ်။ ကွန်ဖရင့်ကို ရှေ့နေများကောင်စီနဲ့ အာရှဒေသရှိ ရွှေ့ပြောင်းလုပ်သားများ ဖိုရမ်နဲ့ နယ်စည်းမခြားတဲ့ ရှေ့နေများအဖွဲ့က ပူးတွဲကျင်းပခဲ့တာ ဖြစ်ပြီး ကွန်ဗင်းရှင်းမှာ အာဆီယံရှေ့နေကောင်စီရဲ့ ရွှေ့ပြောင်းလုပ်သားဆိုင်ရာ မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းပြီး နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ဖို့ သဘောတူခဲ့ပါတယ်။

မဟာမိတ်အဖွဲ့အနေနဲ့ ပြဿနာများအပေါ်မှာ ထိရောက်တဲ့ဖြေရှင်းမှုတွေရရှိဖို့ ဥပဒေရေးရာကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ဖို့စွမ်းဆောင်ရည်မြှင့်တင်ရေးမှာ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ အဖွဲ့ဝင်နိုင်ငံတွေမှာ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်သွားဖို့ အထောက်အကူပေးသွားမှာ ဖြစ်ပါတယ်။

# ခရီးသွားလုပ်ငန်းမဟာဗျူဟာအသစ်ရေးဆွဲဖို့ အာဆီယံက အတိုင်ပင်ခံအဖွဲ့များခေါ်ယူ

အာဆီယံအဖွဲ့ကခ ရီးသွားလုပ်ငန်းမဟာဗျူဟာသစ် ရေးဆွဲချမှတ်နိုင်ဖို့ အတိုင်ပင်ခံအဖွဲ့များထံမှ လေလံခေါ်ယူလျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၇-၂၀၂၀ပြည့်နှစ် အာဆီယံခရီးသွားလုပ်ငန်းဈေးကွက် ရှာဖွေရေးမဟာဗျူဟာအတွက် အာဆီယံအဖွဲ့က အမေရိကန်ဒေါ်လာ ၃၀၀၀၀ သုံးစွဲဖို့လျာထားပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၁၉ ရက်ထက် နောက်မကျစေဘဲ အဆိုပြုချက်များတင်သွင်းဖို့ ခေါ်ယူထားပါတယ်။ လေလံအောင်သူတွေကို စက်တင်ဘာ ၉ ရက်မှာ ထုတ်ပြန်ပေးပြီး ဈေးကွက်မဟာဗျူဟာကို ၂၀၁၇ ခုနှစ်၊ နှစ်လယ်မှာ အပြီးသတ်ရေးဆွဲဖို့ စီစဉ်ထားရှိပါတယ်။

"ခရီးသွားလုပ်ငန်း ဈေးကွက်ရှာဖွေရေး အစီအစဉ်တွေကို ရေးဆွဲရာမှာ နာမည်ကောင်းရထားပြီး အတွေ့အကြုံမြင့်မားတဲ့ အတိုင်ပင်ခံအဖွဲ့တွေကို အာဆီယံက ရှာဖွေနေပါတယ်။ အတိုင်ပင်ခံအဖွဲ့တွေက ယဉ်ကျေးမှု ပေါင်းစုံနဲ့ပတ်သက်တဲ့ မူဝါဒတွေချမှတ်နိုင်တဲ့ အတွေ့အကြုံရှိသူများ၊ မဟာဗျူဟာ



ကျကျ တွေးခေါ်နိုင်သူနဲ့ တီထွင်ဆန်းသစ်မှုရှိတဲ့ ခရီးသွားအစီအစဉ် ချမှတ်နိုင်သူတွေ ဖြစ်ရပါမယ်" လို့ ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်း စီမံအုပ်ချုပ်ရေးအဖွဲ့ ယာယီညွှန်ကြားရေးမှူးချုပ်နဲ့ လေလံခေါ်ယူရေး ပေါင်းစပ် ညှိနှိုင်းရေးမှူး ထရန်ဖူကောင်းက ပြောပါတယ်။ အာဆီယံအဖွဲ့ စတင်တည်ထောင်ခဲ့တဲ့ နှစ် ၅၀ မြောက် အထိမ်းအမှတ်အဖြစ် ၂၀၁၇ ခုနှစ်မှာ"Visit Asean @ 50 Golden Celebration " ဆိုတဲ့ အခမ်းအနားကို ကျင်းပမှာဖြစ်ပါတယ်။ ဒီအတွက်ရည်ရွယ်ပြီး ခရီးသွားလုပ်ငန်းဈေးကွက် ရှာဖွေရေးမဟာဗျူဟာကိုချမှတ်မှာ ဖြစ်ပါတယ်။ ယခုဆောင်ရွက်မှုက ချမှတ်ထားပြီးဖြစ်တဲ့ ၂၀၁၆-၂၀၂၅ ခုအာဆီယံ ခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။

ဈေးကွက် ရှာဖွေရေးစီမံကိန်းမှာ အာဆီယံရဲ့ လက်ရှိဈေးကွက်အနေအထားနဲ့ ဒေသတွင်း ခရီးသွားလုပ်ငန်းအပေါ် ရိုက်ခတ်လာမယ့် အနာဂတ် အလားအလာတွေကို လေ့လာသုံးသပ်ဖို့အတွက် ဈေးကွက်သုတေသန အစီအစဉ် ချမှတ်ရေးကိစ္စတွေလည်း ပါဝင်မှာဖြစ်ပါတယ်။

# လာအိုနိုင်ငံမှာ အာဆီယံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု အစည်းအဝေးကျင်းပ

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ အကြိမ် (၃၀) မြောက် အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှု နယ်မြေကောင်စီ (30th Meeting of the Asean Free Trade Area - AFTA Council ) အစည်းအဝေးကို ဩဂုတ် ၃ ရက်ကကျင်းပခဲ့ကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ စီးပွားရေးဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများက အခွန်လျှော့ချရေးနဲ့ အခွန်ဖယ်ရှားရေးလုပ်ငန်းများမှာ ထူးထူးခြားခြားတိုးတက်မှု ရှိခဲ့တာကို အစည်းအဝေးမှာ ချီးကျူးပြောကြားခဲ့ပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ဘရူနိုင်း၊ အင်ဒိုနီးရှား ၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံတို့နဲ့ သဘောတူညီခဲ့တဲ့ အာဆီယံကုန်ပစ္စည်းကုန်သွယ်မှု သဘောတူညီချက် (Asean Trade in Goods Agreement - ATIG ) အရ သွင်းကုန်ခွန်ရဲ့ ၉၉ ဒသမ ၂ ရာ ခိုင်နှုန်းကို ပယ်ဖျက်ထားပြီးဖြစ်ပါတယ်။ ကျန်လေးနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် (CLMV) နိုင်ငံတွေအတွက် သတ်မှတ်ချက်က ၉၀ ဒသမ ၉ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ယခုချိန်ထိ ခြုံငုံသုံးသပ်မယ်ဆိုရင် အာဆီယံဒေသမှာ အခွန် ၉၆ ဒသမ ၀၁ ရာခိုင်နှုန်းကို ဖယ်ရှားထားပြီး ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ အာဆီယံ ၆၊ CLMV နဲ့ အာဆီယံဒေသတစ်ခုလုံးအတွက် အသီးသီး ဖယ်ရှားပေးဖို့ ရည်မှန်းထားတာက ၉၉ ဒသမ ၂ ရာခိုင်နှုန်း၊ ၉၇ ဒသမ ၈၁ ရာခိုင်နှုန်းနဲ့ ၉၈ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်ပါတယ်။

ဒေသတွင်းမှာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး တိုးတက်ကောင်းမွန်ဖို့အတွက် နည်းမျိုးစုံနဲ့ ဆောင်ရွက်ဖို့ အစည်းအဝေး တက်ရောက်လာသူတွေက ကတိပြုခဲ့ပါတယ်။ ကိုယ်တိုင် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး (Sef -Certification ) ကုန်ပစ္စည်း သိုလှောင်မှု ၊ ဝန်ဆောင်မှုနဲ့ ကုန်သွယ်ရေးနဲ့ Asean Single Window စတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့လည်း ကတိပြုခဲ့ပါတယ်။

Asean Single Window ကို အကောင်အထည်ဖော်ဖို့အတွက် ယခုနှစ်အတွင်းမှာ အကောင်အထည်ဖော်ရေးယန္တရားကို ရေးဆွဲ ချမှတ်နိုင်အောင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ဆောင်ရွက်ဖို့နဲ့ ဒီလိုဆောင်ရွက်နိုင်ရေးအတွက် Protocol on the Law Framework ကို ပြဋ္ဌာန်းဖို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားပါတယ်။

# အာဆီယံစီးပွားရေး ဝန်ကြီးများနဲ့ မိတ်ဖက်နိုင်ငံများမှ ဝန်ကြီးများ တွေ့ဆုံညှိနှိုင်း

အာဆီယံစီးပွားရေး ဝန်ကြီးများနဲ့ အာဆီယံမိတ်ဖက်နိုင်ငံများမှ ဝန်ကြီးများဟာ ဩဂုတ် ၄ ရက်က လာအိုနိုင်ငံဗီယင်ကျန်းမြို့မှာ (၁၉ ) ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့ရာ မိတ်ဖက်နိုင်ငံများအဖြစ် တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားသမ္မတနိုင်ငံတို့ ပါဝင်ကြောင်း ဗီယက်နမ် နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ညှိနှိုင်းတိုင်ပင်မှု အစည်းအဝေးကို (၄၈) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး (AEM) နဲ့ ဆက်စပ်အစည်းအဝေးက ချမှတ်ခဲ့တဲ့ မူဘောင်အရ ဆောင်ရွက်တာဖြစ်ပြီး အဆိုပါအစည်းအဝေးမှာ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးများက ၂၀၁၅ ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို လွန်စွာအလေးအမြတ်ထားကြောင်း ပြောပါတယ်။

ဒီအဖြစ်အပျက်က အာဆီယံကို ပိုမိုစုစည်း ညီညွတ်တဲ့၊ ချိတ်ဆက်မှုရှိတဲ့၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတဲ့ ဒေသတစ်ခုဖြစ်အောင် အထောက်အကူပေးမှာဖြစ်ကြောင်းနဲ့ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးရေးနဲ့ အာဆီယံအဖွဲ့ကို ကမ္ဘာ့စီးပွားရေးနဲ့ ပေါင်းစည်းနိုင်ရေးအတွက် အထောက်အကူပေးမှာ ဖြစ်ကြောင်း မိတ်ဖက်နိုင်ငံများက ဝန်ကြီးများက ပြောပါတယ်။

ကမ္ဘာ့ စီးပွားရေး နာလန်ထူမှု မတည်ငြိမ်သေးပေမယ့် အာဆီယံအဖွဲ့နဲ့ သုံးနိုင်ငံအကြား ရေရှည်တည်တံ့တဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကို ဖော်ဆောင်နိုင်တဲ့အတွက် ဝမ်းသာကြောင်းလည်း ဝန်ကြီးများက ပြောပါတယ်။ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေနဲ့ မိတ်ဖက်နိုင်ငံတို့ရဲ့ ကုန်သွယ်မှုမှုဝင်ငွေက ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၇၀၆ ဒသမ ၆ ဘီလီယံ ရှိခဲ့ပါတယ်။ အာဆီယံဒေသရဲ့ ကုန်သွယ်မှုဝင်ငွေရဲ့ ၃၁ ရာခိုင်နှုန်းကျော်နဲ့ ညီမျှပါတယ်။ ဒီနှစ်ထဲမှာ အာဆီယံအဖွဲ့အတွက် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံရှိတဲ့အတွက် ဒေသတွင်းကို ရောက်ရှိလာတဲ့ စုစုပေါင်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရဲ့ ၂၆ ရာခိုင်နှုန်း ရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ထိုင်းသုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အမေရိကန် သုတေသီက သတိပေးနှိုးဆော်

လက်ရှိဆောင်ရွက်နေတဲ့ ထိုင်းသုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ဝန်ထမ်းနဲ့ သုတေသနပတ်ဝန်းကျင် အခြေအနေအတိုင်း ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်မယ်ဆိုရင် အောင်မြင်ဖို့အခွင့်အလမ်းနည်းမယ်လို့ အမေရိကန်အခြေပြု သုတေသီတစ်ဦးက ပြောကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

"စတုတ္ထ စက်မှုတော်လှန်ရေးကို ဖော်ဆောင်မယ့် ထိုင်းနိုင်ငံ နည်းပညာအဆင့်မြင့်တင်ရေး အစီအစဉ်ဖြစ်တဲ့ Thailand 4.0"က ဘယ်လောက်ပဲ ကောင်းကောင်း အရင်လူတွေက အရင်နည်းအတိုင်းပဲ သုတေသနနဲ့ ဖွံ့ဖြိုးမှု (Research and Development) အစီအစဉ်တွေကို ဆောင်ရွက်နေမယ်ဆိုရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး"လို့ နယူးဂျာစီ နည်းပညာတက္ကသိုလ်မှ တွဲဖက်ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ မက်သီဝီချာရက်တနာက ပြောပါတယ်။

နိုင်ငံတစ်နိုင်ငံက တီထွင်ဖန်တီးမှု တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာမှာ စိတ်ကူးအကြံအစည်နဲ့ လက်နက်ကိရိယာတွေက အရေးပါတဲ့ အစိတ်အပိုင်းတွေ ဖြစ်တယ်လို့ သူက ပြောပါတယ်။

"အတိုချုပ်အဖြစ် ပြောရရင် ထိုင်း နိုင်ငံနည်းပညာအဆင့် တိုးမြင့်ရေး (Thailand 4.0) အတွက် ဘယ်လိုဆောင်ရွက်မယ်၊ ကျွန်တော်တို့ အပါအဝင် လူတွေက ဘယ်လို ပြန်လည်စဉ်းစားမယ်၊ လက်နက်ကိရိယာတွေ ဘယ်လို ပြန်လည်တပ်ဆင်မယ်ဆိုတဲ့ အချက်တွေကို ကျွန်တော်တို့ ဆွေးနွေးဖို့လိုပါတယ်"လို့ အမေရိကန်နဲ့ ကနေဒါရှိ ထိုင်းအတတ်ပညာရှင်များအသင်း ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌလည်းဖြစ်သူ မက်သီက ပြောပါတယ်။

မက်သီက ပညာရေး ဒုတိယဝန်ကြီးနဲ့လည်းတွေ့ဖို့ အစီအစဉ်ရှိပြီး အစိုးရက ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်ရာမှာ သုတေသနနဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေကို ဦးတည်ဆောင်ရွက်ဖို့ အကြံပေးမှာဖြစ်ပါတယ်။ အမေရိကန်နဲ့ ကနေဒါရှိ ထိုင်းအတတ်ပညာရှင်များအသင်းက ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ ကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ ကွန်ဖရင့်တွေမှာ ပါဝင်ဆွေးနွေးဖို့ အမေရိကန် ပြည်ထောင်စုရှိ သူ့အဖွဲ့ကို ခေါ်ဆောင်လာမှာဖြစ်ပါတယ်။

အစိုးရကိုတင်ပြမယ့်သူ့ရဲ့ အဆိုပြုချက်တွေထဲမှာ နိုင်ငံအတွင်းရှိ သုတေသန ဗဟိုဌာနတွေ ပိုမိုထိရောက်အောင်ဆောင်ရွက်ဖို့ အဆိုပြုချက်တွေ ပါဝင်ပါတယ်။ သူတို့လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ နိုင်ငံရဲ့ အနာဂတ် အောင်မြင်မှုအတွက် နည်းပညာနဲ့ သုတေသန နယ်ပယ်တွေကို အလေးပေးဆောင်ရွက်ဖို့ သူက အကြံပြုပါတယ်။



# ဗီယက်နမ်နိုင်ငံတွင် ပထမခုနစ်လအတွင်း လုပ်ငန်းသစ် တည်ထောင်မှု မြင့်တက်

ယခုနှစ် ပထမ ခုနစ်လအတွင်း ဗီယက်နမ်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းပေါင်း ၆၄၀၀၀ တည်ထောင်ခဲ့ရာ စုစုပေါင်း မှတ်ပုံတင် ရင်းနှီးမြုပ်နှံမှု ပမာဏ ဗီယက်နမ်ဒေါင် ၄၉၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၃၆ ဘီလီယံ) ရှိတယ်လို့ အထွေထွေစာရင်းရုံးက ထုတ်ပြန်ကြောင်း ဗီယက်နမ် နယူးစ်သတင်းမှာ ဖော်ပြပါတယ်။ လုပ်ငန်းသစ်တွေရဲ့ နှစ်အလိုက် တိုးတက်မှုနှုန်းက အရေအတွက်အားဖြင့် ၂၃ ဒသမ ၃ ရာခိုင်နှုန်းနဲ့ မတည်ရင်းနှီးငွေအရ ၅၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြပါတယ်။

အခက်အခဲအမျိုးမျိုးကြောင့် လုပ်ငန်းရပ်ဆိုင်းထားခဲ့သော လုပ်ငန်း ၁၆၇၀၀ ကလည်း လုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နေပြီဖြစ်တဲ့အတွက် ယခင်နှစ် ကာလတူနဲ့နှိုင်းယှဉ်ရင် ၆၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာတာတွေ့ရပါတယ်။ ဇူလိုင်တစ်လတည်းမှာ လုပ်ငန်းသစ်အရေအတွက်က ၉၆၀၀ ရှိပြီး မတည်ရင်းနှီးငွေပမာဏက ဗီယက်နမ်ဒေါင် ၆၉ ဒသမ ၂ ထရီလီယံရှိပါတယ်။ ဇွန်နဲ့နှိုင်းယှဉ်ရင်တော့ အနည်းငယ်ကျဆင်းခဲ့ပါတယ်။ လုပ်ငန်းသစ်တွေရဲ့ အလုပ်အကိုင်ဖန်တီးမှုက ၉၉၂၀၀ ရှိပါတယ်။ ဇူလိုင်လအတွင်း လုပ်ငန်းတွေ ပြန်လည်စတင်လုပ်ကိုင်မှုက ၁၈၀၀ ရှိပြီး လုပ်ငန်းယာယီရပ်ဆိုင်းတဲ့လုပ်ငန်းက ၆၀၀၀ နဲ့ လုံးဝဖျက်သိမ်းပြီးဖြစ်တဲ့ အရေအတွက်က ၉၀၀ ရှိပါတယ်။

ဗီယက်နမ် စီးပွားရေးလုပ်ငန်းတွေက အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးမြှင့်အောင် ဆောင်ရွက်ဖို့က လွယ်ကူမှာမဟုတ်ဘူးလို့ စီးပွားရေး စီမံခန့်ခွဲမှုဗဟိုအဖွဲ့ ညွှန်ကြားရေးမှူး ငုယင်ဒင်ကန်းက ပြောပါတယ်။

အသေးစား စီးပွားရေးလုပ်ငန်းတွေဖြစ်လို့ နည်းပညာနောက်ကျမှု၊ ကျွမ်းကျင်လုပ်သားအကန့်အသတ်ရှိမှုနဲ့ ရေရှည်စီးပွားရေး မဟာဗျူဟာချမှတ်ခြင်းမရှိမှုတို့ကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်နေရကြောင်းလည်း သူကပြောပါတယ်။ ဗီယက်နမ် ဒေါင် ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံနိုင်တဲ့ စီးပွားရေးလုပ်ငန်းများအနေနဲ့ အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေးမှာ ပါဝင်နိုင်ဖို့ အခက်အခဲရှိနိုင်ပါတယ်။



# ဖိလစ်ပိုင် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးကုမ္ပဏီများက သမ္မတဒူတာတေး ထုတ်ပြန်မယ့် မူဝါဒများကို စောင့်ဆိုင်းနေ

ဖိလစ်ပိုင်နိုင်ငံရှိ အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးကုမ္ပဏီကြီးများက မိမိသဘောအလျောက် လုပ်ငန်းဆိုင်ရာ ကြိုတင်အဆိုပြုချက် (Unsolicited Proposal) ကို မတင်သွင်းသေးဘဲ အစိုးရက ထုတ်ပြန်အတည်ပြုမယ့် မူဝါဒများကို စောင့်ဆိုင်းနေကြကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

အဆိုပါ ကုမ္ပဏီတွေထဲမှာ ပီဆိုဘီလီယံပေါင်းများစွာ အသုံးပြုပြီး လုပ်ငန်းဆောင်ရွက်နေကြတဲ့ Aboitiz Equity Venture -AEV ၊ SM Prime Holding နဲ့ DMCI Holding အစရှိတဲ့ ကုမ္ပဏီတွေပါဝင်ပါတယ်။ လက်ရှိအစိုးရက အတည်ပြုပြဋ္ဌာန်းပေးတော့မယ့် မူဝါဒအလားအလာများကို ကုမ္ပဏီကြီးများ ချိန်ဆလျက်ရှိနေပါတယ်။

"စီးပွားရေးလုပ်ငန်းအားလုံးက သူတို့နဲ့သက်ဆိုင်တဲ့ မူဝါဒအမျိုးမျိုးကိုကောင်းကောင်း နားလည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ မူဝါဒဦးတည်ချက်နဲ့ ဦးစားပေးအခြေအနေတွေကို နားလည်အောင် လူတိုင်းက ကြိုးစားနေပါတယ်" လို့ AEV ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ ဒုတိယဥက္ကဋ္ဌက စတားသတင်းဌာနကို ပြောပါတယ်။

လောလောဆယ်မှာ ဦးစားပေးနယ်ပယ်တွေကို နားလည်အောင် ကြိုးစားနေကြောင်းနဲ့ အဓိကကတော့ ပထမရက် ၁၀၀ အတွင်း ချမှတ်သွားမယ့် မူဝါဒတွေကို စောင့်ဆိုင်းနေကြောင်း သူကပြောပါတယ်။

ဒူတာတေးအစိုးရရဲ့ ချမှတ်မယ့်မူဝါဒတွေကို ပြတ်ပြတ်သားသား သိရအောင် စောင့်ဆိုင်းနေကြောင်း SM Prime ကုမ္ပဏီ ဥက္ကဋ္ဌ ဟန့်စ်ဆိုင်းက ပြောပါတယ်။

DMCI ဥက္ကဋ္ဌ အိုဆီဒရိုကွန်ဆွန်ဂျီကလည်း အလားတူအမြင်ရှိပြီး အစိုးရဘက်မှ သဘောထားကို မသိရပါက မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်ရန်ခက်ခဲကြောင်း သူကပြောပါတယ်။

# စားအုန်းဆီထုတ်ကုန်များကို ကုန်သွယ်ရာမှာ အခွန်မဟုတ်တဲ့ အတားအဆီးများအတွက် စိုးရိမ်စရာဖြစ်

စားအုန်းဆီ အဓိက တင်သွင်းတဲ့ နိုင်ငံတွေမှာ အခွန်မဟုတ်တဲ့ အတားအဆီးတွေ ကြီးထွားနေတဲ့အတွက် စိုးရိမ်မိတယ်လို့ မလေးရှားနဲ့ အင်ဒိုနီးရှားဝန်ကြီးများက ဩဂုတ် ၁ ရက်က ဂျကာတာမြို့မှာကျင်းပတဲ့ နှစ်နိုင်ငံအပြန်အလှန်ဆွေးနွေးပွဲမှာ ပြောကြောင်း ဘနားမားသတင်းမှာ ဖော်ပြပါတယ်။

ဖော်ပြပါ အတားအဆီးတွေထဲမှာပါဝင်တဲ့ အချက်တွေအနက် အစားအစာများမှာ "စားအုန်းဆီမပါ" (No-Palm Oil) ဆိုတဲ့ စာတမ်းထည့်သွင်းပေးရခြင်းနဲ့ စားအုန်းဆီ ထုတ်ကုန်တွေပေါ်မှာ သွင်းကုန်ခွန်တိုးမြှင့်ကောက် ဖို့ အဆိုပြုချက် တင်သွင်းခြင်းစတဲ့အချက်တွေ ပါဝင်ကြောင်း အင်ဒိုနီးရှား ရေကြောင်းသွားလာရေးရာဝန်ကြီး လူဟပ်ပန်ဂျေတန်နဲ့ မလေးရှားဆီအုန်းခြံလုပ်ငန်းနဲ့ကုန်သွယ်ရေးဝန်ကြီး ဒါတွတ်ဆယ်ရီမာဆူကောင်ဟိုက ပြောပါတယ်။

ဥရောပသို့ ဝန်ကြီးအဆင့် ကိုယ်စားလှယ်အဖွဲ့စေလွှတ်ရေး အပါအဝင် ပြဿနာများကို ထိန်းချုပ်ရေး အစီအမံများကို စားအုန်းဆီထုတ်လုပ်တဲ့ နိုင်ငံများ ကောင်စီက ဦးဆောင်ပြီး အစီအမံတွေချမှတ်ဖို့ ဝန်ကြီးနှစ်ဦးစလုံး သဘောတူကြောင်း အစည်းအဝေးအပြီးထုတ်ပြန်တဲ့ မလေးရှားဆီအုန်းခြံလုပ်ငန်းနဲ့ ကုန်စည်ရေးရာဝန်ကြီးဌာနရဲ့ ကြေညာချက်မှာ ဖော်ပြပါတယ်။ နှစ်နိုင်ငံစလုံးက အဓိက ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တဲ့ နိုင်ငံတွေဖြစ်ပြီး နှစ်နိုင်ငံ ထုတ်လုပ်မှုက ကမ္ဘာ့စုစုပေါင်း ထုတ်လုပ်မှုရဲ့ ၈၅ ရာခိုင်နှုန်း ရှိပါတယ်။ ပြည်ပတင်ပို့မှုမှာ ကမ္ဘာ့စုစုပေါင်း တင်ပို့မှုရဲ့ ၉၁ ဒသမ ၂ ရာခိုင်နှုန်း ရှိပါတယ်။

စားအုန်းဆီ ထုတ်လုပ်တဲ့ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖို့နဲ့ စားအုန်းဆီနဲ့ ဆက်နွယ်နေတဲ့ ပြဿနာတွေကို ထိန်းချုပ်ဖို့အတွက် စားအုန်းဆီ ထုတ်လုပ်တဲ့ နိုင်ငံများကောင်စီကို ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောပါတယ်။ ဩဂုတ် ၁ရက်ကစပြီး ကောင်စီ ပထမအမှုဆောင် ဒါရိုက်တာအဖြစ် ဆောင်ရွက်ဖို့ အင်ဒိုနီးရှားနိုင်ငံမှ ဆန်နီဝပ်ချ်ဂျူဒီအား ခန့်အပ်ခြင်းကို နှစ်နိုင်ငံစလုံးက သဘောတူခဲ့ပါတယ်။

ဘာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ဒေသတွင်း စတော့ဈေးကွက်များမြင့်တက်လာသောကြောင့် လည်းကောင်း၊ အင်္ဂလန်ဘဏ်က ရည်ညွှန်းအတိုးနှုန်းကို လျှော့ချလိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတို့က ယုံကြည်ထားတဲ့အတွက်ကြောင့် လည်းကောင်း၊ ဩဂုတ် ၄ ရက် နံနက်က အာရှငွေကြေးအများစု တန်ဖိုးမြင့်တက်ခဲ့ကြပါတယ်။

ရေနံစိမ်းဈေးနှုန်းတွေ ယာယီမြင့်တက်လာပြီးနောက်ပိုင်း မလေးရှားရင်းဂစ်တန်ဖိုးလည်း မြင့်တက်လာခဲ့ပါတယ်။ ရေနံဈေးနှုန်း မြင့်တက်မှုက အာရှနဲ့ အမေရိကန် ပြည်ထောင်စုရဲ့ ရှယ်ယာဈေးများကိုလည်း မြင့်တက်စေခဲ့ပါတယ်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံခွဲထွက်ဖို့ ဆုံးဖြတ်ပြီးနောက်ပိုင်း ဥရောပဗဟိုဘဏ်နဲ့ အင်္ဂလန်ဘဏ်တို့ အပါအဝင် ဗဟိုဘဏ်တွေက ငွေကြေးမူဝါဒတွေကို လျှော့ချမယ်လို့ ရင်းနှီးမြှုပ်နှံသူများက ခန့်မှန်းကြပါတယ်။ ဒီလိုငွေကြေးလှုံ့ဆော်အားပေးမှု အစီအစဉ်တွေကို ဆောင်ရွက်တဲ့အချိန်မှာ ရင်းနှီးမြှုပ်နှံသူတို့က အကျိုးအမြတ်ပိုရှိမယ့်နေရာတွေကို ရှာဖွေလာကြတဲ့အတွက် ထွန်းသစ်စ အာရှနိုင်ငံတွေဘက်ကို ပြည်ပမှ ငွေကြေးတွေ စီးဝင်လာတတ်ပါတယ်။

### တရုတ်ယွမ်

ရက်အလိုက် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာက ဒုတိယနေ့အဖြစ် ပြန်လည်ဦးမော့လာတဲ့ အတွက် ဩဂုတ်လ ၅ ရက်နေ့မှာ တရုတ်ယွမ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဗဟိုဘဏ်က ဝင်ရောက်စွက်ဖက်ပြီး နောက်ပိုင်း ယွမ်တန်ဖိုး တည်ငြိမ်လာပါတယ်။ တရုတ်ဗဟိုဘဏ်က ပျမ်းမျှငွေလဲနှုန်းအဖြစ် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၄၀၆ ယွမ်နှုန်း သတ်မှတ်တဲ့အတွက် ယခင်နေ့ သတ်မှတ်ချက်ဖြစ်တဲ့ တစ်ဒေါ်လာ ၆ ဒသမ ၆၄၄၄ ယွမ်နှုန်းထက် တန်ဖိုး မြင့်တက်ခဲ့ပါတယ်။ Offshore ယွမ်ငွေကြေးရဲ့ ဖလှယ်နှုန်းက Onshore ယွမ်ရဲ့ ဖလှယ်နှုန်းအောက် သုည ဒသမ ၁၁ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆ ဒသမ ၆၅၁၇ ယွမ်နှုန်းရှိခဲ့ပါတယ်။

### အိန္ဒိယရူပီး

ဘဏ်များနဲ့ ပို့ကုန်လုပ်ငန်းရှင်များက ဒေါ်လာကိုရောင်းချမှု များပြားလာတဲ့အတွက် ဩဂုတ် ၅ ရက်က ငွေကြေးဈေးကွက်အတွင်းမှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရူပီးတန်ဖိုးက သုည ဒသမ ၀၄ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၈၇ ရူပီးနှုန်း ရှိခဲ့ပါတယ်။ အိန္ဒိယဈေးကွက်အတွင်းသို့ နိုင်ငံခြားငွေများ ဝင်ရောက်ခြင်း၊ ပင်လယ်ရပ်ခြား ဈေးကွက်မှာ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းခြင်းတို့က ရူပီးတန်ဖိုးမြင့်တက်မှုကို အထောက်အကူဖြစ်ခဲ့ကြောင်း ဝယ်ရောင်းသမားများက ပြောပါတယ်။

### ဂျပန်ယန်း

အမေရိကန်ဒေါ်လာနဲ့ ယန်းငွေကြေးတို့ ဖလှယ်နှုန်းက ဩဂုတ် ၄ ရက်က နယူးယောက်မှာ တစ်ဒေါ်လာကို ၁၀၁ ဒသမ ၂၅ ယန်းနှုန်းမှ တိုကျိုဈေးကွက်မှာ ၁၀၁ ဒသမ ၂၂ ယန်းနှုန်းသို့ ရောက်ရှိကာ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။

ယူရိုငွေကြေးက တစ်ယူရိုကို ၁ ဒသမ ၁၁၄၈ ဒေါ်လာနှုန်းမှ ၁ ဒသမ ၁၁၄၄ ဒေါ်လာနှုန်းသို့ ရောက်ရှိပြီး အပြောင်းအလဲ မရှိသလောက်နီးပါး ရှိခဲ့ပါတယ်။ ယန်းငွေနဲ့ ဖလှယ်ရာမှာတော့ ၁၁၂ ဒသမ ၈၇ ယန်းမှ ၁၁၂ ဒသမ ၈၂ ယန်းနှုန်းထိ ရောက်ရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ရေနံဈေးနှုန်းတွေ မြင့်တက်လာတဲ့အတွက် ဩဂုတ် ၅ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုး မြင့်တက်ကြောင်း၊ ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ရင်းဂစ်တန်ဖိုးက ဩဂုတ် ၄ ရက်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၃၅၅ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ အခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

အင်္ဂလန်ဘဏ်က ငွေကြေးမူဝါဒ လျှော့ချရေး အစီအမံတွေကို ဆောင်ရွက်ပေးပြီးနောက်ပိုင်း တောင်ကိုရီးယားရှိနည်းပညာဆိုင်ရာ ကုမ္ပဏီများရဲ့ ရှယ်ယာတန်ဖိုးတွေ မြင့်တက်ခဲ့ပါတယ်။ ယွမ်ငွေကြေး တန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၁၁၁၀ ဒသမ ၄ ဝမ်နှုန်းရှိခဲ့တဲ့အတွက် ဩဂုတ် ၄ ရက်နေ့ကထက် ၃ ဒသမ ၆ ဝမ် ပိုမိုမြင့်တက်ခဲ့ပါတယ်။

### ထိုင်းဘတ်

ထိုင်းနိုင်ငံအတွင်းသို့ ပြည်ပငွေကြေးများ စီးဝင်မှုကြောင့် ထိုင်းဘတ်ငွေတန်ဖိုးက ၂၀၁၃ ခုနှစ်၊ ဧပြီနောက်ပိုင်း အမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။ ရိုက်တာသတင်းဌာနက ပြုစုထားတဲ့ ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနဲ့ ထိုင်းဘတ်ငွေတို့ရဲ့ ဖလှယ်နှုန်းက ဩဂုတ် ၄ ရက်က ၃၄ ဒသမ ၉၃ ဘတ်နှုန်းရှိခဲ့ရာမှ ဩဂုတ် ၅ ရက်မှာ ၃၄ ဒသမ ၈၈ ဘတ်နှုန်း ရှိခဲ့တဲ့အတွက် ထိုင်းဘတ် တန်ဖိုးက သုည ဒသမ ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဂျပန်နိုင်ငံက စီးပွားရေးလှုံ့ဆော် တွန်းအားပေးအစီအစဉ်ကို ကြေညာ

ဂျပန်နိုင်ငံဝန်ကြီးအဖွဲ့က ပမာဏကြီးမားတဲ့ စီးပွားရေးတွန်းအားပေးစီမံကိန်းတစ်ရပ်ကို ဩဂုတ် ၂ ရက်က ကြေညာခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဝန်ကြီးအဖွဲ့ရဲ့ ကြေညာချက်ထွက်ပေါ်ပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာနဲ့ ယူရိုငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဂျပန်ယန်းငွေတန်ဖိုး အနည်းငယ်မြင့်တက်ခဲ့ပါတယ်။ ဩဂုတ် ၂ ရက် ဂရင်းနစ်စံတော်ချိန် ၂၁ နာရီမှာ အမေရိကန်ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာကို ၁၀၀ ဒသမ ၉၀ ယန်းနှုန်းဖြစ်တဲ့အတွက် ယခင်နေ့က ရှိခဲ့တဲ့ ၁၀၂ ဒသမ ၄၁ ယန်းနှုန်းနဲ့နှိုင်းယှဉ်ရင် တန်ဖိုးကျဆင်းပါတယ်။ ယူရို၊ယန်း ဖလှယ်နှုန်းက တစ်ယူရိုကို ၁၁၄ ဒသမ ၂၉ ယန်းနှုန်းကနေ ၁၁၃ ဒသမ ၂၅ ယန်းနှုန်းသို့ ရောက်ရှိခဲ့ပါတယ်။

ကျဆင်းနေတဲ့ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှု ပြန်လည်မြင့်တက်လာစေဖို့အတွက် ဩဂုတ် ၂ ရက်မှာ ဂျပန်ဝန်ကြီးအဖွဲ့က စီးပွားရေးလှုံ့ဆော်တွန်းအားပေး အစီအစဉ် အဖြစ် အမေရိကန်ဒေါ်လာ ၂၇၃ ဘီလီယံ သုံးစွဲဖို့ပြဋ္ဌာန်းခဲ့ပါတယ်။ ချမှတ်ခဲ့တဲ့ အစီအမံတွေထဲမှာ အခြေခံအဆောက်အအုံ သုံးစွဲမှုနဲ့ မွေးဖွားနှုန်းမြှင့်တင်ရေးအစီအစဉ်များအတွက် ငွေကြေးတိုးမြှင့်သုံးစွဲရေး အစီအစဉ်တွေပါဝင်ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာတော့ ယူရိုရော ဗြိတိသျှ စတာလင်ပေါင်တန်ဖိုးပါ မြင့်တက်ခဲ့ပြီး တစ်ယူရိုကို ယခင်က ၁ ဒသမ ၁၁၆၀ ဒေါ်လာရှိခဲ့ရာမှ ၁ ဒသမ ၁၂၂၄ ဒေါ်လာသို့လည်းကောင်း၊ တစ်ပေါင်ကို အမေရိကန် တစ်ဒေါ်လာ ၁ ဒသမ ၃၁၇၈ မှ ၁ ဒသမ ၃၃၅၄ ဒေါ်လာသို့ လည်းကောင်း ရောက်ရှိခဲ့ပါတယ်။

## အခွန်ပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်းကို အိန္ဒိယ ပါလီမန်အတည်ပြု

အိန္ဒိယအထက် လွှတ်တော် (ပါလီမန်)က အခွန်ပြောင်းလဲရေး ဥပဒေကြမ်းကို ဩဂုတ် ၃ ရက်က အတည် ပြုခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ ဥပဒေကြမ်းကိုအတည်ပြုပေးခြင်းအားဖြင့် အမျိုးသားရောင်းခွန်ဥပဒေသစ်ကို စတင်မိတ်ဆက်ပေးနိုင်တော့မှာဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးမှာ ဘုံဈေးကွက်တစ်ခုကို ပထမအကြိမ်အဖြစ် ထူထောင်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

ဥပဒေမူကြမ်းကို လွှတ်တော်သို့ မတင်ပြမီ ဝန်ကြီးချုပ်နရိန္ဒရာ မိုးဒီအစိုးရအဖွဲ့က ကွန်ဂရက်ပါတီနဲ့ တခြား အတိုက်အခံပါတီဝင်များရဲ့ သဘောတူညီမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွှတ်တော်မှာ နာရီပေါင်း များစွာဆွေးနွေးပြီးနောက် ကုန်စည်နဲ့ ဝန်ဆောင်မှုအခွန် (Goods and Services Tax-GST) ကို လွှတ်တော်ကိုယ်စားလှယ်များက တညီတညွတ်တည်း ထောက်ခံမဲပေးခဲ့ကြပါတယ်။



ဗဟိုနဲ့ ပြည်နယ်အစိုးရတွေက ကျင့်သုံးနေတဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုအခွန်နေရာမှာ GST ကို အစားထိုး ကျင့်သုံးသွားမှာဖြစ်ပြီး ယခုပြောင်းလဲမှုက ၂၀၁၄ ခုနှစ် မေလက အစိုးရတာဝန်ကို လွှဲပြောင်းယူခဲ့ပြီးနောက်ပိုင်း ဘရာတီယာဂျာနာတာပါတီဦးဆောင်တဲ့ အစိုးရရဲ့ အကြီးမားဆုံးပြုပြင်ပြောင်းလဲမှု ဖြစ်ပါတယ်။

ဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းက သမိုင်းဝင် အဖြစ်အပျက်တစ်ခုဖြစ်ပြီး ယခုကဲ့သို့ ထောက်ခံမှုပေးတဲ့အတွက် ပါတီအားလုံးမှ ကိုယ်စားလှယ်များကို ကျေးဇူးတင်ကြောင်း မိုးဒီက ပြောပါတယ်။

GST ဥပဒေမူကြမ်းကို လွန်ခဲ့တဲ့ တစ်နှစ်ကျော်က တည်းက ကွန်ဂရက် ပါတီက အကြိမ်ကြိမ် ကန့်ကွက်ခဲ့ပါတယ်။ ဥပဒေကြမ်းမှာပြင်ဆင်မှု များကို အမျိုးမျိုး ပြုလုပ်ပြီးနောက်ပိုင်း အတည်ပြုခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် GST ဥပဒေကြမ်းကို အတည်ပြုရေးလုပ်ငန်းက မိုးဒီရဲ့ ဝန်ကြီး ချုပ်သက်တမ်းမှာ အပြင်းထန်ဆုံးတိုက်ပွဲတစ်ခု ဖြစ်ခဲ့ပါတယ်။

“ဒီအခွန်ပြုပြင်ပြောင်းလဲရေးက လွတ်လပ်ရေးရပြီးနောက်ပိုင်း အကြီးမားဆုံး ပြုပြင်ပြောင်းလဲမှု ဖြစ်ပါတယ်”လို့ ဘဏ္ဍာရေးဝန်ကြီး အရန်ဂျိတ်တလေက ဩဂုတ် ၃ ရက်မှာ ထုတ်လွှင့်ခဲ့တဲ့ တယ်လီဗီးရှင်းချန်နယ်မှာပြောပါတယ်။


Power Vigor Co.,Ltd
Generator Sales & Services
(25 KVA to 2000 KVA)
CCTV Camera and DVR (Sales , Service & Installation )
Unique
power
Transformer (Sales & Installation)
Hydraulic Hose & Fitting
POWER VIGOR COMPANY LIMITED
Room(13), Building(8), Kyee Pwar Yay Housing, Thingangyun Tsp, Yangon, Myanmar.
Ph: 09 780 333 380, 09 259 260 501, 09 259 260 502, 09 261 766 123


DRY PROCESS
မြန်မာဆင်
Hi-Tech ဘိလပ်မြေ
PORTLAND CEMENT
EXPORT QUALITY
MANDALAY CEMENT INDUSTRIES
HI-TECH
MYANMAR ELEPHANT
02-72266, 02-61936 09-91001815 09-33040358
DRY PROCESS နည်းစဉ်၏အားသာချက်
၁။ ပတ်ဝန်းကျင်ညစ်ညမ်းမှုအား ရာနှုန်းပြည့်ကာကွယ်နိုင်ခြင်း။
၂။ လောင်စာစွမ်းအား လျော့နည်းစွာဖြင့်ထုတ်လုပ်နိုင်ခြင်း။
၃။ အဆင့်မြင့်အရည်အသွေးကို တသမတ်တည်းထုတ်လုပ်နိုင်ခြင်း။


ကျန်းမာရေးအရ စိတ်ချရခြင်း
ခိုင်ခံ့အကြမ်းခံခြင်း
ရေယိုစိမ့်မှု ကင်းဝေးခြင်း
သယ်ဆောင်စရိတ် သက်သာခြင်း
SUPER TANK
PE WATER STORAGE TANK PE ရေသိုလှောင်ကန်
ISO 9001:2008
Cert No. TH 14/8117
30 YEARS
SUPER TANK
SUPER TANK
SUPER TANK
အမြို့မြို့ အနယ်နယ် ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်
HOT LINE - 652674
AUTHENTIC PRODUCTION COMPANY LIMITED
Quality Products From AUTHENTIC Comply with International Standard


Alexandre Christie
AC 6413MC
MARINE ADVENTURER
Alexandre Christie Concept Store: Level(3) No(351/352) Ocean Mingalar Mandalay. Ph- 09257115949
CHERRY OO : (Ph: 01-373997, 01-381751, 09-451461641) Alexandre Christie Myanmar

COMMERCE INTERNATIONAL

# ဆော်ဒီအာရေးဘီးယားမှာ သောင်တင်နေတဲ့ လုပ်သားများကို အိန္ဒိယနိုင်ငံက ပြန်လည်ခေါ်ယူမည်



ဆော်ဒီအာရေးဘီးယား နိုင်ငံမှာ အလုပ်လုပ်ကိုင်လျက်ရှိကြတဲ့ အိန္ဒိယနိုင်ငံသား အလုပ်သမား အများအပြားဟာ အလုပ်မှထုတ်ပယ်ခံရတဲ့အတွက် စားသောက်ရေးကိစ္စသာမက လေယာဉ်လက်မှတ် ဝယ်ယူဖို့အတွက်ပါ ငွေကြေးအခက်အခဲ ကြုံတွေ့နေရတာကြောင့် ဆော်ဒီအာရေးဘီးယားမှာ သောင်တင်လျက်ရှိပါတယ်။

အဆိုပါ အလုပ်သမားများအား ပြန်လည်ခေါ်ယူနိုင်ရေးအတွက် အိန္ဒိယ Junior Foreign Minister ဗီဂျေးကူမာဆင်းက ဩဂုတ် ၃ ရက်မှာ ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ သွားရောက်ခဲ့ပါတယ်။ ဒီအခက်အခဲများကို အမြန်ဆုံးဖြေရှင်းပေးမှာဖြစ်ကြောင်း ဆော်ဒီအာရေးဘီးယားကလည်း ပြောပါတယ်။

လက်ဘနွန် ဝန်ကြီးချုပ်ဟောင်းဆာအတ်အယ်လ်ဟာရီရီ တည်ထောင်ထားတဲ့ ဆောက်လုပ်ရေးကုမ္ပဏီ ဆော်ဒီအိုဂါကုမ္ပဏီက ဆော်ဒီအာရေးဘီးယားမှာ သောင်တင်နေတဲ့ အိန္ဒိယလုပ်သား ၆၂၀၀ ကို ငှားရမ်းထားတာဖြစ်ပါတယ်။ ငွေကြေးအခက်အခဲနဲ့ ကြုံတွေ့နေရတဲ့အတွက် ဆော်ဒီအိုဂါကုမ္ပဏီဟာ အဲဒီအိန္ဒိယအလုပ်သမား ၆၂၀၀ ကို လစာပေးချေနိုင်ခဲ့ခြင်း မရှိခဲ့တာ ကြာခဲ့ပြီဖြစ်ပါတယ်။

ရေနံဈေးနှုန်းတွေ တစ်ဟုန်ထိုးကျဆင်းမှုကြောင့် ကမ္ဘာ့ထိပ်တန်း ရေနံတင်ပို့နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ဆော်ဒီအာရေးဘီးယားရဲ့ နိုင်ငံတော်ဘတ်ဂျက်သုံးစွဲငွေ ကျဆင်းခဲ့ပါတယ်။ အဲဒါကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ငွေကြေး အကျပ်အတည်းနဲ့ တွေ့ကြုံနေရပြီး တောင်အာရှနဲ့ နိုင်ငံရပ်ခြားမှ နိုင်ငံခြားသား လုပ်သားထောင်ပေါင်းများစွာကို အလုပ်မှရပ်စဲခဲ့ရပါတယ်။

အကျပ်အတည်းနဲ့ ကြုံတွေ့နေရတဲ့ ဆော်ဒီအိုဂါကုမ္ပဏီကို လွှဲပြောင်းယူဖို့ အဆိုပြုချက်ကို ဆော်ဒီအစိုးရက သဘောတူထားပြီးဖြစ်ကြောင်း ဩဂုတ် ၃ ရက်နေ့က ထုတ်ဝေတဲ့ သတင်းစာတစ်စောင်မှာ ဖော်ပြပါတယ်။ စေ့စပ်ညှိနှိုင်းမှုအရ ဆော်ဒီအိုဂါကုမ္ပဏီက တာဝန်ယူရမယ့် ကြွေးမြီနဲ့ ငွေကြေးတာဝန်အားလုံးကို ကုမ္ပဏီကို ဝယ်ယူမယ့်သူက လွှဲပြောင်းတာဝန်ယူရမှာဖြစ်ပါတယ်။

အဆိုပါကိစ္စနဲ့ ပတ်သက်ပြီး ကုမ္ပဏီမှ တစုံတရာ ပြောကြားခြင်းမရှိသလို လွှဲပြောင်းရယူရေး အဆိုပြုချက်နဲ့ ပတ်သက်၍လည်း ဆော်ဒီအစိုးရရဲ့ တာဝန်ရှိသူတို့ကလည်း ဝေဖန်ပြောကြားခြင်း မရှိခဲ့ပါဘူး။

ဉာဏ်တင်-စုစည်းတင်ပြသည်


Kaung Pyae Thar Co., Ltd.




တရုတ်နိုင်ငံထုတ် (Truck) ကားအမျိုးမျိုးရောင်းဝယ်ရေး

အမှတ်(၅၄)၊ အမှတ်(၃)လမ်းမကြီး၊ ဗုလဲ(၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
အမှတ်(၅၈)၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်းမှုတဲ့ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။

၀၉-၄၉၃၂၀၁၃၆၊ ၀၉-၅၀၆၇၅၉၉၊ ၀၉-၄၅၀၀၆၇၇၃၃၊ ၀၉-၄၅၀၀၆၇၇၄၄၊
၀၉-၇၉၅၀၆၇၇၃၃၊ ၀၉-၇၉၅၀၆၇၇၄၄

Email : kaungpyaethartrading@gmail.com. Fax : 01 638234

- အမှတ်(၄၂)၊ စမ်းကြီးရပ်ကွက်၊ (၁၀၄)တပ်ရင်းရှေ့၊ ကျိုက္ခမီလမ်းမကြီး၊ မော်လမြိုင်မြို့ မွန်ပြည်နယ်။
- ကမြောကောင်းလမ်းမကြီး၊ ဝန်ကြီးအိမ်ရာရှေ့ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
- ရှမ်းချောင်းလမ်းမကြီးနှင့် ကြည်ချော့်လမ်း၊ ဝန်ထမ်းရပ်ကွက်၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 8th August 2016

<< JUNE And JULY Sailing Schedule >>

| KOREA/JAPAN / MYANMAR | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI .25 | 1.55 | 1.90 | 2.20 | 3.50 | 21.6.2016 | | | | 20.6.2016 | 19.6.2016 | | | | 30.6.2016 | 4.7.2016 | 18.7.2016 |
| | S/O CUT | | | | 17.6.2016 | | | | 16.6.2016 | 15.6.2016 | | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | 12.7.2016 | 10.7.2016 | | 13.7.2016 | 14.7.2016 | | 8.7.2016 | | 23.7.2016 | 27.7.2016 | |
| | S/O CUT | | | | | 8.7.2016 | 6.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI .26 | 1.55 | 1.90 | 2.20 | 3.50 | 26.7.2016 | | | | 27.7.2016 | 28.7.2016 | | | | 5.8.2016 | 9.8.2016 | |
| | S/O CUT | | | | 22.7.2016 | | | | 23.7.2016 | 24.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | 12.8.2016 | | 10.8.2016 | | 13.8.2016 | 14.8.2016 | | 8.8.2016 | | 24.8.2016 | 27.8.2016 | |
| | S/O CUT | | | | 8.8.2016 | | 6.8.2016 | | 9.8.2016 | 10.8.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), glelld.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
glelld.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shioml Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway El Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ဆိုက်ဆက်ဆောင်ရွက်ပေးနေပါသည်။